# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ တနင်္လာနေ့ အတွဲ (၅၇)၊ အမှတ် (၃၆၄)


## သံသရာ

ကြောင့်ကြစိုးရိမ်မှုရှိသောသူမှာ အိပ်မရသဖြင့် ညတာရှည်လျား၊ ခရီးပန်းသူမှာ တစ်ယူဇနာမျှသောခရီးသည် ရှည်လျား၊ သူတော်ကောင်းတရားကို မသိသော လူမိုက်အဖို့ သံသရာရှည်လျား၊ သံသရာမှ လွတ်မြောက်ကြောင်း လမ်းစကို မတွေ့ရသဖြင့် သံသရာထဲတွင် တဝဲလည်လည်ကျင်လည်၏။ သူတော်ကောင်းတရားသိသော ပညာရှိတို့အဖို့မှာကား သံသရာသည် တိုတောင်း၏။ **ဗာလဝဂ်(ဓမ္မပဒ-၆၀)**

## ဥပဒေဆိုင်ရာ အထောက်အကူပေးရေး

❑ **ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ကို ဖွဲ့စည်းထားပြီး ဆင်းရဲနွမ်းပါးသူများ၊ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ ကူးစက်ရောဂါခံစားနေရသူများ စသည့် အားနည်းချက် အမျိုးမျိုးကြောင့် တရားရင်ဆိုင်နိုင်စွမ်းနည်းပါးသူများကို ဥပဒေပညာဖြင့် ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးနိုင်ရန် ကြိုးပမ်းနေပါသည်။**

(၁၉-၉-၂၀၁၈ ရက်နေ့ ပြည်ထောင်စုလွှတ်တော်တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်မှ ကောက်နုတ်ချက်)

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဆူရ်ဘုန်လေယာဉ်ကွင်းတည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး



**ဖလမ်း စက်တင်ဘာ ၃၀**

နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးရန် ကလေးမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွှယ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးအောင်ထူး၊ ဦးကျော်လင်း၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မော်တော်ယာဉ်များဖြင့် တီးတိန်မြို့နယ် လိုင်တွီးကျေးရွာသို့ ရောက်ရှိကြရာ လိုင်တွီးကျေးရွာ ဒေသခံများက ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ရိဒ်ခေါဒါရ်မြို့သို့ ရောက်ရှိကြပြီး မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စခန်းတာဝန်ခံ ဦးစံဖြိုးဝေနှင့် တာဝန်ရှိသူများက ၂၀၀၃ - ၂၀၀၄ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ အထိ ပို့ကုန်/ သွင်းကုန် ကုန်သွယ်မှုပမာဏနှင့် လုပ်ငန်းဆောင်ရွက်နိုင်မှု၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပို့ကုန်/ သွင်းကုန် ကုန်သွယ်မှု ပမာဏလျာထားချက်၊ အခွန်ကောက်ခံရရှိမှု၊ လုပ်ငန်းများဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ကုန်သွယ်ရေးစခန်းအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် အိန္ဒိယအကူအညီဖြင့် ဖောက်လုပ်မည့် တီးတိန်-ရိဒ်ခေါဒါရ် လမ်းသစ်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး

*စာမျက်နှာ ၃ ကော်လံ ၁* ✤

**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ ဆူရ်ဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်း လုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။**

သတင်းစဉ်




KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# အိမ်နီးချင်းကောင်းများနှင့် မင်္ဂလာရှိသော ခြေလှမ်းများ

အိမ်နီးချင်းကောင်းတို့ဟူသည် အပြန်အလှန်အကျိုးဖြစ်ထွန်းစေ၍ ရေရှည်တည်တံ့စေမည့် ခြေလှမ်းတို့ကိုသာ ဖော်ဆောင်မြဲဖြစ်ပါသည်။ ဤသို့သော ခြေလှမ်းများသည် မင်္ဂလာရှိသောခြေလှမ်းများ ဖြစ်ပါသည်။ တရုတ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မြန်မာနိုင်ငံအပါအဝင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်တွဲလျက် မင်္ဂလာရှိသောခြေလှမ်းတို့ကို ဖော်ဆောင်လိုက်ပြီဖြစ်ပါသည်။ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၇ ရက်နေ့က ကုလသမဂ္ဂဌာနချုပ်၌ တရုတ်နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၊ နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံခြားရေးဝန်ကြီး အဘူဟတ်ဆန် မာမွတ်အလီတို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးခဲ့ပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်ကိုပါ ဖိတ်ကြားခဲ့ပါသည်။

တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိ၏ ရခိုင်ပြည်နယ်အရေးအပေါ် ချဉ်းကပ်ပုံသည် နိုင်ငံတကာအသိုက်အဝန်းက လိုက်နာအတုယူသင့်သော ချဉ်းကပ်ပုံဖြစ်ပါသည်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ရခိုင်ပြည်နယ်အရေး၌ ရှုပ်ထွေးသိမ်မွေ့သော သမိုင်းဖြစ်စဉ်တို့ ပါဝင်ပတ်သက်နေသည်ကို အသိအမှတ်ပြုလက်ခံပြီး ရခိုင်ပြည်နယ်အရေး စနစ်တကျဖြေရှင်းနိုင်ရေးသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံစလုံး၏ ဘုံအကျိုးစီးပွားဖြစ်သည်သာမက ဒေသတစ်ခုလုံး၏ တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုအတွက် ရလဒ်ကောင်းများဖြစ်ထွန်းစေနိုင်သည်ဟု ခံယူထားပါသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် တရုတ်နိုင်ငံ၏ အခြေခံချဉ်းကပ်ပုံကိုသာ လက်ခံကျင့်သုံးနိုင်မည်ဆိုပါက ရခိုင်ပြည်နယ်အရေးအတွက် ရေရှည်တည်တံ့သော အဖြေကောင်းတစ်ရပ်ကို ရရှိနိုင်မည် ဖြစ်ပါသည်။

တရုတ်နိုင်ငံ၏ အထက်၌တင်ပြထားသည့် အခြေခံချဉ်းကပ်ပုံ၌ ခေါင်းနှင့် ပန်းပမာ တွဲလျက်ရှိသည့် တခြားသော မျက်နှာစာတစ်ရပ် ရှိပါသည်။ အဆိုပါ မျက်နှာစာ၌ တရုတ်နိုင်ငံ၏ ရပ်တည်ချက်သည် ပြဿနာကို ပိုမိုရှုပ်ထွေးတင်းမာစေသည့် နည်းလမ်းတို့ကို ဆန့်ကျင်သကဲ့သို့ ပြဿနာအား နိုင်ငံတကာပြဿနာအသွင် ပိုမိုသက်ရောက်စေမည့် နည်းလမ်းတို့ကို လက်မခံ၊ ပယ်ချခြင်းဖြစ်ပါသည်။ ဤခေါင်းနှင့်ပန်းချဉ်းကပ်ပုံ၏ နိုင်ငံရေးအနှစ်သာရသည် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်ရေးဖြစ်ပါသည်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက "မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့သည် ပြဿနာဖြေရှင်းနိုင်ရေးကို ဦးတည်လျက် ခင်မင်ရင်းနှီးသော ဆွေးနွေးမှုများမှတစ်ဆင့် နှစ်နိုင်ငံ၏ ရပ်တည်ချက်များ အပြန်အလှန်နီးစပ်လာစေရန် ကြိုးပမ်းကြရမည်"ဟု ခံယူထားပါသည်။ ဤခံယူချက်သည်ပင် တရုတ်နိုင်ငံရပ်တည်ချက်၏ နိုင်ငံရေးအနှစ်သာရ ဖြစ်ပါသည်။ တရုတ်နိုင်ငံ၏ ရပ်တည်ချက်သည် အိမ်နီးချင်းကောင်း နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ဆွေးနွေးညှိနှိုင်းမှုများ စဉ်ဆက်မပြတ် ဖြစ်ပေါ်လာစေရေးအတွက် ပံ့ပိုးကူညီပေးရန်သာ ဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက ပွင့်လင်းစွာ ထုတ်ဖော်ပြောဆိုထားပါသည်။

သို့သော် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံနည်းတူ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သည့် အခန်းကဏ္ဍကို အသိအမှတ်ပြုသကဲ့သို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက် အပါအဝင် ကုလသမဂ္ဂအဖွဲ့အစည်းတို့၏ ကြိုးပမ်းအားထုတ်မှုတို့ကို အလေးအနက် အသိအမှတ်ပြုထားပါသည်။ ရင်းနှီးမှု၊ ပွင့်လင်းမှုနှင့် အပြုသဘောဆောင်မှုတို့ကို အခြေခံလျက် အထက်၌တင်ပြထားသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အပါအဝင် သုံးနိုင်ငံ အလွတ်သဘော ဆွေးနွေးမှုက သဘောတူညီချက်သုံးရပ်ကို ညှိနှိုင်းရယူနိုင်ခဲ့ပါသည်။ အဆိုပါ သဘောတူညီချက်သုံးရပ်အနက် ရခိုင်ပြည်နယ်အရေးကို မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးစွာ တိုင်ပင်ညှိနှိုင်းမှုမှတစ်ဆင့် ဖြေရှင်းရေးသည် အခြေခံအကျဆုံးသော သဘောတူညီချက်ဖြစ်ပါသည်။

ဒုတိယသဘောတူညီချက်မှာ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများအနက် ပထမဦးဆုံးသောအသုတ်ကို လွှဲပြောင်းပေးရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ပြင်ဆင်နေသကဲ့သို့ မြန်မာနိုင်ငံကလည်း ပြန်လည်လက်ခံရန် ပြင်ဆင်နေခြင်းဖြစ်ပါသည်။ တတိယသဘောတူညီချက်မှာ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားကြသူများ ပြန်လည်လက်ခံအခြေချနေထိုင်ရေးနှင့် ပတ်သက်၍ အချိန်ဇယားနှင့်အတူ လမ်းပြမြေပုံတစ်ရပ်ကို မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ကြား ညှိနှိုင်းရေးဆွဲရန်နှင့် ပထမဦးဆုံး ပြန်လည်လက်ခံမှုကို ဖြစ်နိုင်သမျှ အမြန်ဆုံးဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံ ပူးတွဲအလုပ်အဖွဲ့အစည်းအဝေး ကျင်းပရန်ဖြစ်ပါသည်။ ဤသဘောတူညီချက်သုံးရပ်ကို သုံးသပ်ပါက အိမ်နီးချင်းကောင်းနိုင်ငံများ ပီသစွာ အပြန်အလှန် အကျိုးဖြစ်ထွန်း၍ ရေရှည်တည်တံ့စေမည့် ခြေလှမ်းတို့ကို ဖော်ဆောင်ရန်ဖြစ်ပါသည်။ တစ်နည်းဆိုသော် မင်္ဂလာရှိသော ခြေလှမ်းတို့ကို ဖော်ဆောင်ရန် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အိမ်နီးချင်းကောင်းတို့၏ မင်္ဂလာရှိသောခြေလှမ်းတို့ကို ဂုဏ်ပြုကြိုဆိုပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။



## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ရွှေကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် တွေ့ဆုံ



**တမူး စက်တင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်သည် တမူးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ခရိုင်၊ မြို့နယ် ရွှေကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများနှင့် ယမန်နေ့က တွေ့ဆုံခဲ့သည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ခရိုင်ကော်မရှင် အဖွဲ့ခွဲမှ အတွင်းရေးမှူး ဦးရဲထက်စိုးက ၂၀၁၈ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့တွင် ကျင်းပမည့် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) ကြားဖြတ်ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ လွတ်လပ်မျှတစွာဖြင့် ပွင့်လင်းမြင်သာစွာ ကျင်းပနိုင်ရေးအတွက် ကြားဖြတ် ရွေးကောက်ပွဲ ကျင်းပမည့် လုပ်ငန်းစဉ်များကို ရှင်းလင်း တင်ပြခဲ့သည်။ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်ဝင်း၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးဇမ်ခင်မန်တို့က ရွေးကောက်ပွဲ နှင့်ပတ်သက်သည်များကို ဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ ပြည်နယ်လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းညွန့်ဝင်း၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးဝေအောင်(ခင်ဦး)**

## မန္တလေးမြို့တွင် ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရန် တွေ့ဆုံဆွေးနွေး

**မန္တလေး စက်တင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖွဲ့စည်းရန် တွေ့ဆုံဆွေးနွေးပွဲကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ မန္တလေး ကွန်ဗင်းရှင်းစင်တာတွင် ယမန်နေ့က ပြုလုပ်သည်။



ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း(မြန်မာ)ဒုတိယဥက္ကဋ္ဌ ဒေါက်တာယုယုမေက ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်းဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားပြီး အဖွဲ့ဝင် ဒေါက်တာသန်းထွန်းမြင့်က အသင်း၏ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တိုင်းဒေသကြီး အမျိုးသမီးကော်မတီ၊ ကျန်းမာရေးနှင့် ပညာရေးဆပ်ကော်မတီတာဝန်ခံ ဒေါက်တာ ဌေးမောင်က မြန်မာနိုင်ငံ ရင်ခွင်မဲ့ကလေးငယ်များလျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးအသင်း ဖွဲ့စည်းပုံအကြောင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ဖွဲ့စည်းပုံဆိုင်ရာစာအုပ်နှင့် သီချင်းခွေများအား တိုင်းဒေသကြီးအမျိုးသမီးကော်မတီဝင်များသို့ လွှဲပြောင်းပေးအပ်ခြင်း၊ ခရိုင်အတွင်းရှိ အသင်းဝင်လျှောက်လွှာများ လက်ခံယူခြင်းများ ဆောင်ရွက်သည်။ (ဝဲပုံ)

ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှု ကွန်ဖရင့်ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုကွန်ဖရင့်ကို ယမန်နေ့က ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ နိုဗိုတယ်ဟိုတယ် Eureka ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



အာဆီယံမှ ကျွမ်းကျင်ပညာရှင်၊ ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင် ၃၂ ဦးမှ သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုပညာရပ် ၃၆ ခုဖြင့် ပြည်တွင်းမှ စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများကို နှစ်ရက်တာသင်တန်းအဖြစ် Kaplan Myanmar University College တွင် သင်ကြားဆွေးနွေးသွားမည်ဟု သိရသည်။

စီးပွားရေး ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်တို့ကို လချီကြာမြင့်စွာ တက်ရောက်ရန် မလိုဘဲ နှစ်ရက်အတွင်း မိမိကြိုက်နှစ်သက်သော ဝပ်ရှော့ကို တက်ရောက်၍ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှု ရရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယမန်နေ့တွင် မွန်းလွဲ ၁ နာရီခွဲမှ ညနေ ၅ နာရီအထိ ဘာသာရပ် ၁၂ ခုကို သင်ကြား ဆွေးနွေးခဲ့ပြီး စက်တင်ဘာ ၃၀ ရက် နံနက် ၉နာရီမှ ညနေ ၅ နာရီအထိ ဘာသာရပ်၂၄ ခုကို နာနတ်တောလမ်းရှိ Kaplan Myanmar University College တွင် သင်ကြားဆွေးနွေးသွားမည်ဟု သိရသည်။

"သက်မွေးဝမ်းကျောင်းမှုဆိုင်ရာကို အရေးကြီးမှန်း လူငယ်တွေအခုမှ သိလာကြတာ။ နှစ်ပေါင်း ၅၀ နီးပါး မြန်မာက ကမ္ဘာနဲ့အဆက်ပြတ်ခဲ့တော့ လူငယ်တွေ ဖြတ်လမ်းနဲ့ ချမ်းသာချင်ခဲ့ကြတယ်။ စီးပွားရေးအသိပညာကို ကမ္ဘာ့အဆင့်ထက် ဒေသအဆင့်မီဖို့ အခုလိုလုပ်ပေးတာဟာ ကျေးဇူးတင်ဖို့လည်း ကောင်းပါတယ်။ နည်းမှန်လမ်းမှန်နဲ့ သက်မွေးဝမ်းကျောင်းပညာရပ်နဲ့ လုပ်ကိုင်တတ်အောင် သင်ကြားပေးတာဖြစ်လို့ သိပ်အရေးကြီးပါတယ်"ဟု UMFCCI မှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက ပြောသည်။

ယနေ့လူငယ်စီးပွားရေး လုပ်ကိုင်သူများ အောင်မြင်မှု ရေရှည်မခံခြင်းသည် ပညာရေးစနစ် ထိရောက်မှုမရှိခဲ့ခြင်း၏ အကျိုးဆက်ကြောင့်ဖြစ်ပြီး လျင်မြန် တိုးတက်သော စီးပွားရေး စံနမူနာကောင်းများကို မရခဲ့ခြင်းတို့ကြောင့် စီးပွားရေးကဏ္ဍ၌ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်မှုတွင် အခက်အခဲများစွာ ကြုံတွေ့ခဲ့ရခြင်းဖြစ်ပြီး ယခုလို အာဆီယံနိုင်ငံများမှ စီးပွားရေး ပညာရှင်များ၊ စာရေးဆရာများနှင့် လုပ်ငန်းရှင်များ ကိုယ်တိုင်သင်ကြားပို့ချမှုသည် အခွင့်အရေးကောင်း တစ်ခုပင်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက် ပြောကြားသည်။

မြန်မာနိုင်ငံမှ ထုတ်ကုန်ပစ္စည်းများစွာထုတ်လုပ်နိုင်ရန် လိုအပ်ပြီး ပြည်ပမှ အသေးစားကုန်ပစ္စည်းများ (သွားကြားထိုးတံကဲ့သို့) တင်သွင်းရမှုသည် တိုင်းပြည် ထွက်ငွေများဖြစ်နေ၍ ပြည်တွင်းဝင်ငွေရရှိရန်နှင့် ထွက်ငွေကို ထိန်းချုပ်နိုင်ရန် ပြည်တွင်းမှ လူသုံးကုန်ပစ္စည်းထုတ်ကုန်များ ထုတ်လုပ်ရန်လိုအပ်နေကြောင်း၊ ပြည်ပမှ တင်သွင်းသည့် လူသုံးကုန်ပစ္စည်းများကို ကန့်သတ်ခြင်းလည်း လိုအပ်လာပြီဖြစ်ကြောင်း စီးပွားရေးလုပ်ငန်း ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သန်းထိုက်**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ ရိဒ်ခေါဒါရ် နယ်စပ်ကုန်သွယ်ရေးစခန်း၌ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

✤ ရှေ့ဖုံးမှ

ချင်းပြည်နယ် ဝန်ကြီးချုပ် ဆလိုင်းလျန်လွယ်၊ ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် ဦးကျော်လင်းတို့က ဖြည့်စွက်တင်ပြကြသည်။

**စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ ခွင့်ပြု**

တင်ပြချက်များအပေါ် ဒုတိယသမ္မတက ပို့ကုန်ပမာဏ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ တစ်ဖက်နိုင်ငံက ဝယ်လိုသည့်ကုန်ပစ္စည်းနှင့် ဈေးကွက်အခြေအနေကို အမြဲလေ့လာရန်လိုကြောင်း၊ သွင်းကုန်များအနက် ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများကို သက်ဆိုင်ရာဌာနမှ စံသတ်မှတ်ချက်များနှင့် ကိုက်ညီမှသာ ခွင့်ပြုရန် သတိပြုစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် ရိဒ်ခေါဒါရ်နယ်စပ်ကုန်သွယ်ရေးစခန်း ကုန်ချကွင်းသို့ရောက်ရှိပြီး ကုန်ချကွင်းအခြေအနေနှင့် အသစ်ပြန်လည်ဆောက်လုပ်ရန် လျာထားသည့် ကုန်စစ်စင်ကို ကြည့်ရှုစစ်ဆေးသည်။

**မိမိနိုင်ငံနှင့်သင့်တော်သည့် ပုံစံဖြစ်ရန်လို**

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယသမ္မတက ယခုအခါ ရိဒ်ခေါဒါရ်-ဇိုခေါဒါရ်ကို နိုင်ငံတကာ နယ်စပ်ဝင်ထွက်ဂိတ်အဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ရာ ကုန်သွယ်မှုအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်ကူပြု တိုးတက်လာနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာ နယ်စပ်ဝင်ထွက်ပေါက် ဖြစ်လာသည့်အတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို နိုင်ငံတကာနှင့် လျော်ညီသည့် အဆင့်မြှင့်တင်မှုများ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောက်လုပ်ရာတွင်လည်း မိမိနိုင်ငံနှင့် သင့်တော်သည့် ပုံစံဖြစ်ရန်လိုကြောင်း မှာကြားသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ရိဒ်ခေါဒါရ် နိုင်ငံတကာ နယ်စပ်ဝင်ထွက်ဂိတ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနေမှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

**ဝင်ထွက်သွားလာမှု ပိုမိုအဆင်ပြေစေလာမည်**

ယင်းနောက် ရိဒ်ခေါဒါရ် နိုင်ငံတကာ နယ်စပ်ဝင်ထွက်ပေါက်သို့ရောက်ရှိပြီး နယ်စပ်ဝင်ထွက်ဂိတ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများနှင့် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးနေမှု လုပ်ငန်းစဉ်များကို ကြည့်ရှုစစ်ဆေးကာ နိုင်ငံကူးလက်မှတ်နှင့် ဗီဇာပြုလုပ်ရန် အခက်အခဲရှိသူများ အဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ရေး ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အနီးဆုံးနေရာများတွင် ပြုလုပ်နိုင်မည်ဆိုပါက နှစ်နိုင်ငံပြည်သူများ ဝင်ထွက်သွားလာမှု ပိုမိုအဆင်ပြေစေလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ရိဒ်ရေကန်သို့ရောက်ရှိကြရာ ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဒေသခံပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်ထောင်စုရိပ်သာ၌ တွေ့ဆုံသည်။

**ပေါင်းစပ်ညှိနှိုင်းပေး**

တွေ့ဆုံပွဲတွင် ဒေသခံများက ဒေသ၏ကျန်းမာရေးလိုအပ်ချက်၊ သောက်သုံးရေလိုအပ်ချက်နှင့် မြို့နယ်ခန်းမ ဆောက်လုပ်ပေးရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြရာ ဒုတိယသမ္မတက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ဖလမ်းမြို့ ဆူရဲဘုန်လေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

**ဆောင်ရွက်မည့်အခြေအနေများ ရှင်းလင်း**

ဒုတိယသမ္မတနှင့်အဖွဲ့အား လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အင်ဂျင်နီယာမှူး ဦးထွန်းဇော်က လေယာဉ်ကွင်း တည်ဆောက်ရေးလုပ်ငန်းစဉ်များ၊ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဘဏ္ဍာရေးနှစ်အလိုက် ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးသည့် လုပ်ငန်းများ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြေထိန်းနံရံတည်ဆောက်မည့်ပုံစံ၊ လေဆိပ်အတွက် ရေရရှိရေးနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်နေမှု၊ အရည်အသွေး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှု၊ ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းပထမအဆင့် ပြီးစီးနိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်**

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက လေယာဉ်ကွင်းတည်ဆောက်ရာတွင် ရေရှည်ခိုင်ခံ့မှုရှိရေး သတ်မှတ်စံချိန်စံညွှန်းမီအောင် တည်ဆောက်သွားရန်၊ ဇက်တိုဘာမြက်စိုက်ပျိုးခြင်းကို တိုးချဲ့ဆောင်ရွက်သွားရန်၊ သတ်မှတ်ကာလအတွင်း ပြီးစီးနိုင်ရေး စနစ်တကျ ကြိုးစားကြပ်မတ်ဆောင်ရွက်ရန်နှင့် လေယာဉ်ပြေးလမ်း မြေဖို့၊ မြေကြိတ်ခြင်းလုပ်ငန်းများတွင် အရည်အသွေးကို စနစ်တကျ ကြပ်မတ်စစ်ဆေးဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် ဆူရဲဘုန်လေယာဉ်ကွင်း ပြေးလမ်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဒုတိယသမ္မတနှင့်အဖွဲ့သည် ဖလမ်းမြို့သို့ ရောက်ရှိကြပြီး ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့မိမြို့ဖများနှင့် တောင်ဇလပ်ရိပ်သာ၌ တွေ့ဆုံသည်။

**ပြန်လည်သုံးသပ်ဆွေးနွေး**

တွေ့ဆုံစဉ် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများက ဇိန်မှုတောင် အမျိုးသားသဘာဝဉယျာဉ် ဖွဲ့စည်းနိုင်ရေး ဆောင်ရွက်နေမှု၊ လိုင်သီးလီဆည်တည်ဆောက်မှု၊ ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးနိုင်ရေး ဆောင်ရွက်နေမှု အခြေအနေနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ဒုတိယသမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**တတိယနိုင်ငံသားများပါ ဗီဇာဖြင့် ဝင်ရောက်လာနိုင်**

တွေ့ဆုံပွဲများတွင် ဒုတိယသမ္မတက တမူး - မိုရေး နယ်စပ်ဂိတ်နှင့် ရိဒ်ခေါဒါရ် - ဇိုခေါဒါရ် နယ်စပ်ဂိတ်များကို နိုင်ငံတကာ ဝင်ထွက်ပေါက်များအဖြစ် အဆင့်တိုးမြှင့်ခဲ့ပါကြောင်း၊ ယခင်က မြန်မာ - ထိုင်း နှစ်နိုင်ငံ နယ်စပ်တွင် နိုင်ငံတကာ ဝင်ထွက်ပေါက် လေးခုသာရှိခဲ့ပြီး ယခုအခါ အိန္ဒိယနိုင်ငံနှင့် နိုင်ငံတကာ ဝင်ထွက်ပေါက်နှစ်ခု ထပ်မံဖွင့်လှစ်နိုင်ပြီ ဖြစ်ပါကြောင်း၊ နိုင်ငံတကာ ဝင်ထွက်ပေါက် ဖြစ်လာသည့်အတွက် နိုင်ငံတကာနှင့် လိုက်လျောညီထွေဖြစ်အောင် အခြေခံအဆောက်အအုံများကို ဆက်လက်လုပ်ဆောင်သွားရန်ရှိပါကြောင်း၊ နိုင်ငံတကာ ဝင်ထွက်ပေါက်အဖြစ် ဖွင့်လှစ်ခဲ့ခြင်းကြောင့် နှစ်ဖက်နိုင်ငံသားများသာမက တတိယနိုင်ငံသားများပါ ဗီဇာဖြင့် ဝင်ရောက်လာနိုင်မည်ဖြစ်ရာ ယခုထက် ခရီးသွားလုပ်ငန်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ရိဒ်ရေကန်သည် ချင်းပြည်နယ်၏ သင်္ကေတတစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ရိဒ်ရေကန်ကို တာဝန်အရ မဟုတ်ဘဲ အမျိုးသားရေးစိတ်ဓာတ်ဖြင့် အားလုံးဝိုင်းဝန်းထိန်းသိမ်းကြရန် တိုက်တွန်းပါကြောင်း၊ နိုင်ငံတော်အနေဖြင့် စေတနာထား၍ ဒေသ၏လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

**"ယခုအခါ ရိဒ်ခေါဒါရ် - ဇိုခေါဒါရ်ကို နိုင်ငံတကာ နယ်စပ်ဝင်ထွက်ဂိတ်အဖြစ် အဆင့်မြှင့်တင်ပြီးဖြစ်ရာ ကုန်သွယ်မှုအပြင် ခရီးသွားလုပ်ငန်းအတွက်ပါ များစွာအထောက်ကူပြု တိုးတက်လာနိုင်မည်"**



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဖလမ်းမြို့ ပြည်ထောင်စုရိပ်သာ၌ ဒေသခံပြည်သူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ပုဂ္ဂလိကကျွန်းစိုက်ခင်းများမှ ထွက်ရှိသော ကျွန်းပင်ကျပ်တိုင်များ ခွဲစိတ်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၃၀

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းသည် စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်အတွင်းရှိ National Wood Industry ကုမ္ပဏီပိုင် သစ်အခြေခံ အချောထည်စက်ရုံရှိခဲ့ရာ စက်ရုံအတွင်း ဖြိုးစည်သူ ကုမ္ပဏီ၏ ပုဂ္ဂလိကကျွန်းစိုက်ခင်းမှ ထွက်ရှိသော ကျွန်းပင်ကျပ်တိုင်များအား ခွဲစိတ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ရာ တာဝန်ရှိသူများက ကျွန်းပင်ကျပ်တိုင်များ ခွဲစိတ်မှုအဆင့်ဆင့်၊ သစ်ခွဲသားများမှ လက်ယှက်ထိုး သစ်သားချောင်း (Finger Joint) များ ပြုလုပ်ခြင်း၊ ထိုမှတစ်ဆင့် ဘုတ်ပြား (Board) များ ပြုလုပ်ခြင်းကို လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် အသုံးပြုသည့် စက်ပစ္စည်းများအား လိုက်လံရှင်းလင်းတင်ပြသည်။**

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ပုဂ္ဂလိကကျွန်းစိုက်ခင်းများမှ ထုတ်လုပ်ထွက်ရှိလာမည့် ကျွန်းပင်ကျပ်တိုင်များမှ ထုတ်လုပ်နိုင်မည့် ဈေးကွက်ဝင် သစ်ခွဲသားအရွယ်အစားနှင့် အရည်အသွေးတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ ခွဲစိတ်မှု နည်းပညာနှင့် စက်ပစ္စည်းများ အသုံးပြုနိုင်မှုတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျွန်းပင်ကျပ်တိုင်များမှ ထုတ်လုပ်ထွက်ရှိသည့် ဘုတ်ပြားများ အသုံးပြုထုတ်လုပ်ထားသည့် သဘာဝကျွန်းသစ်အစားထိုး ပရိဘောဂများနှင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဈေးကွက်ရရှိနိုင်မှု၊ အရည်အသွေးအာမခံချက်ပေးနိုင်မှုနှင့် ပိုးမွှားဒဏ်ခံနိုင်ရည်ရှိမှုများအပေါ် သိရှိလိုသည်များအား ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား စက်ရုံ ဧည့်ခန်းမတွင် ပုဂ္ဂလိကစိုက်ခင်း တည်ထောင်ထားရှိသည့် ကုမ္ပဏီများနှင့် National Wood Industry ကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျွန်းစိုက်ခင်းပင်ကျပ်တိုင်များအား ဈေးကွက်ရှာဖွေရသည့် ရည်ရွယ်ချက်များ၊ သစ်ခွဲသား အရည်အသွေးနှင့်စပ်လျဉ်း၍ သုတေသနပြုလေ့လာရမည့် နယ်ပယ်များ၊ ထုတ်လုပ်ကုန်ကျမှုစရိတ်များ လျှော့ချနိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ ဗဟိုသစ်တောလုပ်ငန်းဖွံ့ဖြိုးမှုနှင့် လေ့ကျင့်ပညာပေးရေးဌာနသို့ ရောက်ရှိပြီး သင်တန်းကျောင်းအနေဖြင့် ကာလတို (ရက်တို) သင်တန်းများ ဖွင့်လှစ်ပို့ချနေသည့်အပေါ် ထိရောက်မှုရှိစေရန်အတွက် သင်တန်းဆရာများ၏ အရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံနှင့် စေတနာထားရှိမှုတို့မှာ လွန်စွာမှအရေးကြီးသဖြင့် အရည်အချင်းပြည့်ဝသည့် သင်တန်းဆရာ ဆရာမများဖြစ်ရန် လိုအပ်ကြောင်းနှင့် သင်တန်းကာလအတွင်းနှင့် သင်တန်းပြီးနောက်ပိုင်းတွင် ပြန်လည်ဆန်းစစ်အကဲဖြတ်လေ့လာမှုများ ပြုလုပ်ခြင်းဖြင့် အရည်အသွေးမြှင့်တင်သွားရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အာရှဒေသအဆင့် သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်း (AFoCO Regional Education and Training Centre) သို့ရောက်ရှိစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားကာ သင်တန်းကျောင်းမှ ဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ဗီဇာဖြေလျှော့ပေးမည့် အစီအစဉ်အရ ဝင်ရောက်လာကြမည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသားများအတွက် ရန်ကုန်လေဆိပ်တွင် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃၀

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ အောက်တိုဘာ ၁ ရက်မှစတင်၍ ဗီဇာဖြေလျှော့မှုတို့ဖြင့် ဝင်ရောက်လာမည့် ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ လွယ်ကူလျင်မြန်စွာ ဝင်ရောက်နိုင်ရေးနှင့် ၎င်းကမ္ဘာလှည့်ခရီးသွားများကို ကြိုဆိုမည့်အခမ်းအနား ပြုလုပ်မည့်အစီအစဉ်၊ နေရာတို့ကို ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)



ပြည်ထောင်စုဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန (ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်) မှတာဝန်ရှိသူများ၊ Yangon Aerodrome Co.,Ltd မှ တာဝန်ရှိသူများနှင့်အတူ ဧည့်သည်များ ဝင်ရောက်လာမည့်နေရာ၊ ကြိုဆိုမည့်နေရာ၊ လူဝင်မှုကြီးကြပ်ရေးကောင်တာ စသည်တို့ကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းနှင့်အတူ ရန်ကုန်မြို့ အင်းလျားလိတ်ဟိုတယ်၌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက နိုင်ငံ၏စီးပွားရေး မြန်မြန်ဆန်ဆန် ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တာဝန်သိရင်းနှီးမြှုပ်နှံမှု (Responsible Investment) ဖြစ်စေရန် စိစစ်ဆောင်ရွက်နေမှုနှင့် မြန်မာနိုင်ငံရှိ ရေမြေတောတောင်များ၊ ကမ်းခြေများ၊ ကျွန်းများ၊ ပင်လယ်ရေအောက် သဘာဝအလှအပများသည် သဘာဝအတိုင်းတည်ရှိနေသေးသဖြင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်မှုတို့ကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် Digital Marketing အဖွဲ့ ဖွဲ့စည်းဆောင်ရွက်နေမှုအခြေအနေနှင့် သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သော ဂျပန်၊ တောင်ကိုရီးယားနိုင်ငံသားများ၊ ဟောင်ကောင်နှင့် မကာအိုနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများကို ဗီဇာကင်းလွတ်ခွင့်နှင့် သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သော တရုတ်နိုင်ငံသားများအတွက် ဆိုက်ရောက်ဗီဇာ (Visa On Arrival) ကို အောက်တိုဘာ ၁ ရက်မှစ၍ ခွင့်ပြုပေးမည့် ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ တာဝန်ရှိသူများက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး မေးခွန်းများကို ဖြေကြားပေးကြသည်။ **သတင်းစဉ်**

***ကျော့ဖုံးမှ***

မြန်မာက ထိုင်းကို(၅-၂)ဖြင့်နိုင်၍ လည်းကောင်း၊ ရှစ်ဦးအဆင့်တွင် ၁၀၀ ကျော် Break အများဆုံးထိုးထားပြီး ချန်ပီယံဖြစ်မည်ဟု ပရိသတ်များ ခန့်မှန်းထားသည့် ထိုင်းနိုင်ငံမှ ချန်ပီယံကို မြန်မာက (၅-၃)ဖြင့် ခက်ခက်ခဲခဲနိုင်ခဲ့၍ ပရိသတ်များ အံ့သြခဲ့ရသည်။ ဆီမီးဖိုင်နယ်အဆင့်တွင် မလေးရှားမှ ဒုတိယတန်း လက်ရွေးစင်ကို (၄-၀)ဖြင့် အရင်စီးထားသော်လည်း မလေးရှားက နောက်မှ (၄-၄)ဖြင့် ပြန်လိုက်လာရာ နောက်ဆုံးတွင် မလေးရှားကို (၆-၅)ဖြင့်နိုင်၍ ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် တရုတ်မှ အာရှလူငယ်ချန်ပီယံမလေးရှားအာရှဖိတ်ခေါ် စနူကာပြိုင်ပွဲတွင် ပထမဆု နှစ်ကြိမ်ရရှိထားသူနှင့် အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ရာ မြန်မာက တရုတ်ကို (၆-၅)ဖြင့် ထိုက်တန်စွာ အနိုင်ယူကာ ချန်ပီယံဆု တံဆိပ်နှင့်အတူ မလေးရှား ရင်းဂစ် ၁၀၀၀၀ ဆုငွေရရှိခဲ့သည်။

မြန်မာစနူကာချန်ပီယံ ကိုထက်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် မလေးရှားနိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်အတွင်းရေးမှူး ဦးခင်မောင်ဦး၊ ဒိုင်ချုပ် ဦးဝင်းမြင့်မြတ်နှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်မှ တာဝန်ရှိသူများက ဂုဏ်ပြုကြိုဆိုခဲ့ကြကြောင်း သိရသည်။

**အေကေလင်း**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြု အမှတ်(၂၀)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၃၀**

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် အမှတ်(၂၀) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ရဲနိုင်အောင် ဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ ၁၀ ဦး၊ အခြားအဆင့် ၁၀၀ တို့သည် ပြည်သူ့အကျိုးပြုလုပ်ငန်း ဆောင်ရွက်မှုအဖြစ် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာ အထက်တန်းကျောင်း သန့်ရှင်းသာယာလှပရေးအတွက် ကျောင်းဝင်းအတွင်းရှိ ရေမြောင်းများ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ အမှိုက်များရှင်းလင်းခြင်းတို့ကို အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နော်အေးမေ၊ ဆရာ ဆရာမများနှင့် အတူ စုပေါင်းလုပ်ကိုင်ခဲ့ကြသည်။ **သတင်းစဉ်**

# ကျောက်တံခါး၌ မှုခင်းအသိပညာပေးဟောပြော

**ကျောက်တံခါး စက်တင်ဘာ ၃၀**

ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်တွင် မှုခင်းအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ကြိမ်ခါးကုန်းကျေးရွာအုပ်စု အင်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းက မှုခင်းဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ ပဲနွယ်ကုန်းရဲစခန်းမှ စခန်းမှူး အောင်စန်းထွေးက ယာဉ်စည်းကမ်း လမ်းစည်းကမ်း အသိပညာပေးဟောပြောခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စန်းတင့် က စာဖတ်ဖို့ အချိန်ပေးစို့ ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။ ထို့နောက် မှုခင်းအသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**



နေပြည်တော် တပ်ကုန်းမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းတွင် စက်တင်ဘာ ၂၉ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများဖြင့် ကျောင်းသား ကျောင်းသူများ ကိုယ်တိုင်ပါဝင်သရုပ်ပြသခြင်းများကို မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းမင်းစိုး ခေါင်းဆောင်၍ တပ်ဖွဲ့ဝင်များ ပူးပေါင်းသရုပ်ပြကြစဉ်။

တင်ထွန်းတာ(တပ်ကုန်း)

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ရန်ကုန် - မြိတ်လမ်းပေါ်ရှိ ပဲဒက်တံတားဖွင့်ပွဲနှင့် ဝင်းဝတံတားဖွင့်ပွဲအခမ်းအနားတက်ရောက်

နေပြည်တော် စက်တင်ဘာ ၃၀

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၊ ရန်ကုန်- မြိတ် လမ်းပေါ်ရှိ ပဲဒက်တံတားနှင့် ဝင်းဝတံတားဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တစ်ပြိုင်တည်းကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် တက်ရောက်ဖွင့်လှစ်ပေးသည်။**



### ရာသီမရွေးသွားလာနိုင်

အခမ်းအနား ပထမပိုင်း ပဲဒက်တံတားဖွင့်ပွဲကို နံနက် ၉ နာရီခွဲတွင် အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာတွင် တနင်္သာရီတိုင်းအတွင်း လမ်းဦးစီးဌာနမှ လမ်းမိုင် ၉၆၉ မိုင် ၅ ဖာလုံ ဖောက်လုပ်ထိန်းသိမ်းထားပြီး လမ်းများကိုလည်း ကတ္တရာ၊ ကွန်ကရစ် (AC) လမ်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနမှလည်း ကျေးလက်လမ်းမိုင် ၅၁၃ ဖောက်လုပ်ထိန်းသိမ်းထားပါကြောင်း၊ ကျေးလက်နေပြည်သူများ၏ ၉၀ ရာခိုင်နှုန်းအတွက် ရာသီမရွေး သွားလာနိုင်သည့် ကျေးလက်လမ်းများရရှိလာရန် နှစ်စဉ်နှစ်တိုင်း အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မြို့ပြနှင့်အိမ်ရာများကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လာမည့် သုံးနှစ်တာကာလတွင် မြို့ပြစီမံကိန်းများနှင့် စက်မှုဇုန်၊ အထူးစီးပွားရေးဇုန်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ ၆၄ လုံး၊ အခန်း ၆၇၀ ခန်း ဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ မြို့ကြီး ငါးမြို့တွင် မြို့ပြစီမံကိန်း (Town Plan) ရေးဆွဲပြီးဖြစ်ပါကြောင်း။

တံတားဦးစီးဌာနမှ တနင်္သာရီတိုင်းဒေသကြီးအတွင်း ပေ ၁၈၀ နှင့်အထက် တံတား ၂၂ စင်း တည်ဆောက်ပြီးဖြစ်ရာ တနင်္သာရီတံတား၊ ပုလုံးတုံးလုံး တံတားအပါအဝင် တံတားရှစ်စင်း ဆောင်ရွက်ဆဲဖြစ်ပါကြောင်း။

အခုဖွင့်လှစ်သည့် ပဲဒက်တံတားသည် ထားဝယ်-မြိတ်လမ်းပေါ်ရှိ အချက်အချာကျသည့် တံတားတစ်စင်းဖြစ်ပြီး ပေ ၃၀၀ ရှည် နှစ်လမ်းသွားတံတားဖြစ်ကာ ဘိုးပိုင်အုတ်မြစ်ပေါ်တွင် သံကူ ကွန်ကရစ်ကိုယ်ထည်၊ တံတားအပေါ်ထည်အဖြစ် သံကူကွန်ကရစ်ရက်မအဖြစ် တည်ဆောက်ထားပါကြောင်း၊ ယင်းတံတားကို တနင်္သာရီတိုင်းဒေသကြီး၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

တနင်္သာရီတိုင်းဒေသကြီးအတွင်း လမ်းများအဆင့်မြှင့်တင်ဆောင်ရွက်ခြင်း၊ တံတားသစ်များ ဆောင်ရွက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးတိုးတက်မှု ပိုမိုလျင်မြန်စေပြီး အချိန်တိုအတွင်း ကူးသန်းသွားလာနိုင်တော့မည် ဖြစ်ပါကြောင်း၊ ပဲဒက်တံတား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒေသခံပြည်သူများမှ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် က အမှာစကား ပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီးဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်းနှင့် တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ပဲဒက်တံတားကို ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုး၊ သရက်ချောင်းမြို့နယ်၊ လွှတ်တော် ကိုယ်စားလှယ်များရုံး ဥက္ကဋ္ဌ ဦးကြည်ရှိန်နှင့် ပဲဒက်အခြေခံပညာ အထက်တန်းကျောင်း ဒသမတန်းကျောင်းသူ နော်မေသဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားဖွင့်ပွဲ မှခ်ဦးရှေ့တွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

ထို့နောက် ပဲဒက်တံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်တို့က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုပြီး တံတားဖွင့်ပွဲ ပထမပိုင်းကို အောင်မြင်စွာကျင်းပပြီးစီးသည်။

ဆက်လက်၍ တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့(၁၃) မှ တည်ဆောက်ပြီးစီးသော ဝင်းဝတံတားဖွင့်ပွဲကို အဆိုပါတံတားရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က အမှာစကားပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် က တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ချက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒေသခံပြည်သူတစ်ဦးက တံတားကြီး တည်ဆောက်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဝင်းဝတံတားကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီး လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီး ဦးကြည်လှိုင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

### စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ဆက်လက်၍ ဝင်းဝတံတား ကမ္ပည်းမော်ကွန်းကျောက်စာတိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်နှင့် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်တို့က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် တံတားကြီးပေါ်မှ ဖြတ်သန်းကြည့်ရှုကြသည်။

ဝင်းဝတံတားသည် ရန်ကုန်- မြိတ်လမ်း (ထားဝယ်-မြိတ်အပိုင်း) မိုင်တိုင်အမှတ် ၆၂ ဒသမ ၀ ကီလိုမီတာတွင် တည်ရှိပြီး တံတားအမျိုးအစားမှာ အပေါ်ထည် သံကူကွန်ကရစ်ရက်မနှင့် Plate Girder၊ အောက်ထည် သံကူကွန်ကရစ်နှင့် အုတ်မြစ်ကို ၁ မီတာအချင်းနှင့် ၁ ဒသမ ၂ အချင်း ဘိုးပိုင်အုတ်မြစ်တို့ဖြင့် တည်ဆောက်ထားကာ တံတားအရှည် ပေ ၆၂၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်း တစ်ဖက်လျှင် သုံးပေစီပါရှိပြီး ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မွန်ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ရည်ရွယ်ပြီး ထာဝစဉ်မမေ့ မွန်မှုဓလေ့ဖျော်ဖြေပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

**မွန်ရိုးရာယဉ်ကျေးမှုအမွေအနှစ် ဓလေ့ထုံးတမ်းများ မပျောက်ပျက်စေရန် ရည်ရွယ်ပြီး မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ (ရန်ကုန်)မှ ကြီးမှူး၍ ထာဝစဉ်မမေ့ မွန်မှုဓလေ့ဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲမှ စတင်ကာ ရန်ကုန်မြို့ သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ ကျင်းပရာ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင် တက်ရောက်အားပေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှိ မွန်ရိုးရာအိမ်တွင် မွန်ဓလေ့ရိုးရာထိမ်းမြား လက်ထပ်မင်္ဂလာကို သရုပ်ပြကျင်းပပြီး ပြည်ထောင်စုခန်းမတွင် မွန်တေးဂီတအဖွဲ့၊ မွန်စာပေနှင့်ယဉ်ကျေးမှုတက္ကသိုလ်များ (ရန်ကုန်) တို့မှ အနုပညာရှင်များက ရိုးရာတေးသီချင်းများ၊ ယိမ်းအကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုခန်းမ၌ အခမ်းအနားကို ဆက်လက်ကျင်းပရာ ထာဝစဉ်မမေ့ မွန်မှု ဓလေ့ဖျော်ဖြေပွဲဖွင့်ပွဲအခမ်းအနားကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မွန်တိုင်းရင်းသားများအနေဖြင့် ကိုယ့်လူမျိုး၊ ကိုယ့်ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများ မပျောက်ပျက်အောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မွန်မျိုးဆက်သစ်လူငယ်များကို စည်းရုံးပြီး ယဉ်ကျေးမှုဓလေ့ပွဲတော်များ ကျင်းပပြုလုပ်သွားရန် လိုအပ်ပါကြောင်း၊ မွန်မျိုးဆက်သစ်လူငယ်များ မွန်စာပေနှင့် မွန်ဘာသာစကား တတ်ကျွမ်းစွာပြောဆိုနိုင်ရန် အားလုံးတာဝန်သိစိတ်ဖြင့် ဝိုင်းဝန်းကူညီပံ့ပိုး ပေးစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက တိုင်းရင်းသားစာပေ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများသည် တန်ဖိုးကြီးပါကြောင်း၊ မြန်မာနိုင်ငံတွင် တိုင်းရင်းသားအားလုံး စုစည်းနေထိုင်ကြကြောင်း၊ မတူညီသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများရှိပါကြောင်း၊ တူညီမှုများလည်း ရှိပါကြောင်း၊ ယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ပါကြောင်း၊ သို့မှသာ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားလူမျိုးပေါင်းစုံ ချစ်ကြည်ရင်းနှီးစွာဖြင့် ယဉ်ကျေးမှုအားလုံး ရှင်သန်ခွင့်ရမည်ဖြစ်ပါကြောင်း၊ ဘာသာစကားတစ်ခု ပျောက်ဆုံးသွားပါက တိုင်းပြည်၏ တန်ဖိုးရှိသည့် ရတနာဆုံးရှုံးသွားခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တချို့တိုင်းရင်းသား စာပေယဉ်ကျေးမှုများသည် တဖြည်းဖြည်း လူနည်းစုပြောစကားအဖြစ်သာ တွေ့လာရပါကြောင်း၊ ထိုကဲ့သို့ ဖြစ်မသွားရန် စာပေယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများမှ ယဉ်ကျေးမှုဘာသာစကားများကို စနစ်တကျ ပြုစုပြင်ဆင်ထားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် မွန်စာပေနှင့်ယဉ်ကျေးမှုကော်မတီ(ရန်ကုန်)ဥက္ကဋ္ဌ နိုင်စိုးအောင်က အမှာစကားပြောကြားပြီး မွန်ယဉ်ကျေးမှု အမွေအနှစ်အဖွဲ့၊ မွန်လူငယ် (ရန်ကုန်)တို့က ရိုးရာတေးသီချင်း၊ ရိုးရာအက အလှများ၊ ရန်ကုန်အခြေပြု မွန်လူမှုအဖွဲ့က ရိုးရာမိတ်ဆက်ခြင်း၊ မွန်ဇာတ်အဖွဲ့က အငြိမ့်တင်ဆက်မှုများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ယနေ့အခမ်းအနားတွင် မွန်လူမျိုးတို့၏ ရှေးဟောင်းယဉ်ကျေးမှုပြကွက်များကို ပြသထားပြီး မွန်လူမျိုးတို့၏ သမိုင်းအမွေအနှစ်ဆိုင်ရာ စာအုပ်စာပေများ၊ မွန်ရိုးရာဝတ်စုံများနှင့် မွန်ရိုးရာအစားအစာများကို ခင်းကျင်းပြသရောင်းချလျက်ရှိကြောင်း သိရသည်။

**မင်းသစ်(MNA)**

**ဓာတ်ပုံ-ရဲထွဋ်**




● *ကျော့ဖုံးမှ*

တောက်လျှောက် ကျင်းပလာတာ ၂၈ ကြိမ် ရှိခဲ့ပြီပေါ့။ ဒီနေ့ကတော့ လူဦးရေ ၅၀၀ ကျော်တယ်၊ အလွန်များပါတယ်”ဟု ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးကိုကြီးက ပြောသည်။

လှုပ်ရှားမှုတွင် အင်းစိန်နံ့သာကုန်းပန်းခြံမှ စတင်တာထွက်ကာ လမ်းသစ်လမ်း- မင်းကြီးလမ်း - အောက်မင်္ဂလာဒုံလမ်း - ခရေပင်လမ်းခွဲ - ပြည်လမ်းအတိုင်း အင်းစိန်နံ့သာကုန်းပန်းခြံသို့ တာဝင်ခဲ့ကြောင်း သိရသည်။ ထိုလှုပ်ရှားမှုကို ရန်ကုန်မြောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီး ဆပ်ကော်မတီတို့ပူးပေါင်းကာ အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

ထို လူထုစက်ဘီးစီးပွဲတွင် စက်ဘီးစီး အားကစားဝါသနာပါသူ ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအပြင် အခြားမြို့နယ်အသီးသီးမှ ဝါသနာရှင် အမျိုးသား၊ အမျိုးသမီး၊ ကလေး၊ လူကြီး စုစုပေါင်း ၅၅၀ ခန့် ဝင်ရောက်လှုပ်ရှားကြကြောင်း သိရသည်။ မည်သည့် စက်ဘီးအမျိုးအစားမဆို ဝင်ရောက်စီးနင်းလှုပ်ရှားနိုင်ကြောင်း သိရသည်။ လာမည့်အပတ်တွင် ရန်ကုန်အရှေ့ပိုင်းခရိုင် လူထုစက်ဘီးစီးပွဲများကို ကန်တော်ကြီးပတ်လမ်းတွင် လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဦးစီးဆောင်ရွက်မည့် မသန်စွမ်းအားကစားပွဲတော်တွင်ပါဝင်၍ လည်းကောင်း၊ အောက်တိုဘာ ၂၈ ရက်တွင် (၂၉)ကြိမ်မြောက် စက်ဘီးစီးပွဲကိုလည်းကောင်း၊ ရန်ကုန်အနောက်ပိုင်း ခရိုင်စက်ဘီးစီးပွဲကို အင်းလျားကန်ပတ်လမ်းတွင် လည်းကောင်း၊ ရန်ကုန်တောင်ပိုင်း ခရိုင်စက်ဘီးစီးပွဲကို သန်လျင်မြို့ ကျိုက်ခေါက်ဘုရားလမ်းတွင် လည်းကောင်း သတ်မှတ်ရက်များအလိုက် လူထု စက်ဘီးစီးလှုပ်ရှားမှုများကို အလှည့်ကျ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စက်ဘီးစီးဆပ်ကော်မတီမှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ၃၈ ဖြာမင်္ဂလာတရားတော်နှင့် ညီညွတ်သော သက်ကြီးရွယ်အိုစောင့်ရှောက်ရေး

**မောင်ခိုင်မာ(အထက်မင်းလှ)**

### အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

ယနေ့ကမ္ဘာကြီးတွင် ကျန်းမာရေးဆေးပညာနှင့် အသိပညာ တိုးတက်လာခြင်းကြောင့် လူ့သက်တမ်း တိုးမြင့်လာသည်နှင့် အညီ သက်ကြီးဘိုးဘွားဦးရေလည်း တိုးပွားများပြားလာသည်။ ဤသို့ တိုးပွားများပြားလာသည့် သက်ကြီးဘိုးဘွားများ၏ဘဝ သာယာချမ်းမြေ့စေရန်အတွက် အခြေခံလိုအပ်ချက်များဖြစ်သော သက်ကြီးရွယ်အိုများ ရင်ဆိုင်ကြုံတွေ့နေရသည့် ဆင်းရဲပင်ပန်းမှု၊ ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်မှု၊ အထီးကျန်ဆန်ဆန်နေရမှုတို့ကို လူ့အဖွဲ့အစည်းတစ်ရပ်လုံးက စာနာဖေးမနိုင်ရန် ရည်ရွယ်၍ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က ကျင်းပသော ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ (International Day of Older Persons)အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။ သမိုင်းကြောင်းကို လေ့လာကြည့်ရာ သက်ကြီးရွယ်အိုများနှင့် ပတ်သက်သည့် ကိစ္စအဝဝကို နိုင်ငံများက အလေးထားဆောင်ရွက်နိုင်ရန်အတွက် ၁၉၆၉ ခုနှစ် ကုလသမဂ္ဂညီလာခံတွင် မော်လ်တာနိုင်ငံက စတင်အကြံပြုသဖြင့် ဆွေးနွေးဖြစ်ခဲ့ကြသည်။ ကုလသမဂ္ဂအဖွဲ့ကြီးက ၁၉၈၂ တွင် ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ ပထမအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာ ညီလာခံကို ကျင်းပခဲ့သည်။ ၁၉၉၁ ခုနှစ်တွင် အမှီခိုကင်းပြီး လွတ်လပ်ခွင့် အပြည့်အဝရရှိရန်၊ ပါဝင်ဆောင်ရွက်ခွင့်ရရှိရန်၊ အပြန်အလှန်ကူညီဆောင်ရွက်ခွင့် ရရှိရန်၊ မိမိတို့ ကိုယ်တိုင်ဖြည့်စွမ်းနိုင်ရန်နှင့် ဂုဏ်သိက္ခာရှိရှိ ရပ်တည်ခွင့်ရရှိရန် ဟူသည့် သက်ကြီးရွယ်အိုဆိုင်ရာ အခြေခံမူငါးရပ်ကို ချမှတ်ပေးခဲ့သည်။ ၁၉၉၉ ခုနှစ်ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနှစ်အဖြစ် သတ်မှတ်ခဲ့သည်။

ထိုနှစ်(၁၉၉၉ ခုနှစ်)မှ စတင်ပြီး အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အခမ်းအနားများကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာတစ်လွှား၌ ကျင်းပနေခြင်းဖြစ်သည်။ ၂၀၀၂ ခုနှစ်တွင် စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဒုတိယအကြိမ် သက်ကြီးရွယ်အိုဆိုင်ရာညီလာခံကို ကျင်းပခဲ့ပြီး မက်ဒရစ်လုပ်ငန်းအစီအစဉ် (Madrid International Plan of Action on Ageing-MIPAA) ကို ချမှတ်ပေးနိုင်ခဲ့သည်။



**၂၀၁၇ ခုနှစ်က လူမှုရေးပင်စင်ထောက်ပံ့မှု စတင်သည့်နေ့တွင် ဘိုးဘွားအချို့ထံသို့ ထောက်ပံ့ငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး သွားရောက်ပေးအပ်စဉ်**

### ကမ္ဘာ့သက်ကြီးရွယ်အိုဦးရေ

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသက်အရွယ်အုပ်စုအလိုက် လူဦးရေအချိုးအစားမှာ လျင်မြန်စွာ ပြောင်းလဲလျက်ရှိရာ ၂၀၃၀ ပြည့်နှစ်တွင် အသက် ၆၀ ကျော် သက်ကြီးဦးရေမှာ ၁၀ နှစ်အောက်ကလေးဦးရေထက် ပိုမိုများပြားတော့မည်ဖြစ်ကြောင်း၊ ၂၀၁၃ ခုနှစ်က သက်ကြီးဦးရေ ၈၄၁ သန်းရှိရာမှ ၂၀၅၀ ပြည့်နှစ်အရောက်တွင် နှစ်ဆကျော်တိုးပြီး နှစ်ဘီလီယံရှိလာလိမ့်မည်ဖြစ်ကြောင်း ကုလသမဂ္ဂက ဆိုသည်။ လွန်ခဲ့သော ဆယ်စုနှစ်သုံးခုအတွင်း အရှေ့တောင်အာရှဒေသသည် လူဦးရေပုံသဏ္ဌာန်(Demographic)ဖြစ်တည်မှု၏ ကောင်းကျိုးအသီးအပွင့်ကို ခံစားခဲ့ရကြောင်း၊ ယခုအခါ အရှေ့အာရှဒေသသည် လူဦးရေပုံသဏ္ဌာန်ပြောင်းလဲမှု ပုံစံတစ်ရပ်ဖြစ်သော သက်ကြီးရွယ်အိုဦးရေ အလျင်အမြန်တိုးပွားလာခြင်းဟူသည့် စိန်ခေါ်မှုကို ရင်ဆိုင်နေရကြောင်း၊ အရှေ့အာရှနှင့် ပစိဖိတ်ဒေသသည် သမိုင်းတစ်လျှောက်တွင် အခြားသောဒေသများထက်ပို၍ အသက်အရွယ်ကြီးသူများ တိုးပွားလာမှုကိုတွေ့ရကြောင်း ကမ္ဘာ့ဘဏ်၏ အစီရင်ခံစာသစ်တွင် ဖော်ပြထားသည်။ အရှေ့အာရှနှင့် ပစိဖိတ်ဒေသတွင် အသက် ၆၅ နှစ်နှင့်အထက် လူဦးရေ ၂၁၁ သန်းကျော် (အရွယ်ရောက်ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်း) ရှိကြောင်း၊ ၂၀၄၀ ပြည့်နှစ်တွင် အရှေ့အာရှ၌ သက်ကြီးဦးရေ နှစ်ဆ မြင့်တက်လာပြီး ၄၇၉ သန်းအထိ ရှိလာမည်ဖြစ်ကြောင်း၊ ကိုရီးယား၊ တရုတ်နှင့် ထိုင်းစသည့် နိုင်ငံတို့တွင် အလုပ်လုပ်နိုင်သည့်အရွယ်ရှိ လူဦးရေမှာ ၁၀ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျော့ကျသွားမည်ဖြစ်ကြောင်း ပညာရှင်တို့က ဆိုသည်။

ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် အသက် ၆၅ နှစ်အထက် သို့မဟုတ် အသက် ၆၃ နှစ်အထက်ကိုသာ သက်ကြီးရွယ်အိုဟု သတ်မှတ်သည်။ မြန်မာနိုင်ငံတွင်မူ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ အသက် ၆၀ နှင့်အထက်ကို သတ်မှတ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ ၅၁ ဒသမ ၄၈၆ သန်းအနက် ၄ ဒသမ ၅ သန်း(၈ ဒသမ ၉ ရာခိုင်နှုန်း)သည် သက်ကြီးရွယ်အိုများဖြစ်ကြပြီး သက်ကြီးရွယ်အိုစုစုပေါင်း၏ ၀ ဒသမ ၀၄ ရာခိုင်နှုန်းသည် အသက် ၁၀၀ ကျော် ဘိုးဘွားများဖြစ်ကြောင်း သိရသည်။

### မြန်မာနိုင်ငံ၏ သက်ကြီးရွယ်အိုစောင့်ရှောက်မှု

ယနေ့ကမ္ဘာတွင် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ပတ်သက်၍ (၁)စေတနာ့ဝန်ထမ်း ဘိုးဘွားရိပ်သာများ ထူထောင်စောင့်ရှောက်ခြင်း(Volunteer Elderly Home)၊ (၂)အိမ်တိုင်ရာရောက် စောင့်ရှောက်ခြင်း(Home-care for Older People)၊ (၃)နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်စောင့်ရှောက်ခြင်း(Day care Center)၊ (၄)မိသားစု အခြေပြုစောင့်ရှောက်ခြင်း(Home Based Care Service)၊ (၅) ရပ်ရွာအခြေပြုစောင့်ရှောက်ခြင်း (Community-Based Service)နှင့် (၆)ဂေဟာများတည်ဆောက်၍ စောင့်ရှောက်ခြင်း(Groop Home Based Service)ဟူ၍ နည်းလမ်းခြောက်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ဘိုးဘွားရိပ်သာထူထောင်၍ စောင့်ရှောက်ခြင်းအဖြစ် မြန်မာသက္ကရာဇ် ၁၂၇၆ ခုနှစ် ပြာသိုလပြည့်ကျော် ၁၂ ရက်က ကရုဏာရှင် ဒေါ်ဦးဇွန်းက မြန်မာ့ပထမဆုံးသော သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းကို မင်းကွန်းမြေ၌ စတင်ခဲ့သည်။ ယခုအခါ နိုင်ငံအဝန်းတွင် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် စသည်ဖြင့် ဘိုးဘွားရိပ်သာ စုစုပေါင်း ၈၀ ကျော် ရှိနေပြီး အဆိုပါရိပ်သာများသို့ ဘိုးဘွားများအတွက် စားဝတ်နေရေးစရိတ်နှင့် ဂေဟာမှူးလစာများကို အစိုးရက ထောက်ပံ့ပေးလျက် ရှိသည်။

အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး စီမံကိန်းကို ၂၀၀၄ ခုနှစ်မှစတင်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် Help Age International (Myanmar)တို့ ပူးပေါင်းပြီး Older People Self Help Groops ဟု ခေါ်သော 'သက်ကြီးသူချင်း ကူညီစောင့်ရှောက်ရေးအဖွဲ့'များကို အချို့သော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ကျေးရွာများ၌ ဖွဲ့စည်းဆောင်ရွက်နေကြောင်း၊ ရန်ကုန်တွင် သက်ကြီးရွယ်အို နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာကို ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အသက် ၁၀၀ နှင့်အထက် အဘိုး ၃၃၃ ဦးနှင့် အဘွား ၈၄၆ ဦးအား ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် ငွေကျပ် နှစ်သိန်းစီ ထောက်ပံ့ပေးခဲ့ကြောင်း၊ အသက် ၉၀ နှင့်အထက် ဘိုးဘွားများကိုလည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်ရန်ပုံငွေမှ တစ်ဦးလျှင် လစဉ်ကျပ်တစ်သောင်းနှုန်း ထောက်ပံ့ပေးလျက်ရှိကြောင်း သိရသည်။ သက်ကြီးရွယ်အိုများဆိုင်ရာ ဥပဒေကို ၂၀၁၆ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၄ အဖြစ် ၃၀-၁၂-၂၀၁၆ ရက်က အတည်ပြုပြဋ္ဌာန်းပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

### မင်္ဂလာတရားတော်နှင့်အညီ

'သက်ကြီးရွယ်အိုများ ပြုစုစောင့်ရှောက်ခြင်းအစ မြန်မာက' ဟု ဆိုရလောက်အောင်ပင် မြန်မာတိုင်းရင်းသားလူမျိုးအသီးသီးတို့သည် သက်ကြီးရွယ်အို ဘိုးဘွားမိဘများအပေါ် စာနာဆပွား တန်ဖိုးထား၍ ပြုစုစောင့်ရှောက်တတ်ကြသည့် အစဉ်အလာရှိသည်။ ဤကဲ့သို့ သက်ကြီးရွယ်အိုများကို ပြုစုစောင့်ရှောက်ခြင်းသည် မြတ်ဗုဒ္ဓ၏ (၃၈)ဖြာမင်္ဂလာ တရားတော်နှင့် ညီညွတ်သကဲ့သို့ ကုသိုလ်လည်းရသည်။

အနှစ်ချုပ်အားဖြင့် ဆိုရပါလျှင် အဘိုးအဘွားတို့သည် သီလဂုဏ်၊ သမာဓိဂုဏ်နှင့် စရဏအား ကောင်းကြသဖြင့်သာ ယခုကဲ့သို့ သက်တမ်းရှည်ကြာ နေထိုင်ကြရသည်ဖြစ်ရာ ဘိုးဘွားများကိုယ်တိုင်က မိမိတို့ကိုးကွယ်ရာ ဘာသာတရား၏ အဆုံးအမများကို လေးစားလိုက်နာကြကာ ကျန်းမာရေးနှင့်ညီညွတ်အောင် ဆက်လက်နေထိုင်ကြပြီး ဘိုးဘွားတို့၏ ဆွေမျိုးသားချင်းများ၊ မျိုးဆက်သစ်လူငယ်များနှင့် နိုင်ငံတော်ကလည်း ဘိုးဘွားတို့အား အလေးထား၊ နေရာပေးကာ ဝိုင်းဝန်းဖေးမ စောင့်ရှောက်ကြမည်ဆိုပါက ကမ္ဘာ့သက်ကြီးရွယ်အိုများအဖို့ နှလုံးစိတ်ဝမ်း အေးချမ်းပျော်ရွှင်စွာဖြင့် လက်ကျန်ဘဝကို တန်ဖိုးရှိစွာ နေထိုင်ဖြတ်သန်းနိုင်ကြလိမ့်မည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**ဖွံ့ဖြိုးပြီးနိုင်ငံအချို့တွင် အသက် ၆၅ နှစ်အထက် သို့မဟုတ် အသက် ၆၃ နှစ်အထက်ကိုသာ သက်ကြီးရွယ်အိုဟု သတ်မှတ်သည်။ မြန်မာနိုင်ငံတွင်မူ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေအရ အသက် ၆၀ နှင့်အထက်ကို သတ်မှတ်သည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ မြန်မာ့လူဦးရေ ၅၁ ဒသမ ၄၈၆ သန်းအနက် ၄ ဒသမ ၅ သန်း(၈ ဒသမ ၉ ရာခိုင်နှုန်း)သည် သက်ကြီးရွယ်အိုများဖြစ်ကြသည်**



အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် (၅၄)နှစ်မြောက်မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်က သာယာဝတီမြို့နယ် သုံးဆယ်မြို့ရှိ လောကနန္ဒာဘုရားဝင်းအတွင်း သာယာဝတီတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ယာယီရဲမှူး ခင်မောင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ပြုလုပ်နေစဉ်။

သန့်ဇော်(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အကြိုအခမ်းအနားကျင်းပ

**တောင်ငူ စက်တင်ဘာ ၃၀**

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် အကြိုအခမ်းအနားပွဲအဖြစ် တောင်ငူမြို့ ကေတုမတီဘိုးဘွားရိပ်သာ မင်္ဂလာခန်းမ၌ စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ အဘိုးအဘွားများက မြန်မာ့သီချင်းအဆိုအကများဖြင့် ဖျော်ဖြေကြသည်။




အခမ်းအနားသို့ ကေတုမတီ ဘိုးဘွားရိပ်သာအကျိုးဆောင် ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(တောင်ငူမြို့နယ်)၊ ပရဟိတအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များ၊ အဘိုးအဘွားများ တက်ရောက်အားပေးကြသည်။ တောင်ငူမြို့ ကေတုမတီ ဘိုးဘွား ရိပ်သာကို ၁၉၉၀ ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ယခုအခါ အဘိုး ခုနစ်ဦးနှင့် အဘွား ၂၈ ဦး စုစုပေါင်း ၃၅ ဦးရှိပြီး ဘိုးဘွားရိပ်သာအကျိုးဆောင် ကြီးကြပ်ရေးအဖွဲ့က ဦးဆောင်ထောက်ပံ့ကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

၂၀၁၈ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ် နံနက်ပိုင်းတွင် သံဃာတော်များအား ဆွမ်းဆက်ကပ်ခြင်း၊ အဘိုးအဘွားများအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မငွေများ လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အား အဘိုးအဘွားများက ဆုတောင်းမေတ္တာပို့သခြင်း၊ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခြင်း၊ ညနေပိုင်းတွင် နိဗ္ဗာန်ဈေးပွဲတော် ဖွင့်လှစ်ခြင်း၊ မြန်မာသံစဉ်တီးဝိုင်းဖြင့် ဖြေဖျော်ညှော်ခံခြင်းနှင့် အောင်ပွဲအထိမ်းအမှတ် မီးပုံးပျံများ၊ မီးရှူးမီးပန်းများ လွှတ်တင်ခြင်းနှင့် မီးကြာခွက်များ ရေမျှောခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **ဝ၄၈**

# ကမ္ဘာ့ဆရာများနေ့ ပြိုင်ပွဲများဆုရစာရင်း



## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)
## အဆင့်မြင့်ပညာအဆင့် ဆုရ ဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ်-“ဆရာဟူသည် စံနမူနာကောင်း”

| စဉ် | အမည် | အဆင့် | ရာထူး | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | ဒေါက်တာမိုးမိုး | ပထမ | တွဲဖက်ပါမောက္ခ(မြန်မာစာဌာန) | ပဲခူးတက္ကသိုလ် |
| ၂ | ဒေါ်ခိုင်ခိုင်ရီ | ဒုတိယ | ပါမောက္ခဌာနမှူး(အငြိမ်းစား)၊ မြန်မာစာဌာန | သမဝါယမတက္ကသိုလ်၊ စစ်ကိုင်းမြို့ |
| ၃ | ဒေါက်တာသက်နွယ်နွယ်ဝင်း | တတိယ | လက်ထောက်ကထိက | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)
## အခြေခံပညာအထက်တန်းအဆင့် ဆုရ ဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ်-“ဆရာဟူသည် စံနမူနာကောင်း”

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဦးညွန့်ဝင်း | ပထမ | အထက်တန်းပြ | တာပွန်အခြေခံပညာအထက်တန်းကျောင်း၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး(အနောက်) |
| ၂ | ဒေါ်မိုးမိုးအောင် | ဒုတိယ | အထက်တန်းပြ | အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်တံခါးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |
| ၃ | ဒေါ်လွင်လွင်သန်း | တတိယ | အထက်တန်းပြ | အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)
## အခြေခံပညာအလယ်တန်းအဆင့် ဆုရ ဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ်-“ဆရာဟူသည် စံနမူနာကောင်း”

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဒေါ်သန္တာလှိုင် | ပထမ | အလယ်တန်းပြ | ရေပြင်၊ အခြေခံပညာအလယ်တန်းကျောင်း၊ အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၂ | ဒေါ်နှင်းဇာခြည်ဝမ်း | ဒုတိယ | အလယ်တန်းပြ | အေးမြသာယာ၊ အခြေခံပညာအထက်တန်းကျောင်း၊ အုတ်ဖိုမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး (အရှေ့) |
| ၃ | ဒေါ်ဝင်းဝင်းအေး | တတိယ | အလယ်တန်းပြ (မူတာဝန်) | အမှတ် (၁) အခြေခံပညာအလယ်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ဆောင်းပါးပြိုင်ပွဲ)
## အခြေခံပညာမူလတန်းအဆင့် ဆုရ ဆရာ၊ ဆရာမများစာရင်း

ခေါင်းစဉ်-“ဆရာဟူသည် စံနမူနာကောင်း”

| စဉ် | အမည် | အဆင့် | ရာထူး | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | ဒေါ်စိုးစန္ဒာကျော် | ပထမ | မူလတန်းကျောင်းအုပ် | တိုးတက်ရွာသစ်၊ အခြေခံပညာမူလတန်းကျောင်း၊ ရေးမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၂ | ဦးအောင်ပိုင်ထက် | ဒုတိယ | မူလတန်းပြ | စမ်းမကြီး၊ အခြေခံပညာအထက်တန်းကျောင်း (ခွဲ)၊ မကွေးမြို့နယ်၊ မကွေးတိုင်းဒေသကြီး |
| ၃ | ဒေါ်သော်ဇင်ချမ်းမြေ့သူ | တတိယ | မူလတန်းပြ | အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ ဘိုကလေးမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (စာစီစာကုံးပြိုင်ပွဲ)
## တက္ကသိုလ်/ကောလိပ်အဆင့် ဆုရ သင်တန်းသား၊ သင်တန်းသူများစာရင်း

ခေါင်းစဉ်-“လမ်းပြပမာ အာစရိယဆရာ”

| စဉ် | အမည် | အဆင့် | သင်တန်း | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | မောင်ရဲရင့်အောင် | ပထမ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း | မန္တလေးပညာရေးကောလိပ် |
| ၂ | မချို့မော်လွင် | ဒုတိယ | ပထမနှစ်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း | စစ်ကိုင်းပညာရေးကောလိပ် |
| ၃ | မခင်ငြိမ်းချမ်း | တတိယ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း | ရန်ကင်းပညာရေးကောလိပ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (စာစီစာကုံးပြိုင်ပွဲ)
## အခြေခံပညာအထက်တန်းအဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ်-“အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးပေးနိုင်သူ”

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မရည်မွန်မွန်ဦး | ပထမ | ဒသမတန်း | အမှတ် (၅) အခြေခံပညာအထက်တန်းကျောင်း၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | မနှင်းအိဇင်ဖြိုး | ဒုတိယ | ဒသမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ ထားဝယ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး |
| ၃ | မောင်ထက်ဝေယံ | တတိယ | ဒသမတန်း | အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း၊ မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (စာစီစာကုံးပြိုင်ပွဲ)
## အခြေခံပညာအလယ်တန်းအဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ်-“အနာဂတ်မျှော်လင့်ချက်များကို ဖန်တီးပေးနိုင်သူ”

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မပြည့်ဖြိုးခင် | ပထမ | သတ္တမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | မမေဇင်မောင် | ဒုတိယ | ဆဋ္ဌမတန်း | အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |
| ၃ | မထက်အိန္ဒြာကျော် | တတိယ | ဆဋ္ဌမတန်း | အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဝါးခယ်မမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ကဗျာပြိုင်ပွဲ)
## တက္ကသိုလ်/ကောလိပ်အဆင့် ဆုရ သင်တန်းသား၊ သင်တန်းသူများစာရင်း

ခေါင်းစဉ်-“လူသားဥယျာဉ်မှူး”

| စဉ် | အမည် | အဆင့် | သင်တန်း | တက္ကသိုလ်/ကောလိပ် |
|---|---|---|---|---|
| ၁ | မောင်ဥက္ကာ | ပထမ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း | မြောင်းမြပညာရေးကောလိပ် |
| ၂ | မောင်မွန်ချမ်း | ဒုတိယ | ဒုတိယနှစ်၊ လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်း | တောင်ငူပညာရေးကောလိပ် |
| ၃ | မမေမြတ်နိုးဦး | တတိယ | ပထမနှစ် (မြန်မာစာ) | မြိတ်တက္ကသိုလ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ကဗျာပြိုင်ပွဲ)
## အခြေခံပညာအထက်တန်းအဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ်-“ပညာပန်းများ ပွင့်စေသူ”

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မဝင်းရွှေကြည် | ပထမ | အဋ္ဌမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ မုဒုံမြို့နယ်၊ မွန်ပြည်နယ် |
| ၂ | မောင်စိုင်းလျှမ်းထက်အောင် | ဒုတိယ | အဋ္ဌမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ ကျောက်မဲမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| ၃ | မဖူးပြည့်စုံသူ | တတိယ | အဋ္ဌမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ကဗျာပြိုင်ပွဲ)
## အခြေခံပညာအလယ်တန်းအဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း

ခေါင်းစဉ်-“ပညာပန်းများ ပွင့်စေသူ”

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မောင်မင်းသူခန့် | ပထမ | သတ္တမတန်း | အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး |
| ၂ | မသန့်ရတီအောင် | ဒုတိယ | ဆဋ္ဌမတန်း | အခြေခံပညာအထက်တန်းကျောင်း (ခွဲ) မကျည်းမြိုင်၊ စစ်တွေမြို့နယ်၊ ရခိုင်ပြည်နယ် |
| ၃ | မသက်ရတနာဦး | တတိယ | ဆဋ္ဌမတန်း | အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်း၊ မြဝတီမြို့နယ်၊ ကရင်ပြည်နယ် |

## ၂၀၁၈ ခုနှစ်၊ ကမ္ဘာ့ဆရာများနေ့ (ပိုစတာပြိုင်ပွဲ)
## တက္ကသိုလ်/ကောလိပ်အဆင့် ဆုရ ကျောင်းသား၊ ကျောင်းသူများစာရင်း

| စဉ် | အမည် | အဆင့် | အတန်း | ကျောင်းအမည် |
|---|---|---|---|---|
| ၁ | မောင်ဖြိုးသူဟိန်း | ပထမ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်း၊ ပခုက္ကူပညာရေးကောလိပ် |
| ၂ | မောင်ကောင်းညီခ | ဒုတိယ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်း၊ ထားဝယ်ပညာရေးကောလိပ် |
| ၃ | မောင်သန်းတိုးအောင် | တတိယ | ဒုတိယနှစ် | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာဒီပလိုမာ သင်တန်း၊ လှည်းကူးပညာရေးကောလိပ် |

# ရုပ်ရှင်အနုပညာရပ်ဝန်းကို တတ်စွမ်းသမျှဖြင့် စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ ရုပ်ရှင်လောကသားများအနေဖြင့် ထိရောက်စွာအသုံးပြုစေလို

ရန်ကုန် စက်တင်ဘာ ၃၀

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်း (Film Analysis) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်း အမှတ်(၅၀) ရှိ ရုပ်ရှင်အနုပညာရပ်ဝန်းမှ ရုပ်ရှင်ပြခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်အမှာစကားပြောကြားသည်။** (အောက်ပုံ)





ပြည်ထောင်စုဝန်ကြီးက ပြန်ကြားရေးဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးလည်း တစ်ခုပါဝင်ကြောင်း၊ ရုပ်ရှင်နှင့်ပတ်သက်လျှင် ရုပ်ရှင်လောကသားများက အဓိက ဆောင်ရွက်ကြပြီး မိမိတို့အနေဖြင့် ဆောင်ရွက်နိုင်သည့် အစိတ်အပိုင်းများတွင် တတ်စွမ်းသမျှ ပါဝင်ကူညီဖြည့်ဆည်းပေးနေခြင်း ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ကဏ္ဍပေါင်းစုံတွင် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ယင်းကဏ္ဍမျိုးစုံအနက် ရုပ်ရှင်သည်လည်း တစ်ခုအပါအဝင် ဖြစ်ပါကြောင်း။

ရုပ်ရှင်နှင့်ပတ်သက်လျှင် အခြေခံအဆောက်အဦ၊ အနုပညာနှင့် အတတ်ပညာလုပ်ငန်းများနှင့် စီးပွားရေးကဏ္ဍစသည်ဖြင့် ပါဝင်နေပြီး ယင်းကဏ္ဍများအားလုံး ဖွံ့ဖြိုးတိုးတက်အောင် ထူထောင်ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ လေ့လာသင်ယူခြင်း၊ လေ့ကျင့်ခြင်း၊ ညှိနှိုင်းဆွေးနွေးခြင်းများဖြင့် တည်ဆောက်ရမည်ဟု မြင်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးရည်ရွယ်ပြီး ရုပ်ရှင်အနုပညာရပ်ဝန်းကို တတ်စွမ်းသမျှဖြင့် စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်ရာ ရုပ်ရှင်လောကသားများ အနေဖြင့် ထိရောက်စွာ အသုံးပြုစေလိုပါကြောင်း။

ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနုပညာရှင်၊ အတတ်ပညာရှင်များ အချင်းချင်း စိတ်ကူးစိတ်သန်းများ နှီးနှောဖလှယ်ရာ၊ အသိပညာမျှဝေရာ နေရာတစ်ခုအဖြစ် အသုံးပြုကြစေလိုပါကြောင်း၊ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံဉာဏ်များလည်းပေးစေလိုပြီး အကြံပြုချက်များအပေါ် စိတ်အားထက်သန်စွာဖြင့် တတ်စွမ်းသမျှ ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း၊ ကျင်းပခဲ့ပြီးဖြစ်သည့် မြန်မာရုပ်ရှင်ရာဇဝင်ဇာတ်ကားများ ရိုက်ကူးရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် ဆက်စပ်သည့် မြန်မာသမိုင်း ဖြစ်စဉ်ဖြစ်ရပ်များမှ ထူးခြားသည့် ပုဂ္ဂိုလ်များနှင့် စရိုက်လက္ခဏာများဆိုင်ရာ စာတမ်းဖတ်ပွဲကို မကြာမီ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်လိုသူများအတွက် အထောက်အကူပြုနိုင်မည်ဟု မြင်ပါကြောင်း၊ ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ရုပ်ရှင်သင်တန်းကျောင်းနှင့် စတူဒီယိုများ ပေါ်ပေါက်လာရေးအတွက်လည်း ရည်မှန်းချက်ထားရှိပြီး စီစဉ်ဆောင်ရွက်နေပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်ပညာရှင် ဒေါက်တာအောင်မင်းက Cinematheque Program ၏ ကဏ္ဍခွဲတစ်ရပ်ဖြစ်သည့် ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဆန်းစစ်ခြင်း (Film Analysis) နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ Art House Film အမျိုးအစားဖြစ်ပြီး ၁၉၉၉ ခုနှစ် Cannes Film Festival ရုပ်ရှင်ပွဲတော်တွင် Best Actress Winner ဆုနှင့် Plamed' or Winner ဆု ရရှိခဲ့သော ဒါရိုက်တာ Jean-Pierre and Luc Dardenne တို့ ရိုက်ကူးခဲ့သည့် "Rosetta" ရုပ်ရှင်ဇာတ်ကားကို ကြည့်ရှုကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ရုပ်ရှင်ကြည့် ပရိသတ်များနှင့် ပညာရှင်များက "Rosetta " ဇာတ်ကား၏ ဇာတ်လမ်း၊ ဇာတ်ညွှန်း ခွဲခြမ်းစိတ်ဖြာ လေ့လာဆန်းစစ်ခြင်းကို သုံးသပ်ဆွေးနွေးကြပြီး သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးနာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရုပ်ရှင်ချစ်ပရိသတ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အလားတူ Film Analysis ဆောင်ရွက်မှုကို စက်တင်ဘာ ၁၆ ရက်က ရုပ်ရှင်ပြခန်းမတွင် ရုပ်ရှင်ပညာရှင် ဒေါက်တာအောင်မင်းက ဦးဆောင်၍ ဒါရိုက်တာ Edward Yang ၏ Yi Yi ဇာတ်ကားကို ကြည့်ရှုပြီး ရုပ်ရှင်ဇာတ်ကားအပေါ် ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ခြင်းနှင့် ဝေဖန်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်းရှိ ဖလင်ပိုင္ဂကတ်တိုက်သို့ သွားရောက်ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲနှင့် Save Myanmar Film (SMF) တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်ရှင်ဖလင်များ ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှု အခြေအနေ၊ ရုပ်ရှင်ပြတိုက်ဖွင့်လှစ်ရန် လျာထားဆောင်ရွက်နေမှုနှင့် ပစ္စည်းများ စုဆောင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မြန်မာ့ရုပ်ရှင်လောက၏ သမိုင်းအမွေအနှစ်များဖြစ်သော နှစ်အလိုက် ထုတ်လုပ်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများနှင့် သတင်းမှတ်တမ်းများကို ပုံမှန်စုဆောင်းနေမှုမှ ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းတစ်ခုအဖြစ် ရုပ်ရှင်ပိုင္ဂကတ်တိုက်ကို ၁၉၈၁ ခုနှစ်က စတင် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၇ ခုနှစ် ဩဂုတ်တွင် SMF နှင့် ပူးပေါင်းကာ လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ဖလင်ပိုင္ဂကတ်တိုက်တွင် ထိန်းသိမ်းထားသည့် အဖြူ/အမည်း မြန်မာ့ရုပ်ရှင်ဇာတ်ကား ၁၂ ကားအနက် ၁၁ ကား၊ ရောင်စုံရုပ်ရှင်ဇာတ်ကား ၁၅၅ ကားအနက် ကား ၅၀၊ သတင်းမှတ်တမ်း ၂၉၈၄ ပိုင်းအနက် အပိုင်း ၁၀၀ တို့ကို စစ်ဆေး၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များဖြစ်သော စစ်ဆေးခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းများအပြင် ရှေးဟောင်းရုပ်ရှင်ဖလင်များ၊ ကြော်ငြာနှင့် ပိုစတာများ စုဆောင်းထိန်းသိမ်းခြင်း၊ မှတ်တမ်းနှင့် သုတေသန ပြုလုပ်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကလေးလူငယ် စွမ်းရည်၊ သုတ၊ ရသပြိုင်ပွဲ ကျင်းပနိုင်ရေး သတင်းစာရှင်းလင်းပွဲ ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**

Super Star Event Organization က ကြီးမှူးကျင်းပသော မန္တလေးမြို့၏ ကျောင်းသားလူငယ်များအတွက် သီတင်းကျွတ်ပွဲတော် ကလေးလူငယ် စွမ်းရည် သုတ၊ ရသပြိုင်ပွဲ၊ ပန်းချီ၊ ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများ ကျင်းပမည့်အစီစဉ်ကို ယနေ့ နံနက်က မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၆၈ ×၆၉)လမ်းကြား၊ ၃၂×၃၃ လမ်းကြားရှိ လူထုအခြေပြုဗဟိုဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ Super Star Organization မှ (CEO) & Marketing Manager ဒေါ်ပန်းချိုချိုနှင့် (CEO) & Leasting Manager ဒေါ်အေမီမျိုးနိုင်တို့က ပြိုင်ပွဲနှင့် ပတ်သက်၍ ကလေးလူငယ် စွမ်းရည်၊ သုတ၊ ရသပြိုင်ပွဲနှင့် ပတ်သက်၍ လုပ်ဆောင်ထားမှုများ၊ ရည်ရွယ်ချက်ပြိုင်ပွဲတွင် ပါဝင်မည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အကဲဖြတ်ဒိုင်များအဖြစ် ဆောင်ရွက်မည့် ဒိုင်တစ်ဦးက ပြိုင်ပွဲအမျိုးအစား၊ ပြိုင်ပွဲခေါင်းစဉ်၊ ပြိုင်ပွဲကျင်းပမည့် အချိန်၊ အမှတ်ပေးစည်းမျဉ်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသည့် မီဒီယာများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အဆိုပါ ကလေးလူငယ် စွမ်းရည်၊ သုတ၊ ရသပြိုင်ပွဲကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ် မနော်ရမ္မံအားကစားကွင်းတွင် အောက်တိုဘာ ၂၀ ရက်မှ ၂၁ ရက်အတွင်း နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲများတွင် အသက် ၂ နှစ်မှ ၅ နှစ်အထိ ကလေးငယ်များသည် အဆိုအက၊ ပုံပြော၊ တေးသရုပ်ဖော်နှင့် ပန်းချီဆွဲခြင်း စသည့် မိမိကြိုက်နှစ်သက်ရာ တစ်ခုကို ရွေးချယ်ယှဉ်ပြိုင်နိုင်ပြီး အသက် ၆ နှစ်မှ ၁၄ နှစ်အထိ ကလေးများသည် ကဗျာရွတ်ခြင်း၊ စာစီစာကုံးနှင့် တီထွင်မှုစသည်တို့ကို မိမိကြိုက်နှစ်သက်ရာ တစ်ခုကို ရွေးချယ်နိုင်မည်ဖြစ်ပြီး အသက် ၆ နှစ်မှ ၁၄ နှစ်အထိ မိမိအတန်းအလိုက် ယှဉ်ပြိုင်နိုင်မည်ဟု သိရသည်။

ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် Super Star Organization ဖုန်း-၀၉-၂၅၉၅၈၄၄၄၉ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

## မန္တလေးမြို့တွင် အနာဂတ်ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ကျင်းပ

**မန္တလေး စက်တင်ဘာ ၃၀**



အနာဂတ်ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သိပ္ပံလမ်းပေါ်ရှိ Mandalay Convention Centre တွင် ယနေ့ နံနက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့်ထုတ်ဝေသူများအသင်း ဥက္ကဋ္ဌ ဦးထွန်းထွန်းစိုးနှင့် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်း ဥက္ကဋ္ဌ ဦးမင်းဟန်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်၍ ဦးကျော်ဌေးမင်း (အောင်သိန်းသန်း အော့ဖ်ဆက် ရန်ကုန်)မှ Brand Power ' Quality ' Service Price Market' ဆိုင်ရာ ပုံနှိပ်လောကသားများ ရင်ဆိုင်ကြုံတွေ့နေရသော ဈေးကွက်အခြေအနေကို သုံးသပ်ရှင်းလင်းပြောကြားပြီး ဦးသိန်းဇံ (မြကျွန်းသာ၊ ရန်ကုန်)က Pre Press, 'Press' နှင့် Post Press 'ပုံမနှိပ်ခင်' ပုံနှိပ်ဆဲအဆင့်နှင့် ပုံနှိပ်ပြီးအဆင့် စသည့်အရည်သွေးကောင်းတို့ဖြင့် ပုံနှိပ်နည်းပညာရပ်ဆိုင်ရာ အသိပညာများကို ဦးစားပေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဦးဘုန်း(ခတ္တ) က "ပုံနှိပ်ထုတ်ဝေရေး ရေစီးကြောင်း" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဦးသူရိန်ထွန်းက "ပုံနှိပ်လုပ်ငန်း အောင်မြင်ခြင်းဗျူဟာ" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် " ပုံနှိပ်လောကရဲ့ အနာဂတ်ဆီသို့" ခေါင်းစဉ်ဖြင့် ဦးတင်ဇံကျော်၊ ဦးသိန်းဇံ၊ ဦးသူရိန်ထွန်း၊ဦးဘုန်းနှင့် ဦးဝင်းတင်တို့က ဦးဆောင်၍ဆွေးနွေးကြပြီး ပုံနှိပ်လောကနှင့်ပတ်သက်၍ တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းရာ ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။ ထို့နောက် အနာဂတ်ပုံနှိပ်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါဖိုရမ်သို့ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အသင်းဝင်ပုံနှိပ်ထုတ်ဝေသည့်စီးပွားရေးလုပ်ငန်းရှင်များ၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့မှ ပုံနှိပ်ရေးလုပ်ငန်းရှင်များ၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များနှင့် တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ခင်းကျင်းပြသထားသည့် ခေတ်မီနည်းပညာအဆင့်မြင့် ပုံနှိပ်စက်များဖြင့် ကောင်းမွန်လျင်မြန်စွာ ထုတ်ဝေမှုဆိုင်ရာတို့ကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**တင်မောင် (မန်းကိုယ်ပွား)**

## မုတ်သုံလေ အားနည်းနေ

**နေပြည်တော် စက်တင်ဘာ ၃၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန် တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် နှစ်ပေမှ ငါးပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ၂၀၁၈ - ၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

၃၄။ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာနှင့် အခြားအဖိုးတန်ကျောက်မျက်ရတနာ အရိုင်းထည်များ တူးဖော်ထုတ်လုပ်ခြင်း၊ ကျောက်မျက်ရတနာအချောထည်နှင့် လက်ဝတ်ရတနာများ ထုတ်လုပ်ခြင်း၊ ဝယ်ယူရောင်းချခြင်းလုပ်ငန်းတို့သည်-

(က) ကျောက်မျက်ရတနာ သို့မဟုတ် လက်ဝတ်ရတနာများကို ကျပ်ဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေဖြင့်ဖြစ်စေ ရောင်းချရရှိသည့် ရောင်းရငွေအပေါ်တွင်-

(၁) ဤဥပဒေ ပုဒ်မ၁၁ပါ အခွန်နှုန်းများအတိုင်း အထူးကုန်စည်ခွန် ထမ်းဆောင်ရမည်။

(၂) ဤဥပဒေပုဒ်မ၁၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ)တို့အရ ပြည်ပမှတင်သွင်းခြင်း၊ထုတ်လုပ်ရောင်းချခြင်းနှင့် ကုန်သွယ်မှုလုပ်ငန်းဆောင်ရွက်ခြင်းအတွက် ငါးရာခိုင်နှုန်းဖြင့်ကုန်သွယ်လုပ်ငန်းခွန် ပေးဆောင်ရမည်။

(၃) ပုဒ်မခွဲငယ်(၂)ပါပြဋ္ဌာန်းချက်သည် မစည်းကြပ်ထိုက်သည့် ရောင်းရငွေပမာဏ သတ်မှတ်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ဝင်ငွေနှစ်အတွင်းရရှိသည့် စုစုပေါင်းအသားတင်အမြတ်ဝင်ငွေအပေါ်တွင် ဤဥပဒေပါ ဝင်ငွေခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ထမ်းဆောင်ရမည်။

**အခန်း (၉)**

**အထွေထွေ**

၃၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အခွန်ကောက်ခံမှုအထောက်အကူပြုအဖွဲ့များကို အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဖွဲ့စည်းဆောင်ရွက်ရမည်။

၃၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်အတွင်း ထုတ်လုပ်သည့်ကုန်စည်များနှင့် ပြည်ပမှ တင်သွင်းသည့်ကုန်စည်များ ဈေးကွက်အတွင်း ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက်လည်းကောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အဓိကမှီတည်ဆောင်ရွက်နေရသည့် ပြည်တွင်းစိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ၊ နိုင်ငံတော်အတွင်းဆောင်ရွက်လျက်ရှိကြသည့် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရေရှည်အကျိုးစီးပွားဖြစ်ထွန်းတိုးတက်လာစေရန်လည်းကောင်း၊ နိုင်ငံတော်မှ ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့် ဆန့်ကျင်ခြင်းမရှိစေဘဲ အောက်ပါတို့ကို ဆောင်ရွက်ပေးရမည်-

(က) ကုန်စည်များတင်သွင်းခွင့်ပြုသည့်ပမာဏ၊ အကောက်ခွန်နှုန်းထားများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့နှင့် အာဆီယံလွတ်လပ်သောကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ မူဘောင်အတွင်းမှ အာဆီယံဒေသတွင်း နိုင်ငံများနည်းတူ အမြင့်ဆုံးရရှိနိုင်သည့်အခွင့်အရေး၊ သက်သာခွင့်များရရှိစေနိုင်ရန် ဆောင်ရွက်ပေးခြင်း၊

(ခ) အကောက်ခွန်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေ၊ ပို့ကုန်သွင်းကုန် ခွင့်ပြုခြင်းနှင့် ခွဲတမ်းသတ်မှတ်ပေးခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း ပြဋ္ဌာန်းချက်များနှင့် အညီဖြစ်စေ လိုအပ်သည့် အစီအမံများကိုဆောင်ရွက်ပေးခြင်း။

၃၇။ (က) ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့် အညီ ခံစားနိုင်သော အခွန်ဆိုင်ရာသက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအားအသိပေးခြင်း၊သက်သာခွင့်များနှင့်အညီ အခွန်ကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာတာဝန်ကျေပွန်သည့် အခွန်ဝန်ထမ်းများ၊အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်းနှင့် ထိုက်သင့်သောချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်းတို့ကို ပြုလုပ်ပေးရမည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည်အခွန်စနစ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက်ပုဒ်မခွဲ (က) ပါလုပ်ငန်းရပ်များကို အကောင်အထည်ဖော်ရာတွင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၌ ပြည်တွင်းအခွန်များဦးစီးဌာန၏သာမန်အသုံးစရိတ်အဖြစ် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုပေးနိုင်သည်။

(ဂ) စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသည် ပုဒ်မခွဲ(ခ)ပါအသုံးစရိတ်များအား အခွန်ကောက်ခံမှုဆိုင်ရာ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံ့ဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် အညီသုံးစွဲနိုင်သည်။

၃၈။ အခွန်မပေး ဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် အထူးကုန်စည်ခွန်ဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဂ) အရတပ်ရိုက်သည့်ဒဏ်ငွေအဖြစ် ကောက်ခံရရှိငွေ၏ ၂၀ရာခိုင်နှုန်းကို သတင်းပေးတင်ပြသူအားလည်းကောင်း၊ ၃၀ ရာခိုင်နှုန်းကို ရှာဖွေဖမ်းဆီးသည့်အဖွဲ့အားလည်းကောင်းဆုကြေးအဖြစ်ချီးမြှင့်ရမည်။ သတင်းပေးတင်ပြသူ မည်သူမည်ဝါဖြစ်ကြောင်းကို အစိုးရကိစ္စမှတစ်ပါး ထုတ်ဖော်ခြင်းမပြုရ။

၃၉။ (က) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအတွက် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

( ခ ) နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှအပ ကျန်အခွန်ထမ်း အားလုံးအတွက် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ၂၀၁၉ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိ အကျိုးသက်ရောက်စေရမည်။

၄၀။ ဘဏ္ဍာရေးနှစ်ပြောင်းလဲခြင်းအတွက် သက်ဆိုင်ရာဥပဒေတွင် မည်သို့ပင်ပြဋ္ဌာန်းထားစေကာမူ အကူးအပြောင်းကာလအတွင်း အခွန်ကောက်ခံမှုဆိုင်ရာလုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနက ထုတ်ပြန်သတ်မှတ်နိုင်သည်။

၄၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အထူးကုန်စည်ခွန်ဥပဒေ၊ကုန်သွယ်လုပ်ငန်းခွန်ဥပဒေနှင့် ဝင်ငွေခွန်ဥပဒေတို့တွင် ပါရှိသော နှစ်၊ဝင်ငွေနှစ် သို့မဟုတ် ရောင်းရငွေ သို့မဟုတ် ဝန်ဆောင်မှုရငွေရရှိသောနှစ်ဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်စပ်လျဉ်း၍နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အပါအဝင် အခွန်ထမ်းများအားလုံးအတွက် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်းဖြစ်စေရေး ဆောင်ရွက်ရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စု၏အခွန်အကောက်များ ကောက်ခံရန်မူလလျာထားချက်**

ဇယား(၁)

ကျပ်သန်းပေါင်း

| အမှတ်စဉ် | | ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ခံဝန်ကြီးဌာနများ | အကြောင်းအရာ | ၂၀၁၈-၂၀၁၉ ခန့်မှန်းခြေ |
|---|---|---|---|---|
| ၁ | | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန် အကောက်** | **၃,၈၆၂,၇၈၅.၉၄၄** |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | ယစ်မျိုးခွန်၊ | ၁, ၀၈၄.၂၇၅ |
| | ၂ | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ကုန်သွယ်လုပ်ငန်းခွန်၊ | ၂,၁၂၂,၈၃၈.၅၄၇ |
| | ၃ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန | သွင်းကုန်အတွက်လိုင်စင်ကြေး၊ ပါမစ်ကြေးများ | ၇,၀၀၀.၀၀၀ |
| | ၄ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ | ၁၄၂,၇၈၁.၆၁၂ |
| | ၅ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ၊ | ၁၂၁,၄၀၀.၀၀၀ |
| | ၆ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ရုံးခွန်နှင့်တံဆိပ်ခေါင်းခွန်၊ | ၇၄,၆၃၆.၇၁၉ |
| | ၇ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | မှတ်ကောင်ဝတ်ဆံသွင်းအခွန်၊ | ၇၂၀.၀၀၀ |
| | ၈ | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန | ခရီးလှည့်လည်ရေးလိုင်စင် / ဟိုတယ်နှင့် တည်းခိုရိပ်သာလိုင်စင် / ခရီးသွားလာသူများ ပို့ဆောင်ရေးလိုင်စင် / ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး၊ | ၈၆၅.၄၇၅ |
| | ၉ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အထူးကုန်စည်ခွန်၊ | ၁,၃၉၁,၄၅၉.၃၁၆ |
| ၂ | | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက် | ၂,၃၂၄,၈၁၆.၃၂၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | ဝင်ငွေခွန် | ၂,၃၂၄,၈၁၆.၃၂၀ |
| ၃ | | | အကောက်ခွန် | ၅၃၀,၀၀၀.၀၀၀ |
| | ၁ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အကောက်ခွန် | ၅၃၀,၀၀၀.၀၀၀ |
| ၄ | | | နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့်အခွန်ကောက် | ၈၅၈,၃၃၁.၉၅၀ |
| | ၁ | ပြည်ထဲရေးဝန်ကြီးဌာန | မြေယာပေါ်တွင်ကောက်ခံသည့်အခွန်၊ | ၁၀.၃၉၂ |
| | ၂ | နေပြည်တော်ကောင်စီ | ရေခွန်၊ | ၇၆.၀၀၃ |
| | ၃ | ပြည်ထဲရေးဝန်ကြီးဌာန | တာတမံခွန်၊ | ၀.၀၂၅ |
| | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့် အတွက် ကောက်ခံသည့် သစ်တောခွန်၊ | ၅,၁၀၀.၀၀၀ |
| | ၅ | ပြည်ထဲရေးဝန်ကြီးဌာန | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း တွင်းထွက်နှင့်အလှဆင်ကျောက်များမပါ)၊ | ၄၅.၀၄၈ |
| | ၆ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ၊ | ၂,၆၀၇.၀၀၀ |
| | ၇ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်၊ | ၄၁၀,၃၁၃.၂၁၂ |
| | ၈ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန | ဓာတ်သတ္တုခွန်နှင့်ရတနာခွန်၊ | ၃၀,၃၆၈.၀၀၀ |
| | ၉ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ၊ | ၃၉၆,၉၆၃.၈၀၀ |
| | ၁၀ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန | ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့်ဓာတ်အားခ | ၁၂,၁၉၇.၉၂၀ |
| | ၁၁ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန် | ၆၅၀.၅၅၀ |
| | | **စုစုပေါင်း** | | **၇,၅၇၅,၉၃၄.၂၁၄** |

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအသိပညာပေးဟောပြော

**ရေဦး စက်တင်ဘာ ၃၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရွှေဘိုနှင့်ရေဦးမြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးဦးစီးဌာန မြို့နယ်လျှပ်စစ်အင်ဂျင်နီယာမှူးများနှင့် ဝန်ထမ်းများပူးပေါင်း၍ စက်တင်ဘာ ၂၈ ရက်က အထက(၁)ကံ့ကော်ဆောင်ခန်းမ၌ ကျောင်းသား ကျောင်းသူများ လျှပ်စစ်အသိ လျှပ်စစ်သတိရှိစေရန်အတွက် အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူများအနေဖြင့် လျှပ်စစ်ဓာတ်ကြိုးများသည် လျှပ်စစ်ဓာတ်အားရှိနိုင်သည်ဟုမှတ်ယူရမည်၊ ဓာတ်တိုင်မှ အိမ်မီတာသို့ သွယ်တန်းထားသော ဆားဗစ်ကြိုးများ ဆွေးမြည့်ပေါက်ပြဲနေပါက အမြန်ဆုံးလဲလှယ်ကြရမည်။ အိမ်တွင်းဝိုင်ယာကြိုးများပေါက်ပြဲခြင်း၊ မီးခလုတ်များပျက်စီးခြင်းကို ပြုပြင်ရမည်၊ အရည်အသွေးကောင်းမွန်သောလျှပ်စစ်ပစ္စည်းများကိုသာ အသုံးပြုရမည်၊ ဓာတ်လိုက်မှုဖြစ်ပွားလျှင် မိန်းခလုတ်ကိုအမြန်သွားရောက်ပိတ်ကြရမည်စသော ဓာတ်အားသုံးစွဲသူများ အစဉ်သတိပြုရမည့်အချက်များကိုလည်းကောင်း၊ လျှပ်စစ်ပစ္စည်းများ ကိုင်တွယ်အသုံးပြုရာတွင် အိမ်သုံးလျှပ်စစ်ပစ္စည်းများအား ရေစိုလက်၊ ရေစိုနေသော ခန္ဓာကိုယ်ရေစိုအဝတ်ဝတ်လျက်ကိုင်တွယ်ခြင်း၊ သမံတလင်းမြေမြင်ပေါ်၌ဖိနပ်မစီးဘဲ ကိုင်တွယ်ခြင်း၊ နေအိမ်ရှိလျှပ်စစ်ပစ္စည်းများအား တစ်ပြိုင်တည်း အသုံးပြုခြင်း ဓာတ်အားလိုင်းအနီး ဓာတ်အားလိုင်းပေါ်ရှိသစ်ပင်၊ သစ်ကိုင်းများကို လျှပ်စစ်ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ခုတ်လှဲခြင်း ဓာတ်လိုက်မှု အန္တရာယ်ရှိနိုင်သဖြင့် နေအိမ်ဝင်းခြံစည်းရိုး၊ သံပန်းသံတံခါး၊ သံဆန်ခါများတွင် မီးကြိုးများသွယ်တန်းချည်နှောင်ထားခြင်း၊ လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို ကလေးငယ်များလက်လှမ်းမီသောနေရာတွင်ထားခြင်း၊ ပျက်စီးနေသော မီးပလပ်ဆော့ကက်များအသုံးပြုခြင်း ဓာတ်လိုက်နေသောသူအား လက်ဖြင့်ဆွဲခြင်းမပြုကြရန် ရှင်းလင်းပြောကြားသည်။ ဓာတ်အားလိုင်းကြိုးများပျက်ကျခြင်း၊ လျော့ကျခြင်း၊ ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်သစ်ကိုင်းများလဲကျ၊ ကျိုးကျနေခြင်းတွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ဌာနများသို့ ဆက်သွယ်အသိပေး အကြောင်းကြားရန် မှာကြားခဲ့ပြီး လျှပ်စစ်ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းထိုက် (ရေဦး )**

# ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေကျပ်သိန်း ၁၃၃၀ ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရခိုင်ပြည်နယ်အစိုးရအဖွဲ့အား လွှဲပြောင်းပေးအပ်

စစ်တွေ စက်တင်ဘာ ၃၀

**ရခိုင်ပြည်နယ်ရှိ ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်သူများအကြား သဟဇာတရှိရှိ ငြိမ်းချမ်းစွာနေထိုင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြမ်းဖက်မှုဖြစ်စဉ်များ ကြုံတွေ့ခံစားခဲ့ရသည့် ရခိုင်၊ ကမန်၊ ခမီ၊ ဒိုင်းနက်၊ မရာမာကြီး၊ မြိုနှင့် သက် လူမျိုးစုတို့အား ထောက်ပံ့ပေးနိုင်ရန်အတွက် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် (His Holiness Pope Francis) လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေကျပ်သိန်း ၁၃၃၀ အား လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းမေတ္တာအဖွဲ့မှဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အဖွဲ့ဝင် ပြည်မြို့ သာသနာပိုင်ဆရာတော် ဦးပြုံးချိုတို့က လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ပုပ်ရဟန်းမင်းကြီး ဖရန့်စစ် (His Holiness Pope Francis)မှ လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေကျပ်သိန်း ၁၃၃၀ အား ပြည်ထောင်စုဝန်ကြီးက ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယနေ့လွှဲပြောင်းပေးအပ်သည့် အလှူငွေများကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မောင်တောမြို့နယ်အတွင်းရှိ ရွှေဇားကျေးရွာ၊ ဖော်ကီတောင်ကျေးရွာ၊ သက်ကိုင်ညာကျေးရွာ၊ ကြိမ်ချောင်းကျေးရွာနှင့် ငါးခူရကျေးရွာတို့၏ ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ပေါ်ရှိ မဏိရတနာကျောင်းတိုက်၊ ဓမ္မသုခကျောင်းတိုက်နှင့် ဒက္ခိဏာရာမကျောင်းတိုက်များသို့ သွားရောက်၍ ကျောင်းတိုက်ပဓာနနာယက ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများကို လျှောက်ထားတင်ပြသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် အခက်အခဲဖြစ်နေတာကို ကူညီပေးတာဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်

**ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု**

**စစ်တွေ စက်တင်ဘာ ၃၀**

ပုပ်ရဟန်းမင်းကြီး His Holiness Pope Francis မှ လှူဒါန်းသော အမေရိကန်ဒေါ်လာ တစ်သိန်းနှင့်ညီမျှသည့် မြန်မာငွေအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ရခိုင်ပြည်နယ်အစိုးရအဖွဲ့သို့ ယနေ့နံနက်ပိုင်းက လွှဲပြောင်းပေးအပ်သည်။



ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု



ဦးအေးလွင်



ဦးမြင့်ဆွေ

အလှူငွေပေးအပ်ပွဲတွင် “ ဒီနေ့လှူဒါန်းပွဲမှာ ပုပ်ရဟန်းမင်းကြီးက ကျွန်တော်တို့ဒေသ၊ အထူးသဖြင့် မောင်တောဒေသမှာ အကြမ်းဖက်ဖြစ်စဉ်တွေ ဖြစ်ပွားပြီးနောက် ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေကို ကူညီချင်တဲ့ သူ့ရဲ့စေတနာအရ သူကိုယ်တိုင် မလာရောက်နိုင်သော်လည်း သူ့ကိုယ်စား အဖွဲ့အစည်းက လာရောက်လှူဒါန်းတာ ဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး လှူဒါန်းတဲ့ငွေက အမေရိကန်ဒေါ်လာတစ်သိန်း ဖြစ်ပါတယ်။ ဒီငွေကို ဒုက္ခရောက်နေတဲ့ ပြည်သူတွေ တိုက်ရိုက်အကျိုးရှိနိုင်အောင် အထူးသဖြင့် ရေရှည်လည်းအကျိုးဖြစ်မယ့် လမ်းတွေ၊ ရေတွင်းရေကန်တွေ စတဲ့ သူတို့ရဲ့လူမှုရေး လိုအပ်ချက်တွေမှာ အကျိုးရှိအောင် အသုံးပြုသွားဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားသည်။

ထို့အပြင် “ ဒါကို အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားမှာပါ။ အခုလိုလှူဒါန်းတဲ့အတွက် ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဝမ်းသာမဆုံးဖြစ်မိပါတယ်။ ဒုက္ခရောက်နေတဲ့ ပြည်သူတွေအတွက် အခက်အခဲဖြစ်နေတာကို ကူညီပေးတာဟာ အင်မတန်ဝမ်းသာစရာကောင်းပါတယ်။ ကျွန်တော်တို့ အစိုးရအဖွဲ့အနေနဲ့ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေး ဆောင်ရွက်လျက်ရှိရာမှာ လတ်တလော ဆောင်ရွက်လို့ရတာတွေကို ဆောင်ရွက်နေသလို၊ ရေရှည်ဆောင်ရွက်ရမယ့် လုပ်ငန်းတွေကိုလည်း အစီအစဉ်တကျ ဆောင်ရွက်နေပါတယ်။ ပြည်နယ်အနေနဲ့ လုပ်နိုင်တာတွေ အပြင် နိုင်ငံတော်အစိုးရကလည်း အများကြီးပံ့ပိုးဖြည့်ဆည်းပေးထားတဲ့အတွက် ဒီလုပ်ငန်းတွေလည်း အများကြီးလုပ်ဖြစ်ပါတယ်။ အကျိုးလည်းရှိပါတယ်။ အလားတူ ဒီနေ့အခမ်းအနားလို နိုင်ငံတကာအလှူရှင်တွေနဲ့ ပြည်တွင်း ပြည်ပက အလှူရှင်များကလည်း လှူဒါန်းမှုတွေ အများကြီးဆောင်ရွက် ပေးတဲ့အတွက် လုပ်ငန်းတွေလည်း အများကြီးအောင်မြင်မှုတွေ ရှိသလို တိုးတက်မှုတွေလည်းရှိပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

အလှူငွေ လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ “ကျွန်တော်တို့ အခုလာတာက ဒုတိယအကြိမ်ဖြစ်ပါတယ်။ ပုပ်ရဟန်းမင်းကြီး လှူဒါန်းတဲ့ အမေရိကန်ဒေါ်လာ တစ်သိန်းကို ကျွန်တော်တို့ကနေတစ်ဆင့် သာသနာရေးဝန်ကြီးကို လှူပါတယ်။ သာသနာရေးဝန်ကြီးကတစ်ဆင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကို ကယ်ဆယ်ရေးလုပ်ငန်းတွေ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာသုံးဖို့အတွက် လာရောက်လှူဒါန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းမေတ္တာအဖွဲ့အနေနဲ့ နိုင်ငံတကာမှာ အဖွဲ့ခွဲပေါင်း ၉၀ ကျော်ရှိပါတယ်။ အဲဒါတွေကို ကွန်ရက်ချိတ်ဆက်ပြီး အလုပ်လုပ်နေပါတယ်။ လာမယ့် နှစ်နှစ်တာကာလအတွင်း ၂၀၂၀ ပြည့်နှစ်မှာ ရခိုင်ပြည်နယ်သာမက ရှမ်းပြည်နယ် မြောက်ပိုင်း၊ ကချင်ပြည်နယ်စတဲ့ မငြိမ်းချမ်းတဲ့နေရာတွေ၊ ပဋိပက္ခ ဖြစ်ပွားတဲ့နေရာတွေ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ ပြန်လည်ပေါင်းစည်းရေး၊ ငြိမ်းချမ်းရေးကိစ္စရပ်တွေကို ဘာသာရေးခေါင်းဆောင်တွေကနေတစ်ဆင့် ကူညီဆောင်ရွက်ဖို့ဆိုပြီး ကျွန်တော်တို့ လုပ်ငန်းစဉ်ချမှတ်ထားပါတယ်။ လာမယ့် နိုဝင်ဘာလထဲမှာ နိုင်ငံတကာက ဘာသာရေးခေါင်းဆောင်တွေ၊ ပြည်တွင်းက ဘာသာရေးခေါင်းဆောင်တွေ၊ အဖွဲ့အစည်းအသီးသီးက NGO တွေ၊ သံတမန်တွေ ပါဝင်တဲ့ ဆွေးနွေးပွဲကြီးတစ်ခုကို နေပြည်တော်မှာကျင်းပဖို့ ပြင်ဆင်နေပါတယ်” ဟု ငြိမ်းချမ်းမေတ္တာအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောသည်။

ငြိမ်းချမ်းမေတ္တာ အမြဲတမ်းအဖွဲ့ဝင် အစ္စလာမ်ဘာသာ ကိုယ်စားလှယ် ဦးအေးလွင်က “ကျွန်တော်တို့ လှူတဲ့ငွေတွေကို ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်ပြီး လိုအပ်တဲ့နေရာတွေမှာ သုံးဖို့ နှောင်ကြိုးမဲ့အလှူ ဖြစ်ပါတယ်။ မေတ္တာတရားနဲ့ ငြိမ်းချမ်းရေးတရားကို ဘာသာရေး ရှုထောင့်ကနေပြီး ပြည်သူတွေကို နှလုံးစိတ်ဝမ်းငြိမ်းချမ်းအောင်လုပ်ပါမယ်။ ဒါ့အပြင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာ တစ်နိုင်တစ်ပိုင်လုပ်ဖို့ အစီအမံတွေရှိပါတယ်။ ဒါပထမဆုံး ခြေလှမ်းတွေပဲ ရှိပါသေးတယ်။ ဆက်ပြီးဆောင်ရွက်ဖို့ အစီအစဉ်တွေရှိပါတယ်။ ကျွန်တော်တို့က ဘာသာရေးအခြေခံတယ်။ ကျွန်တော်တို့ ဘာသာရေး ရှုထောင့်ကနေပြီး ငြိမ်းချမ်းရေးနဲ့ မေတ္တာ၊ ခွင့်လွှတ်မှုနဲ့ သည်းခံမှု၊ မတူကွဲပြားမှုတွေကို အားလုံးက နားလည်သဘောပေါက်အောင် ကျွန်တော်တို့ ဘာသာအသီးသီးက ဘာသာရေးခေါင်းဆောင်ကြီးများက ရည်ရွယ်ချက်ရှိပါတယ်။ အဲဒီ အစီအမံတွေနဲ့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ကို လာရောက်ခြင်းဖြစ်ပါတယ်” ဟု ပြောသည်။

**တွေ့ဆုံမေးမြန်း - ကံထွန်း(ဟံသာမြေ)**
**ဓာတ်ပုံ - တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်း အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



**အမ်း စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ရခိုင်ပြည်နယ် လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များတွေ့ဆုံ၍ မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ယနေ့နံနက်က ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်းက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ကိစ္စရပ်များ၊ အမ်းမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ တာတမံတည်ဆောက်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က မြို့နယ်အတွင်းဒေသဆိုင်ရာ ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ တင်ပြဆွေးနွေးသည်။

ယင်းနောက် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များက မိမိတို့ဒေသအတွင်း လတ်တလောဖြစ်ပေါ်နေသည့် အခြေအနေများနှင့် မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများ ရှင်းလင်းတင်ပြ ဆွေးနွေးကြပြီး တင်ပြချက်များအပေါ် ရခိုင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌက သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# “တည်ကြက်”ရုပ်ရှင်ဇာတ်ကား အောက်တိုဘာ ၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့်ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်



ဒါရိုက်တာ စတီးလ်



သရုပ်ဆောင် နေတိုး



သရုပ်ဆောင် နေမျိုးအောင်



သရုပ်ဆောင် နန်းခင်ဇေယျာ



သရုပ်ဆောင် ယဉ်လက်

**ရန်ကုန် စက်တင်ဘာ ၃၀**

လူစွမ်းကောင်း ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်ပြီး ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ) ရိုက်ကူးထားသည့် “တည်ကြက်”ရုပ်ရှင် ဇာတ်ကား စာနယ်ဇင်းအကြိုမိတ်ဆက်ပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက် ၇ နာရီခွဲက ရန်ကုန်မြို့ သမ္မတ အဆင့်မြင့်ရုပ်ရှင်ရုံ၌ ပြသခဲ့ပြီး အောက်တိုဘာ ၅ ရက်မှ စတင်၍ မြန်မာတစ်နိုင်ငံလုံးရှိ အဆင့်မြင့် ရုပ်ရှင်ရုံကြီးများတွင် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် နေတိုးက “ဒီဇာတ်ကားထဲမှာ လမ်းပြတစ်ယောက်အနေနဲ့ ပါဝင်သရုပ်ဆောင်ထားတာပါ။ မိန်းကလေး ခြောက်ယောက်နဲ့ တောထဲမှာ ကြမ်းတမ်းတဲ့ ခရီးကိုဖြတ်သန်းရင်း အခက်အခဲ အဖြစ်အပျက်တွေ ကြုံတဲ့အခါ ဦးစီးဦးဆောင်လုပ်ပေးတဲ့ လမ်းပြတစ်ယောက်ပုံစံမျိုးပါ။ ရုပ်ရှင်ဇာတ်ကားကြီးအနေနဲ့ အခုလို စွန့်စားတဲ့ ဇာတ်ကားမျိုးရိုက်တာ ဒါဟာ ပထမဆုံးပါပဲ။ မင်းသား၊ မင်းသမီးတွေ အကုန်လုံးက ဒီဇာတ်ကားကြီး ကောင်းဖို့အတွက် ကိုယ့်တာဝန်ကိုယ် ကျေအောင်ကြိုးစားထားကြပါတယ်။ ဒီဇာတ်ကား ရိုက်တုန်းက ပျော်ရွှင်စရာတွေရှိသလို ခက်ခဲကြမ်းတမ်းမှုတွေလည်း ရှိခဲ့ပါတယ်” ဟု ပြောသည်။

အဆိုပါ ဇာတ်ကားတွင် နေတိုး၊ နေမျိုးအောင်၊ သင်ဇာဝင့်ကျော်၊ ရွှေသမီး၊ ယဉ်လက်၊ နန်းခင်ဇေယျာ၊ မေမြတ်နိုး၊ ချောကလျာ၊ ကြယ်ဖြူရှင်းသန့်နှင့် အခြားသော အနုပညာရှင်များပါဝင်ပြီး မုဆိုးတစ်ဦးက မိန်းမပျိုတစ်စုကို လမ်းပြလုပ်ရင်း တောတွင်း၌ ကြုံတွေ့ရသည့် အဖြစ်အပျက်များ၊ အခက်အခဲများနှင့် ရင်ဆိုင်ကျော်လွှားခဲ့ရပုံများကို ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ ရိုက်ကူးထားသည့် တောတွင်းစွန့်စားခန်း ဇာတ်ကားမျိုးဖြစ်ကြောင်း သိရသည်။

သရုပ်ဆောင် နေမျိုးအောင်က “ဒီဇာတ်ကားထဲမှာ အစ်ကိုပါဝင်ရတဲ့အခန်းက နည်းပါတယ်။ ပါဝင်ရတဲ့ ဇာတ်ဝင်ခန်းတွေက အရေးပါတဲ့ အခန်းတွေပါ။ အမှတ်တရတွေ၊ အခက်အခဲတွေကတော့ အများကြီးပါ။ ဒီဇာတ်ကားမှာ မင်းသမီးတွေ အများကြီးပါတယ်။ ရိုက်တဲ့အချိန်တုန်းက အားလုံးပင်ပန်းကြတယ်။ ရိုက်ရတဲ့နေရာတွေက လမ်းတွေဆိုးတယ်။ တချို့နေ့ရက်တွေဆိုရင် ရှုတင်ထမင်းတောင် နောက်ကျမှ စားခဲ့ရတယ်” ဟု ပြောသည်။

သရုပ်ဆောင် နန်းခင်ဇေယျာက “ဒီဇာတ်ကားထဲမှာ အလှအပကြိုက်တဲ့ ကောင်မလေးတစ်ယောက်အနေနဲ့ သရုပ်ဆောင်ထားတာပါ။ တောတွင်းမှာ ရိုက်ထားတာဆိုပေမယ့် မင်းသမီးတွေ အကုန်လုံးက သူ့ဇာတ်ရုပ်နဲ့သူ ပါဝင်ထားကြတာပါ။ အတွေ့အကြုံတွေလည်း ရပါတယ်။ ပျော်လည်းပျော်ခဲ့ရပါတယ်။ အမှတ်တရတွေလည်း အများကြီးပါ။ တောတွင်းလမ်းတွေအတိုင်း ကိုယ့်ပစ္စည်း၊ ကိုယ့်အထုပ်ကိုယ်ကိုင်ပြီး ရိုက်ကွင်းနေရာကို နာရီဝက်လောက်ကြာအောင် လမ်းလျှောက်ပြီး သွားခဲ့ရတယ်” ဟု ပြောသည်။

ပရိသတ်အတွက် ဇာတ်ကားကောင်းတစ်ကား ပြသနိုင်ရန် ရည်ရွယ်ချက်ဖြင့် အပင်ပန်းခံကာ ကြိုးစားရိုက်ကူးခဲ့ခြင်းဖြစ်ပြီး ရိုက်ကူးရန်အတွက်လည်း လေးလခန့် အချိန်ယူပြင်ဆင်ခဲ့ကြောင်း၊ နယ်မြေအသစ်များကို ရှာဖွေကာ ရိုက်ကူးထားခြင်းဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုး-သီပေါလမ်းနှင့် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တောတောင်၊ လျှိုမြောင်၊ ချောက်များတွင် သွားရောက်ရိုက်ကူးခဲ့ကြောင်း၊ လူငယ်များအတွက် မှတ်သားစရာများ ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း ဒါရိုက်တာ စတီးလ် (ဒွေးမေတ္တာ)က ပြောသည်။

သရုပ်ဆောင် ယဉ်လက် က “ဒီဇာတ်ကားထဲမှာ စင်ဒီဆိုတဲ့ ကောင်မလေးတစ်ယောက်ပါ။ ယောကျ်ားလေး နည်းနည်းဆန်တယ်။ ကောင်မလေးတွေကိုတော့ ချစ်တယ်။ လမ်းပြလုပ်ပေးတဲ့ ကိုနေတိုး ကို အမြင်မကြည်ဘူး။ အဲဒီလို ပုံစံလေး ပါဝင်ထားတာပါ။ ဒီဇာတ်ကားရိုက်ဖို့အတွက် ဒါရိုက်တာလိုချင်တဲ့ ဇာတ်ရုပ်မျိုးဖြစ်အောင် အများကြီးပြင်ဆင်ခဲ့ရပါတယ်။ အခက်အခဲတွေလည်း အများကြီးရှိခဲ့ပါတယ်။ ရိုက်ကွင်းထဲက လမ်းနေရာ တချို့ဆိုရင် ကြိုးတွေနဲ့ တွယ်ပြီး တက်ခဲ့ရတာတွေရှိတယ်။ ဒီဇာတ်ကားနဲ့ ပတ်သက်ပြီး လေ့လာစရာတွေ အများကြီးရခဲ့ပါတယ်။ အကုန်လုံးကြိုးစားပြီး ရိုက်ကူးထားတဲ့ ဇာတ်ကားပါ” ဟု ပြောသည်။

လူ့အဖွဲ့အစည်းအတွင်း အစုအဖွဲ့တစ်ခုအနေဖြင့် မိမိတို့၏ ရည်မှန်းချက်ခရီးတစ်ခုကို အတူလျှောက်လှမ်းနေစဉ်အတွင်း လောဘ၊ ဒေါသ၊ မောဟများ လွှမ်းမိုးဖိစီးလာပါက အစုအဖွဲ့အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲကာ မူလရည်မှန်းချက်ပန်းတိုင် ပျက်စီးပျောက်ကွယ်သွားနိုင်သည့် သဘောကို အခြေခံကာ ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# ဖရူဆိုမြို့၌ အဲ့ဒိုပေါ်မီပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ဖရူဆို စက်တင်ဘာ ၃၀**

ကယားပြည်နယ်အတွင်းရှိ ကျေးရွာပေါင်း ၄၇ ရွာမှ ကယားလိဖုလူငယ်များ စုပေါင်း၍ အဲ့ဒိုပေါ်မီပွဲတော်အား ဖရူဆိုမြို့နယ် ဆိုလျားကူးကျေးရွာတွင် စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကယားပြည်နယ်၏ အလေးအနက်ထားဆုံး ပွဲတော်တစ်ခုဖြစ်သည့် အဲ့ဒိုပေါ်မီပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းကြောင်းများ ပြန်လည်ပြောပြခြင်း၊ စုပေါင်းရိုးရာအဲ့ဒိုပေါ်မီအကအား တက်ရောက်လာသူတိုင်း ပျော်ရွှင်စွာ စုပေါင်းကခုန်ခြင်းများ၊ ရိုးရာအဲ့ဒိုပေါ်မီပွဲတော်၏ အမှတ်လက္ခဏာဖြစ်သည့် ဒီးကူထုပ်နှင့် ခေါင်ရည်များ ကျွေးမွေးဧည့်ခံခြင်းနှင့် နေ့လယ်စာ ဧည့်ခံခြင်းများကို တပျော်တပါး စုပေါင်းဆင်နွှဲခဲ့ကြသည်။



အဆိုပါ ပွဲတော်ကို မျိုးဆက်သစ်လူငယ်များအနေဖြင့် ရိုးရာအစဉ်အလာပွဲတော်နှင့် ဓလေ့ရိုးရာများအပေါ် ချစ်မြတ်နိုးတတ်စေရန်နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထားထိန်းသိမ်းတတ်စေရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(ပြန်/ဆက်)**

# ဖောင်းပြင်မြို့တွင် အောက်တိုဘာ ၁ ရက်မှ စတင်၍ လျှပ်စစ်မီး ၁၂ နာရီ ရရှိမည်

**ဖောင်းပြင် စက်တင်ဘာ ၃၀**

ဖောင်းပြင်မြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းနှင့် ဖိုးသီးချို(PTC) ကုမ္ပဏီတို့ ပူးပေါင်း၍ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် အောက်တိုဘာ ၁ ရက်မှ စတင်၍ ညနေ ၆ နာရီမှ နောက်တစ်ရက် နံနက် ၆ နာရီအထိ ၁၂ နာရီ ဓာတ်အား ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးချိန်ကို ပထမအစီအစဉ်အနေဖြင့် အောက်တိုဘာလတွင် ညပိုင်း ၁၂ နာရီပေးသွားမည်ဖြစ်ပြီး နေ့ခင်းတွင် လျှပ်စစ်အန္တရာယ်မရှိစေရေးအတွက် မီးကြိုးနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းခြင်း၊ အိမ်အတွင်း တပ်ဆင်ထားသည့် မီတာများ အိမ်အပြင်ထုတ်ခြင်း၊ သွယ်တန်းထားသည့် လျှပ်စစ်မီးကြိုးများ မကောင်းပါက လဲလှယ်တပ်ဆင်ပေးခြင်း စသည့် လုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၁ ရက်မှ စတင်၍ ၂၄ နာရီ ဓာတ်အားရရှိသွားမည်ဖြစ်ကာ မီတာခကို မြို့နယ်လျှပ်စစ်ရုံးက ထုတ်ပေးထားသည့်မီတာများကို ယူနစ် ၂၀ အထိ ၃၅ ကျပ်နှုန်းဖြင့် ကောက်ခံသွားမည်ဖြစ်ပြီး သတ်မှတ်ယူနစ်ကျော်လျှင် ကုမ္ပဏီက သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ကောက်ခံသွားမည် ဖြစ်ကြောင်း။

ကုမ္ပဏီက သတ်မှတ်နှုန်းထားမှာ ဒီဇယ်ဈေး အတက်အကျပေါ် မူတည်၍ မီတာတစ်ယူနစ်တန်ဖိုး အတက်အကျရှိနိုင်ကြောင်း၊ မီတာမရှိသည့်အိမ်များက လျှပ်စစ်မီးလိုချင်ပါက ကုမ္ပဏီရုံးသို့ လာရောက်ဆက်သွယ်လျှင် သတ်မှတ်ထားသည့်မီတာများ တပ်ဆင်ပေးပြီး ဓာတ်အားဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း။

လျှပ်စစ်မီးကို ချွေတာသုံးပြီး ဓာတ်အားသက်သာသော လျှပ်စစ်ပစ္စည်းများ အစားထိုးအသုံးပြုမည်ဆိုလျှင် ဓာတ်အားခသက်သာမည်ဖြစ်ကြောင်း၊ အရင်က တစ်ရက်လျှင် ညပိုင်းလေးနာရီသာပေးသည့်အတွက် သုံးစွဲသူများအနေဖြင့် မီးခလုတ်ပိတ်သည့် အလေ့အထမရှိသည့်အတွက် အန္တရာယ်ရှိနိုင်သလို မလိုအပ်ဘဲ သုံးစွဲသည့် လျှပ်စစ်မီတာခ များစွာကျနိုင်ကြောင်း၊ စနစ်တကျ သုံးစွဲဖို့လိုကြောင်း၊ နောက်ပိုင်းတွင် ဓာတ်အားကြိုးများ တိုးချဲ့ပြီး ကျေးရွာများအရောက် ဓာတ်အားဖြန့်ဖြူးပေးရန် အစီအစဉ်များရှိကြောင်း ဖောင်းပြင်မြို့နယ် လျှပ်စစ်မှူး ဦးမောင်ဟန်ထံမှ သိရသည်။ **ဇေယျာ(ပြန်/ဆက်)**

✱ *ကျောဖုံးမှ*

ခဲ့ပြီး ပြင်းထန်စွာစောဒကတက်ခဲ့သည့် ကျော်ဇင်ထက်နှင့် မင်းကျော်ခန့်ကို ကွင်းလယ်ဒိုင်က အနီကတ်ဖြင့် ထုတ်ပယ်ခဲ့သည်။ ယင်းပယ်နယ်တီကို ဂျိုးဇက်ကန်သွင်းရာ ကျော်ဇင်ထက်အစား ဝင်ရောက်ကစားသည့် ဆန်းဆက်နိုင် ကာကွယ်နိုင်ခဲ့ပြီး ဂိုးမပေးလိုက်ရသောကြောင့် ရန်ကုန်အသင်း စိတ်ဓာတ်တက်သွားပြီး ချေပဂိုးရရန် အားထည့်ကစားခဲ့သည်။ ၇၃ မိနစ်တွင် ရန်ကုန်အသင်း ချေပဂိုးပြန်ရခဲ့ပြီး မောင်မောင်လွင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့သည်။ သရေကျပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်းက ဆက်တိုက်ဖိကစားခဲ့ပြီး အနိုင်ဂိုးကို ၈၆ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် ဇော်မင်းထွန်းက ခေါင်းတိုက်သွင်းယူခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ဒုတိယဆုရခဲ့သည့် ဟံသာဝတီအသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးကျပ်သိန်း ၁၅၀၊ ပထမဆုရ ရန်ကုန်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဆုကြေးကျပ်သိန်း ၃၀၀၊ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ဆန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးဇော်သိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းနှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်သည်။

**ညီမြတ်သော်တာ**




**(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်း ဦးစီးဝန်ထမ်းများ၊ ရထားရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် နေဝင်း၊ ဒုတိယရဲမှူးကြီး ကျော်ထွေး၊ တပ်ဖွဲ့ခွဲ(၂)(၄)တို့မှ တပ်ဖွဲ့ခွဲမှူးများ ဦးစီးတပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၂၉ ရက်က နေပြည်တော်ဘူတာကြီး ပတ်ဝန်းကျင်တစ်ဝိုက် ချုံနွယ်များ၊ အမှိုက်သရိုက်များ စုပေါင်းရှင်းလင်းကြစဉ်။**

မြန်မာ့အလင်း

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ကျောက်ဆည်ခရိုင်အသင်းဗိုလ်စွဲ

မန္တလေး စက်တင်ဘာ ၃၀

**၂၀၁၈ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယနေ့ ညနေ ၃ နာရီက ဗထူးအားကစားပြိုင်ကွင်း၌ ပြုလုပ်ရာ ကျောက်ဆည်ခရိုင်အသင်းက မန္တလေးခရိုင်အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။**

အဆိုပါပြိုင်ပွဲကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများ၊ အားကစားဝါသနာရှင် ပြည်သူများ တက်ရောက် အားပေးကြသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေး ဝန်ကြီးက ဒုတိယဆုရရှိသော မန္တလေး ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆု ငွေကျပ်သုံးသိန်းကို လည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးက ပထမဆုရရှိသော ကျောက်ဆည်ခရိုင်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များကို လည်းကောင်း၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးတို့က ဂိုးသမား၊ နောက်တန်း၊ အလယ်တန်း၊ ရှေ့တန်းနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ အားကစားသမားများကို လည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများ ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် ဝန်ကြီးချုပ်က အနိုင်ရဗိုလ်စွဲသွားသော ကျောက်ဆည်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် ငွေသားဆု ငွေကျပ်ငါးသိန်းကို ချီးမြှင့်ခဲ့သည်။

ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို စက်တင်ဘာ ၂၀ ရက်မှ စတင်ကျင်းပခဲ့ပြီး ပြိုင်ပွဲဝင် အသင်းခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**




# စက်တင်ဘာလအတွက် MNL တစ်လတာအကောင်းဆုံးဆု ဦးမျိုးမင်းထွန်းနှင့် သန်းထက်အောင် ရရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနေရှင်နယ်လိဂ် ကော်မတီက ရွေးချယ်ချီးမြှင့်သည့် ၂၀၁၈ ရာသီအမှတ်ပေး ပြိုင်ပွဲ၏ စက်တင်ဘာလအတွက် တစ်လတာ အကောင်းဆုံးဆုများကို ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ကျင်းပသည့် ၂၀၁၈ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲမတိုင်မီ ချီးမြှင့်ရာ အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ အကောင်းဆုံးကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)တို့က ရရှိခဲ့သည်။

ရန်ကုန်အသင်းသည် စက်တင်ဘာတွင် ယှဉ်ပြိုင်ခဲ့သည့် နှစ်ပွဲစလုံး အနိုင်ရခဲ့ပြီး ချန်ပီယံဆုရခဲ့သောကြောင့် ဦးမျိုးမင်းထွန်းသည် အကောင်းဆုံးနည်းပြဆု ရခဲ့ခြင်းဖြစ်သည်။ သန်းထက်အောင်မှာလည်း အမှတ်ပေးပြိုင်ပွဲ တတိယဆုရခဲ့သည့် ဖွဲ့ကပင်အသင်းတွင် ခြေစွမ်းပြခဲ့ပြီး အရေးပါသည့် ဂိုးများကို သွင်းယူနိုင်သောကြောင့် တစ်လတာအကောင်းဆုံးကစားသမားဆု ရရှိခဲ့ခြင်းဖြစ်သည်။ သန်းထက်အောင်မှာ တစ်လတာ အကောင်းဆုံးဆုကို ယခုရာသီတွင် သုံးကြိမ်မြောက်ရရှိပြီး ဦးမျိုးမင်းထွန်းမှာမူ ဒုတိယအကြိမ် ရယူနိုင်ခြင်းဖြစ်သည်။




**စက်တင်ဘာလအတွက် အကောင်းဆုံးနည်းပြဆုရ ဦးမျိုးမင်းထွန်း ဆုလက်ခံရယူစဉ်။**
ဓာတ်ပုံ-စိုးညွန့်

အကောင်းဆုံးနည်းပြဆုကို ငွေကျပ်တစ်သိန်း၊ အကောင်းဆုံး ကစားသမားဆုကို ငွေကျပ်တစ်သိန်းခွဲ ချီးမြှင့်ခဲ့သည်။

လအလိုက်အကောင်းဆုံးဆုများကို ယခုရာသီတွင် ပြန်လည်ချီးမြှင့်ခြင်းဖြစ်ပြီး ဇန်နဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်ကျော်မိုး (ရတနာပုံ)၊ ကစားသမားဆုကို စည်သူအောင်(ရတနာပုံ)၊ ဖေဖော်ဝါရီလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း (ရန်ကုန်)၊ ကစားသမားဆုကို မောင်မောင်လွင် (ရန်ကုန်)၊ မတ်၊ ဧပြီအတွက် အကောင်းဆုံးနည်းပြဆုကို ဦးအောင်ဇော်မျိုး (မကွေး)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)၊ မေ၊ ဇွန်အတွက် အကောင်းဆုံးနည်းပြဆုကို မာဂျန် (ရှမ်းယူနိုက်တက်)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)၊ ဇူလိုင်လအတွက် အကောင်းဆုံးနည်းပြဆုကို ဦးငွေထွန်း (ဟံသာဝတီ)၊ ကစားသမားဆုကို သီဟဇော်( ရွှေဝတီ)၊ စက်တင်ဘာလအတွက် အကောင်းဆုံးနည်းပြဆုကို ဦးမျိုးမင်းထွန်း(ရန်ကုန်)၊ ကစားသမားဆုကို သန်းထက်အောင် (ဖွဲ့ကပင်)တို့က ရရှိခဲ့သည်။

**ညီမြတ်သော်တာ**

# မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ဖွဲ့စည်း

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာ့အားကစား အဆင့်အတန်း တိုးတက်မြင့်မားစေရန်အတွက် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ် ပထမအကြိမ် ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ အောင်ဆန်းကွင်းရှိ တိုက်ကွမ်ဒိုလေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဒင်က အမှာစကား ပြောကြားပြီး ရွေးချယ်တင်မြှောက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မင်း၊ အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ ဦးမြဟန်တို့က ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပထမအကြိမ် ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို မဲနှိုက်ရွေးချယ်ရာတွင် မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမြဟန်၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဒေါက်တာသန်းဝင်း၊ ဦးဂျေဂမ်ဖန်၊ ဦးဇော်နိုင်မိုး၊ ဦးအောင်သန်းမြင့်၊ ဦးခင်မောင်ထွေး၊ အတွင်းရေးမှူး ဦးဇော်ဝင်း၊ တွဲဖက်အတွင်းရေးမှူးဖြစ်ကြသည့် ဒေါ်စိုးစိုးမြ၊ ဦးမြသိဏ်းနှင့်အတူ အလုပ်အမှုဆောင် စုစုပေါင်း ကိုးဦးတို့ကို ယနေ့တွင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်သည် ၁၉၉၈ ခုနှစ်က ဖွဲ့စည်းခဲ့ပြီး အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေကေလင်း**




# စစ်ကိုင်းမြို့တွင် စုပေါင်းစက်ဘီးစီးနင်းပွဲ ကျင်းပ၊ ပြည်သူ ၁၆၀ ကျော် ပါဝင်ဆင်နွှဲ

**စစ်ကိုင်း စက်တင်ဘာ ၃၀**

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် စိမ်းလန်းစိုပြည်ရေးကို စက်ဘီးစီးခြင်းဖြင့် တစ်မျိုးသားလုံး ကျန်းမာသန်းစွမ်းလာစေရန်ရည်ရွယ်၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနတို့က ကြီးမှူး၍ လစဉ်နောက်ဆုံးပတ် တနင်္ဂနွေနေ့တိုင်း ကျင်းပလျက် ရှိရာ လူထုစုပေါင်းစက်ဘီးစီးနင်းပွဲကို ယနေ့ နံနက် ၆ နာရီခွဲက စစ်ကိုင်းမြို့ ဈေးကြီးအနောက်ဘက် HELLO ဖုန်းဆိုင်စုရပ်တွင် စစ်ကိုင်းမြို့မှ စက်ဘီးစီးအားကစားသမားများ၊ တံတားဦးမြို့မှ စက်ဘီးစီးအားကစားသမားများ၊ သက်ကြီး၊ သက်လတ်၊ သက်ငယ်စက်ဘီး အားကစားဝါသနာရှင် စုစုပေါင်း ၁၆၀ ကျော်တို့က တာလွှတ်ဆိုင်းဘုတ်အောက်၌ စုရပ်တွင် ရောက်ရှိနေရာယူကြသည်။

ထို့နောက် စက်ဘီးစီးအားကစားသမားများအား HELLO ဖုန်းဆိုင်မှ အားကစားအင်္ကျီများ လက်ဆောင်ပေးပြီး စုရပ်နေရာမှ တာလွှတ်လိုက်သည်နှင့် တစ်ပြိုင်နက် စက်ဘီးစီးဝါသနာရှင် ပြည်သူများသည် စစ်ကိုင်းဈေးကြီး မြောက်ဘက် ရွှေဘို-မုံရွာလမ်းအတိုင်း ကောင်းမှုတော်ဘုရားကြီးအား လက်ယာရစ်ပတ်၍ အပြန်လမ်းကို ဗိုလ်ချုပ်ပန်းခြံ ချင်းစုလမ်းဆုံမှ စုရပ်သို့ပြန်လည် စုပေါင်းစီးနင်းဆင်နွှဲ၍ ပန်းဝင်ရောက်ရှိလာကြရာ စက်ဘီးစီးအားကစား မောင်မယ် ဝါသနာရှင်ပြည်သူများအား စေတနာရှင် ဖုန်းဆိုင်မိသားစုမှ အားဖြည့်အချိုရည်များ ပေးဝေခဲ့ကြသည်။

အဆိုပါ ပြည်သူလူထုစက်ဘီးစီးနင်းပွဲကို လစဉ်လတစ်လ၏နောက်ဆုံးပတ် တနင်္ဂနွေနေ့တွင် ကျင်းပလျက်ရှိရာ မည်သူမဆို အကန့်အသတ်မရှိ မည်သည့်စက်ဘီးနှင့်မဆို ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# ဖျာပုံ၌ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

**ဖျာပုံ စက်တင်ဘာ ၃၀**

ဖျာပုံခရိုင် အားကစားကော်မတီဖလား မိုးရာသီ အသက် ၂၅ နှစ်အောက် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက ဖျာပုံမြို့နယ်အားကစားခန်းမ၌ ကျင်းပခဲ့ပြီး ဗိုလ်လုပွဲတွင် K.K.K.Fc ဘောလုံးအသင်းက Virus.Fc အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲဆက်လက်ကျင်းပရာ ပထမ တံခွန်စိုက်ဖလား ရရှိခဲ့သော ဘောလုံးအသင်းကို တံခွန်စိုက်ဖလားနှင့်အတူ ငွေကျပ်ငါးသိန်းအား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းထွဋ်က လည်းကောင်း၊ ဒုတိယဆုရရှိသော ဘောလုံးအသင်းကို ဆုတံဆိပ်နှင့်အတူ ငွေကျပ်သုံးသိန်းအား ဖျာပုံခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးလွင်က လည်းကောင်း၊ တတိယဆုရရှိသော ဘောလုံးအသင်းကို ဆုတံဆိပ်နှင့်ငွေကျပ် ၁၅၀၀၀၀ ကို မြို့နယ်အားကစားမှူး ဦးဝင်းထိန်က လည်းကောင်း၊ အားကစားသမားကောင်းဆုများ၊ နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက လည်းကောင်း ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး**

## မြန်မာလက်ရွေးစင် U-17 အသင်းနှင့် ကရင်ပြည်နယ် လက်ရွေးစင် U-19 အသင်းတို့ ခြေစမ်းကစား

**ဘားအံ စက်တင်ဘာ ၃၀-** မဟာမဲခေါင်ဒေသ ငါးနိုင်ငံဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် မြန်မာလက်ရွေးစင် U-17 ဘောလုံးအသင်းနှင့် အောက်တိုဘာလအတွင်း နေပြည်တော်တွင်ကျင်းပမည့် ၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၉ နှစ်အောက် ဘောလုံးပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် ကရင်ပြည်နယ်လက်ရွေးစင် U-19 ဘောလုံးအသင်းတို့ ချစ်ကြည်ရေးခြေစမ်းပွဲကို ယမန်နေ့က ဘားအံမြို့ အောင်သံလွင်အားကစားကွင်း၌ ကျင်းပရာ မြန်မာလက်ရွေးစင် U-17 ဘောလုံးအသင်းသည် ကရင်ပြည်နယ် လက်ရွေးစင် U-19 ဘောလုံးအသင်းအား သုံးဂိုး-နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ မြန်မာ့လက်ရွေးစင် U-17 ဘောလုံးအသင်း နည်းပြအုပ်ချုပ်သူများနှင့် အားကစားသမားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ အားကစားပစ္စည်းများ ထောက်ပံ့ ပေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကော့ကရိတ်-မြဝတီသွား အာရှလမ်းမ၌ စက်သုံးဆီသယ်ယာဉ် ချောက်ထဲကျပြီး မီးလောင်မှုဖြစ်

**ကော့ကရိတ် စက်တင်ဘာ ၃၀**

ကော့ကရိတ်-မြဝတီသွား အာရှလမ်းမပေါ်တွင် စက်သုံးဆီသယ်ယာဉ်တစ်စီး ချောက်ထဲထိုးကျပြီး မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ကော့ကရိတ်မြို့မရဲစခန်းမှ သိရသည်။



ဖြစ်စဉ်မှာ ယမန်နေ့ ည ၈ နာရီ မိနစ် ၅၀ က မြဝတီမြို့မှ ကော့ကရိတ်မြို့ဘက်သို့ ယာဉ်မောင်း ထွန်းထွန်းလတ် (စုံစမ်းဆဲ)၊ သီရိမြိုင်ရပ်ကွက် မော်လမြိုင်မြို့နေသူ မောင်းနှင်လာသော 2H/----- ခြောက်ဘီးယာဉ်သည် ဆီပေပါများတင်ဆောင်၍ မောင်းနှင်လာစဉ် ကီလိုမီတာ ၁၅၆ နှင့် ၁၅၇ အကြားတွင် လမ်းယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ပြီး ယာဉ်နှင့် ကားပေါ်ရှိ ဆီပေပါ ၃၅ လုံးမီးလောင်ခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ရာနေရာသို့ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များက လာရောက်ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ကြပြီး ယင်းနေ့ ည ၁၀ နာရီခွဲတွင် မီးငြိမ်းသွားကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်းကို ကော့ကရိတ်မြို့မရဲစခန်းက အမှုဖွင့်လုပ်ထားရှိကြောင်း သိရသည်။

**တင်ဝင်းလှိုင် (ကော့ကရိတ်)**

# မောင်တောမြို့နယ် သဲချောင်းကျေးရွာ၌ လူ ၁၀ ဦးခန့်က နေအိမ်တံခါးအား ထုရိုက်ဖျက်ဆီးပြီး အိမ်ကိုမီးရှို့ကာ လုပ်သေနတ်ဖြင့် ပစ်ခတ်သဖြင့် နှစ်ဦး ဒဏ်ရာရရှိ

**မောင်တော စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ယနေ့ နံနက်ပိုင်းက လူ ၁၀ ဦးခန့်က နေအိမ်တံခါးကို ထုရိုက်ဖျက်ဆီးပြီး အိမ်ကိုမီးရှို့ကာ လုပ်သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် သဲချောင်းကျေးရွာနေ ဇော်သိန်း (ခ) မူဆာအာလီ၏ နေအိမ်တံခါးကို ၎င်းနှင့်မျိုးနွယ်တူ လူ ၁၀ ဦးခန့်က ယနေ့ နံနက် ၁ နာရီခန့်တွင် ထုရိုက်ဖျက်ဆီးပြီး နေအိမ်ကို မီးရှို့ခဲ့ကြောင်း၊ ထို့နောက် လုပ်သေနတ်ဖြင့် နှစ်ချက်ခန့် ပစ်ခတ်သဖြင့် ဇော်သိန်း (ခ) မူဆာအာလီ၏ မိခင်ဖြစ်သူ ဒေါ်ခါလီနာ (၆၆ နှစ်) တွင် ခဲစထိမှန်ဒဏ်ရာများ ရရှိခဲ့ပြီး ဇော်သိန်း (ခ) မူဆာအာလီထံသို့ ငါး၊ ကွမ်းသီး/ကွမ်းရွက်များ လာရောက်ပို့ဆောင်ကာ ညအိပ်တည်းခိုနေသူ ဦးညိုသာတွင် ခဲစထိမှန်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် အဆိုပါ လူ ၁၀ ဦးသည် နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ လာရောက်ချိန်တွင် ထွက်ပြေးသွားသဖြင့် နယ်မြေရှင်းလင်း ပိတ်ဆို့ရှာဖွေလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ထီးချိုင့်နှင့် မောင်တောမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် တူမီးသေနတ်တစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

မူးယစ်တပ်ဖွဲ့စု (၆) ကသာမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ယမန်နေ့ နံနက် ၇ နာရီက ထီးချိုင့်မြို့နယ် ကွမ်းဘောင်ကျေးရွာအုပ်စု ကွမ်းဘောင်ကျေးရွာရှိ ရှိုင်းရှိုင်းသူ၏ နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂ ဂရမ်နှင့် စပါးကျီ အတွင်းမှ အရှည် ၄၁ လက်မရှိ တူမီးသေနတ်တစ်လက်တို့ကိုလည်းကောင်း၊ အလားတူ နံနက် ၉ နာရီခွဲတွင် မောင်တောမြို့နယ် နယ်မြေ (၅) ငါးခူရ (အလယ်) ကျေးရွာရှိ ဂျာဘူရာမာန်၏ နေအိမ်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မရောရှီတာကို တွေ့ရှိရပြီး နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၆၄၅ ပြား သိမ်းဆည်း ရမိခဲ့ပြီး ကွင်းဆက်အရ ငါးခူရ (အလယ်) ကျေးရွာနေ မာမွတ်အီစွတ် (ခ) အီနူစ်ကို လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။



**သတင်းစဉ်**

# ရေပူစစ်ဆေးရေးအဖွဲ့ ယာဉ်စစ်ဆေးစဉ် ပိတောက်နှင့် ကျွန်းခွဲသားများ ဖမ်းမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး စက်တင်ဘာ ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၆၅၀၊ သွင်းကုန် ၅၂၂ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၃၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ခြောက်မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀ ဒသမ ၅၆၄ သန်းခန့်၊ မရမ်းချောင်စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၆၉ သန်းခန့် စုစုပေါင်း တားဆီးမှု ရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃ ဒသမ ၅၃၃ သန်းခန့်ကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၂၉ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က Mitsubishi Canter (6W) ယာဉ်နှစ်စီးနှင့် Hino (6W) တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ခွဲသား ၃ ဒသမ ၀၄၄ တန်၊ ကျွန်းခွဲသား ၀ ဒသမ ၄၇၇၄ တန်နှင့် အဆိုပါ ပစ္စည်းများ သယ်ဆောင်လာသည့် ယာဉ် သုံးစီး စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀ ဒသမ ၅၆၄ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဇင်းကျိုက်မြို့ မင်္ဂလာကန်တော်ကြီးအတွင်း ဘေးမဲ့လွှတ်ထားသောငါးများ သေဆုံး

**ပေါင် စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်မြို့ မင်္ဂလာကန်တော်ကြီးအတွင်း ယမန်နေ့ ည ၉ နာရီကျော်မှစတင်ကာ ဘေးမဲ့လွှတ်ထားသော မွေးမြူရေးငါးများ သေဆုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

ကန်တော်ကြီးအတွင်း ဘေးမဲ့လွှတ်ထားသော မွေးမြူရေးငါး အလေးချိန် ၂၅ ကျပ်သားခန့်မှ ၁ ပိဿာခန့်ရှိသည့် ငါးများဖြစ်သော တီလားပီးယား၊ ငါးကြင်းများနှင့် ထိုင်းငါးခုံးမများ ပိုမိုသေဆုံးခဲ့ကြောင်း သိရသည်။

“သေတဲ့ငါးတွေက ဒေသခံပြည်သူတွေ လာလွှတ်တဲ့ငါးတွေပါ။ မွေးမြူရေးငါးခုံးမတွေ အများဆုံးသေတယ်။ သိတဲ့သူတွေ ပြောတာက အောက်ဆီဂျင်ပြတ်လို့ သေတယ်ပြောတယ်။ မနှစ်က ဧပြီလမှာ တစ်ခါသေဖူးတယ်။ ဒီနှစ်က မိုးတွင်းမှာ ငါးသေတယ်ဆိုတော့ တစ်ခါမှ မကြုံဖူးသေးဘူး။ ဒီတစ်ခါသေတာ အကောင်ရေ ၃၀၀၀ ကျော်လောက်ရှိတယ်” ဟု ဇင်းကျိုက်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်က ပြောသည်။

“အခုက ကန်ထဲမှာရှိတဲ့ငါးတွေက အလွှန်များလာတယ်။ ကန်ရေပြင်ဧရိယာ မလုံလောက်တဲ့အတွက် အောက်ဆီဂျင်ပြတ်လပ်တယ်။ ကန်မှာရှိတဲ့ အနည်အနှစ်တွေကြောင့်လည်း ပါတယ်။ အဆိပ်မိလို့ သေတာမဟုတ်ဘူး။ ဒီလိုထပ်မသေဖို့က နုန်းတွေ ဖယ်ထုတ်မယ်။ ငါးအကောင်ရေလျှော့ချဖို့လိုအပ်တယ်” ဟု ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

အဆိုပါမင်္ဂလာကန်တော်ကြီးသည် နှစ်ပေါင်း ၁၀၀ ကျော်ခန့်ရှိပြီး ဒေသခံများက ငါးများ ဘေးမဲ့လွှတ်ခြင်းများ ပြုလုပ်သည့်ကန်ဖြစ်ကြောင်းနှင့် ၂၀၁၇ ခုနှစ် ဧပြီလအတွင်း၌လည်း အောက်ဆီဂျင်ပြတ်လပ်မှုကြောင့် ငါးများသေဆုံးမှုဖြစ်ပေါ်ခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**ကိုဟိန်း (ပေါင်)**

# ဇာသပြင်-ကျားကလေးလမ်း ချောင်းကူးတံတားပွဲ့ကျကာ ယာဉ်တစ်စီးပြုတ်ကျ၊ ယာဉ်မောင်းသေဆုံး

**ဘားအံ စက်တင်ဘာ ၃၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ဇာသပြင်-ကျားကလေးလမ်းတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၃ နာရီက ခရားချောင်းကူး သစ်သားတံတားပွဲ့ကျကာ ခြောက်ဘီးယာဉ်တစ်စီး ချောင်းအတွင်းထိုးကျသွားပြီး ယာဉ်မောင်းမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်နေရာသို့ နယ်မြေခံရဲစခန်းမှူးနှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ ကျားကလေးဘက်မှ ဇာသပြင်ဘက်သို့ ယာဉ်မောင်း သက်နိုင်ဦး (၃၂ နှစ်) မုရောင်းကျေးရွာ မော်လမြိုင်မြို့နယ်နေသူ မောင်းနှင်လာသော 2I/----- နှစ်ဆန်းခြောက်ဘီးယာဉ်သည် ဇာသပြင်-ကျားကလေးကားလမ်း ကီလိုမီတာ ၁၁ နှင့် ၁၁ ဒသမ ၅ အကြား တံတားကိုဖြတ်သန်းစဉ် တံတား၏ယာဘက်ခြမ်းပွဲ့ကျကာ ယာဉ်မှာ ချောင်းအတွင်းသို့ ပြုတ်ကျသွားပြီး ယာဉ်မောင်းမှာ နေရာ၌ပင် သေဆုံးနေသည်ကို စစ်ဆေးတွေ့ရှိ၍ ဇာသပြင်နယ်မြေရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။



အဆိုပါသစ်သားတံတားမှာ ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးဆောက်လုပ်ထားသော သစ်သားတံတားဖြစ်ပြီး ခံနိုင်ရည်မရှိတော့သည့်အတွက် ယင်းတံတားဘေး၌ တံတားအထူးအဖွဲ့ ၁၄ က တာဝန်ယူ၍ ဩဂုတ် ၃၀ ရက်က စတင်တည်ဆောက်ခဲ့သည့် ဘေလီသံပေါင်တံတားမှာ ဆောက်လုပ်ပြီးစီးပြီဖြစ်သော်လည်း တံတား အတက်/အဆင်းနေရာကို ပြုပြင်ဆဲဖြစ်၍ ယာဉ်သွားလာမှု ခေတ္တပိတ်ထားခဲ့သည်။ ထို့ကြောင့် ယာဉ်များ အမြန်သွားလာနိုင်ရေးအတွက် ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၁ နာရီ မိနစ် ၂၀ က ယင်းအတက်အဆင်းနေရာအား ပြုပြင်ဆောင်ရွက်ပြီး၍ ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနေပြီဖြစ်ကြောင်း သိရသည်။

**မင်းသူ (ဘားအံ)**

# မြန်မာ့ရုပ်မြင်သံကြား

**၁-၁၀-၂၀၁၈ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ - Breakfast News
- ၇း၃၅ - MRTV Travelogue
- ၈း၃၅ - မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
- ၉း၁၀ - BBC Click
- ၉း၃၅ - ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ“Golden Crown of Africa” (Tunisia)
- ၁၀း၃၀ - စားနပ်ရိက္ခာဖူလုံရေး သားစဉ်မြေးဆက်ပေး “ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု” (ရှမ်း)
- ၁၀း၅၀ - လုံမမှတ်စု (၅၅)
- ၁၁း၃၅ - မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၂း၃၀ - “ပုခက်လွှဲခွင့် မရခဲ့သောလက်”
- ၁၃း၁၀ - သုခုမရှင်ခွင် အငြိမ့်သဘင် “ချက်ကြီးတို့အဖွဲ့အငြိမ့်”
- ၁၄း၀၀ - Tasty Trip

**ညနေပိုင်း**

- ၁၆း၂၀ - “၂၀၁၉ ခုနှစ် မတ်လ တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် စတင်အသုံးပြုမည့် မေးခွန်းပုံစံသစ်ဆိုင်ရာသိမှတ်ဖွယ်ရာများ” (မြန်မာစာဘာသာရပ်)
- ၁၇း၀၅ - This Week's Special Interest
- ၁၇း၂၀ - “သက်ကြီးသူတို့ဘဝ နေညိုချိန်”
- ၁၇း၃၀ - Yes or No Talk Show
- ၁၈း၂၅ - ဥပဒေရေးရာအဖြာဖြာ “အမျိုးသမီးများ ဘဝဖွံ့ဖြိုးရေးနှင့် ဥပဒေအမြင်”
- ၁၈း၅၀ - ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ ဂုဏ်ပြုအစီအစဉ် “သက်ကြီးအခွင့်အရေး ဖော်ဆောင်ဖို့ ကြိုးပမ်းသူကို ဂုဏ်ပြုစို့”
- ၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “မဟာကာလီ” (အပိုင်း ၄၇)
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - စီးပွားရေးစကားဝိုင်း “နိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရင်းအနှီးဈေးကွက်၏ အခန်းကဏ္ဍ” (အပိုင်း- ၁)

# ဆီးရီးယားနှင့် ဂျော်ဒန်နယ်စပ်ဂိတ် အောက်တိုဘာလအတွင်း ပြန်လည်ဖွင့်လှစ်မည်

**ဒမတ်စကတ် စက်တင်ဘာ ၃၀**

ဂျော်ဒန်နယ်စပ်နှင့် ထိစပ်နေသော နာဆစ် နယ်စပ်ဂိတ်ကို ပြန်လည်ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုများပြုလုပ်နေပြီး အောက်တိုဘာ ၁၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်ဟု ဆီးရီးယား သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ကြေညာခဲ့ကြောင်း နိုင်ငံပိုင် ဆာနာ သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။ အောက်တိုဘာလတွင် ဆီးရီးယားနိုင်ငံအတွင်း နယ်စပ်ဂိတ်၌ ထရပ်ကားများသယ်ယူပို့ဆောင်ခြင်းနှင့် ဝင်ခွင့်၊ ထွက်ခွင့်တို့ကို ပြန်လည်သွားလာခွင့်ပေးတော့မည်ဖြစ်ကြောင်း ဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၅ ခုနှစ်တွင် နာဆစ်ဒေသကို သူပုန်များသိမ်းယူခဲ့သည့် အချိန်မှစ၍ အဆိုပါနယ်စပ်ဖြတ်သန်းခွင့်ကို ပိတ်ထားခဲ့ရသည်။ ဆီးရီးယားအစိုးရသည် ဒါရာ ပြည်နယ်ကို ပြန်လည်သိမ်းပိုက်ခဲ့ပြီး ဇူလိုင်လအတွင်းတွင် အဆိုပါဒေသရှိ သူပုန်များ လက်နက်ချခဲ့ပြီးနောက် ဆီးရီးယားမြောက်ပိုင်းရှိ သူပုန်များထိန်းချုပ်ထားသောဒေသမှ လူများကိုကယ်တင်ရန် သဘောတူခဲ့သည်။ လွန်ခဲ့သော သီတင်းပတ်က ဆီးရီးယားနိုင်ငံသို့ ဖြတ်သန်းသွားလာမည့် ထရပ်ကားများသည် ကုန်ပစ္စည်း ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ဖြတ်သန်းခကို တိုးမြှင့်ကောက်ခံသွားမည်ဟု သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနက ကြေညာခဲ့သည်။ နာဆစ်နယ်စပ်ဖြတ်သန်းရေးဂိတ်သည် အဝင်အထွက် အများဆုံးသော နယ်စပ်ဖြတ်သန်းရေးဂိတ်ဖြစ်ပြီး ဒမတ်စကတ်နှင့် အမ္မန်အပြည်ပြည်ဆိုင်ရာ အဝေးပြေး လမ်းမကြီးပေါ်တွင် တည်ရှိသည်။ အဆိုပါဂိတ်သည် အရှေ့အလယ်ပိုင်းဒေသသို့ သွားလာရာတွင် အရေးပါသည့်နေရာတစ်ခုဖြစ်ပြီး ဆီးရီးယားမှ ဂျော်ဒန်နှင့် အခြားသော ပင်လယ်ကွေ့နိုင်ငံများသို့ ဆီးရီးယားမှ တင်ပို့ပစ္စည်းများ ပို့ဆောင်ရာ လမ်းကြောင်းလည်းဖြစ်သည်။




အဆိုပါ နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်ခြင်းကြောင့် လက်ဘနွန်နိုင်ငံသည် အကျိုးအမြတ်များရရှိနိုင်သည်။ လက်ဘနွန်နိုင်ငံမှ ကုန်ပစ္စည်းများကို အဆိုပါနယ်စပ်ဂိတ်ကိုဖြတ်၍ အာရပ်ဈေးကွက်သို့ တင်ပို့ရသည့်အတွက် အကျိုးအမြတ်များ ပြန်လည်ရရှိနိုင်သည်။ အဆိုပါနယ်စပ်ဂိတ် ပိတ်ခဲ့စဉ်က လက်ဘနွန်နိုင်ငံသည် အထိနာခဲ့သည်။ ထို့ပြင် နာဆစ် နယ်စပ်ဂိတ်သည် စီးပွားရေးအကျပ်အတည်းနှင့် ကြုံတွေ့နေရသည့် ဂျော်ဒန်နိုင်ငံအတွက်လည်း အကျိုးအမြတ်များ ပြန်လည်ခံစားရမည်ဖြစ်သည်။

**ဆင်ဟွာ**

# ယခုသီတင်းပတ်အတွင်း အမေရိကန်-ကနေဒါ နာဖ်တာ သဘောတူညီမှု အဆုံးသတ်နိုင်မည်

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်နှင့် ကနေဒါမှ စေ့စပ်ညှိနှိုင်းသူများသည် မြောက်အမေရိက လွတ်လပ်စွာ ကုန်သွယ်မှု သဘောတူညီရေးစာချုပ် နာဖ်တာကို အဆင့်မြှင့်တင်ရန် ဆွေးနွေးမှုများ ယခုသီတင်းပတ်အတွင်း အဆုံးသတ်နိုင်တော့မည်ဟု မီဒီယာများက ဖော်ပြကြသည်။



အမေရိကန်နှင့် ကနေဒါတို့ နာဖ်တာ သဘောတူညီမှု အပြီးသတ်ဆွေးနွေးနိုင်တော့မည်ဖြစ်၍ ကနေဒါနိုင်ငံခြားရေးဝန်ကြီး ခရစ်တီရာဖရီးလန်းနှင့် နာဖ်တာ စေ့စပ်ညှိနှိုင်းသူတို့သည် ကုလသမဂ္ဂတွင် မိန့်ခွန်းပြောမည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့သည်ဟု စနေနေ့တွင် ဘလွန်းဘာဂ်သတင်းဌာနက တင်ပြထားသည်။ တနင်္ဂနွေနေ့တွင် ကနေဒါကိုယ်စားလှယ်အဖွဲ့သည် ဝါရှင်တန်သို့ သွားပြီး နှစ်ဖက်စလုံးမှ နာဖ်တာစာချုပ်သဘောတူညီမှုကို အဆုံးသတ်နိုင်တော့မည်ဟု မျှော်လင့်ထားသည်။

လွန်ခဲ့သောလက မက္ကဆီကိုနှင့် သုံးနိုင်ငံ ကုန်သွယ်ရေး သဘောတူညီမှု အဆင့်မြှင့်တင်ရန် မက္ကဆီကိုနှင့် ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်သည် နာဖ်တာ စာချုပ် အဆင့်မြှင့်တင်ရန် အကြိုသဘောတူညီမှုများကို ကနေဒါနိုင်ငံမှလက်ခံပေးရန် ဖိအားပေးခဲ့သည်။ သို့သော် ကနေဒါနိုင်ငံက နိုင်ငံအတွက် အကျိုးရှိမှသာ ကုန်သွယ်ရေးသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးမည်ဟု ပြောသည်။

အမေရိကန်နှင့် မက္ကဆီကိုတို့သည် ပြီးခဲ့သည့် သောကြာနေ့က စာချုပ်နှင့်ပတ်သက်၍ သတင်းထုတ်ပြန်မည့် အစီအစဉ်ကို ရွှေ့ဆိုင်းခဲ့သည်။ အမေရိကန်သမ္မတ ထရမ့်အစိုးရ နောက်ဆုံးသတ်မှတ်ပေးထားသည့်ရက်ဖြစ်သည့် တနင်္ဂနွေနေ့တွင် ကနေဒါနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် မျှော်လင့်ပြီး ထိုသို့ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်သည်။ အမေရိကန်အရာရှိများကမူ နာဖ်တာ စာချုပ်ကို ကနေဒါမပါဘဲ လက်မှတ်ထိုးရန် ပြောဆိုမှုများရှိခဲ့သော်လည်း အမေရိကန်စီးပွားရေးအသိုင်းအဝိုင်းနှင့် အမတ်များကမူ နာဖ်တာ စာချုပ်သည် သုံးနိုင်ငံပါဝင်မှ အဆင်ပြေလိမ့်မည်ဟု ပြောကြားခဲ့ကြသည်။ နာဖ်တာ စာချုပ်ကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့ပြီး အမေရိကန်သမ္မတ ထရမ့်က အကယ်၍ အဆိုပါ စာချုပ်သည် အမေရိကန် စက်မှုလုပ်ငန်းများနှင့် အလုပ်အကိုင်များကို ထိခိုက်စေပါက အဆိုပါစာချုပ်မှ နုတ်ထွက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

**ဆင်ဟွာ**

## ကောင်စစ်ဝန်ရုံး ပိတ်မည်ဟူသော အမေရိကန်၏ဆုံးဖြတ်ချက်ကို အီရတ်နိုင်ငံ စိတ်မကောင်းဖြစ်

**ဘဂ္ဂဒက် စက်တင်ဘာ ၃၀**

အမေရိကန်နိုင်ငံသည် အီရတ်တောင်ပိုင်းမြို့ဖြစ်သည့် ဘာဆရာမှ ၎င်း၏သံတမန်များကို ပြန်လည်ခေါ်ယူမည့်အပြင် အီရတ်သို့ အမေရိကန် နိုင်ငံသားများ ခရီးမသွားကြရန် သတိပေးချက်ထုတ်ပြန်ထားရာ ထို့အတွက် စိတ်မကောင်းဖြစ်ရသည်ဟု အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။

အီရတ်နိုင်ငံသည် နိုင်ငံခြားသံတမန်များကို ကာကွယ်ရမည်ဆိုသော ကျင့်ဝတ်ကို အတည်ပြုကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ သံတမန်များ၏ လုံခြုံရေးသည် အီရတ်နိုင်ငံလုံခြုံရေး၏ အစိတ်အပိုင်းတစ်ခုပင်ဖြစ်ကြောင်းလည်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်သည် အမေရိကန်ဘက်မှ ဘာဆရာမြို့တွင် အမေရိကန်ကောင်စစ်ဝန်ရုံးပိတ်တော့မည်ဟူသော ကြေညာချက်ထွက်ပေါ်လာပြီး တစ်ရက်အကြာတွင် ထွက်ပေါ်လာခြင်း ဖြစ်သည်။ ဘာဆရာမြို့သည် ဘဂ္ဂဒက်မှ ကီလိုမီတာ ၅၅၀ ခန့်အကွာတွင်ရှိပြီး အဆိုပါဒေသ လုံခြုံရေးမတည်မငြိမ်ဖြစ်မှုအတွက် အီရန်နိုင်ငံအပေါ် အပြစ်တင်ထားသည်။

လွန်ခဲ့သော သီတင်းပတ်က ဘာဆရာမြို့မှ ဒေါသထွက်နေသော လူအုပ်ကြီးသည် အီရန်ကောင်စစ်ဝန်ရုံး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးနှင့် နိုင်ငံရေးပါတီများ၏အဆောက်အအုံများကို မီးရှို့ခဲ့သည်။ ပြည်နယ်အတွင်း သန့်ရှင်းသော သောက်သုံးရေမရမှု၊ အကျင့်ပျက်ခြစားမှုများကြောင့် ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။ **ဆင်ဟွာ**

# အင်ဒိုနီးရှားငလျင်နှင့် ဆူနာမီကြောင့် သေဆုံးသူ ၈၀၀ ကျော်ရှိလာ

**ဂျကာတာ စက်တင်ဘာ ၃၀**

ဆူလာဝေစီကျွန်းတွင် မြေငလျင်လှုပ်မှုနှင့် ဆူနာမီကြောင့် သေဆုံးသည့်ဦးရေသည် တနင်္ဂနွေနေ့တွင် ၈၃၂ ဦးအထိရှိလ ပြီဟု အင်ဒိုနီးရှားအာဏာပိုင်များက ပြောသည်။ ပြင်းအား ၇ ဒသမ ၅ မဂ္ဂနီကျူရှိ ငလျင်သည် သောကြာနေ့မွန်းလွဲပိုင်းက လှုပ်ခဲ့ရာ ပါလူနှင့် ဒေါင်ဂလာတို့တွင် သုံးမီတာအမြင့်ရှိ ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ပါလူတွင် သေဆုံးသူဦးရေ ၈၃၂ ဦး ထိ ရှိလာပြီဟု အင်ဒိုနီးရှား အမျိုးသားသဘာဝဘေး လျော့ပါးသက်သာစေရေး အေဂျင်စီမှ အကြီးအကဲက ပြောသည်။

အပျက်အစီးများ အောက်တွင် လူပေါင်းများစွာ ပိတ်မိနေခဲ့သည်။ လမ်းများပျက်စီးခြင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် အတားအဆီးဖြစ်ခဲ့ရသည်။ ဒေါင်ဂလာမြို့သည်လည်း ဆူနာမီဒဏ်ခံစားခဲ့ရသည်ဟု ယူဆရသည်။

သို့သော် ဆက်သွယ်ရေးအခက်အခဲကြောင့် အပျက်အစီးစာရင်းမှာမူ မသိရသေးပေ။ သေဆုံးသူအရေအတွက်မှာ မြင့်တက်လာနိုင်သေးကြောင်း သဘာဝဘေးအေဂျင်စီက ပြောသည်။

အင်ဒိုနီးရှား ဒုတိယသမ္မတ ဂျူဆက်ဖ်ကယ်လမ်က သေဆုံးသူဦးရေမှာ ထောင်ဂဏန်းထိလည်း ရောက်သွားနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် အချို့သောဒေသများမှ အပျက်အစီးများကို မသိရသေး၍ ဖြစ်ကြောင်း ပြောသည်။ အသက် ၃၅ နှစ်အရွယ် မိခင်တစ်ဦးဖြစ်သူ ရီဆာကူဆူမာက သူသည် ကယောင်ချောက်ချား ဖြစ်ခဲ့ရကြောင်း၊ ၎င်း၏သားမှာ ကယ်ဆယ်ရေးစခန်းတွင် ရှိနေ၍ စိတ်သက်သာရာရခဲ့ကြောင်း ပြောသည်။ မိနစ်တိုင်းတွင် လူနာတင်ယာဉ်များမှ အလောင်းများကို သယ်ဆောင်သွားခဲ့ပြီး သန့်ရှင်းသောသောက်ရေမှာလည်း ရှားပါးလာခဲ့သည်။

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် တနင်္ဂနွေနေ့ မွန်းလွဲပိုင်းတွင် ငလျင်လှုပ်ရာဒေသမှ အပျက်အစီးများကို သွားရောက် ကြည့်ရှုခဲ့သည်။

ကယ်ဆယ်ရေးနှင့် ရှာဖွေရေး လုပ်ငန်းများ လုပ်ဆောင်ရန် အင်ဒိုနီးရှားတပ်များကို စေလွှတ်ထားသည်။ အပျက်အစီးများကို ရှင်းလင်းရန် လူအားဖြင့် မလုံလောက်ဘဲ စက်ယန္တရားကြီးများ လိုအပ်ကြောင်း သိရသည်။

ပါလူမြို့တွင် နိုင်ငံခြားခရီးသွားပေါင်း ၆၀ ခန့်ရှိသည်ဟု အမျိုးသားသဘာဝဘေးအေဂျင်စီမှ ယူဆထားသည်။ C-130 စစ်ဘက် သယ်ယူပို့ဆောင်ရေးလေယာဉ်သည် ထောက်ပံ့ပစ္စည်းများ သယ်ဆောင်ပေးပြီး လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ လေယာဉ်ပျံသန်းမှုများကို ခွင့်ပြုထားကာ စီးပွားရေးအရ ပျံသန်း သောလေကြောင်းလိုင်းများကိုမူ ကန့်သတ်ထားသည်။

**အင်န်အိတ်ချ်ကေ၊ အေအက်ဖ်ပီ**



# အကျိုးလိုလို့ ညောင်ရေလောင်းလိုက်သည့် တူရကီနှင့် ဂျာမနီနိုင်ငံတို့၏ ဆက်ဆံရေး

**ထွန်းသစ်စ**

နှစ်နှစ်ကြာ ပဋိပက္ခဖြစ်ပွားပြီးနောက် အရပ်ဘက်လူ့အခွင့်အရေးနှင့် အခြားကိစ္စရပ်များတွင် မတူညီကွဲပြားမှုများ ဆက်လက်ရှိနေလင့်ကစား ဂျာမန်ဝန်ကြီးချုပ် အိန်ဂျလာမာကယ်နှင့် တူရကီသမ္မတ အာဒိုဂန်တို့သည် တင်းမာနေသော နှစ်နိုင်ငံ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် စက်တင်ဘာ ၂၈ ရက်က ကတိပြုခဲ့ကြသည်။



အာဒိုဂန်သည် တူရကီလေသံပါသည့် လူပေါင်း သုံးသန်း မိုတင်းနေထိုင်ရာ အီးယူစီးပွားရေးထိပ်တန်းနိုင်ငံတစ်နိုင်ငံသို့ နိုင်ငံတော်ခရီးစဉ် သွားရောက်လည်ပတ်ချိန်တွင် ဂျာမန်မီဒီယာများက တူရကီကို အကျိုးလိုလို့ ညောင်ရေလောင်းနေသည့် ပုံစံမျိုး ဖော်ပြခဲ့သည်။ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် မသင့်မမြတ်ဖြစ်ရာမှ အမေရိကန်က စီးပွားရေးပိတ်ဆို့လိုက်ရာ ယခုအခါတွင် တူရကီသည် စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရသည်။

## လုံခြုံရေးတင်းကျပ်မှုနှင့် ဆန္ဒပြမှုများ

တူရကီသမ္မတ၏ သုံးရက်ကြာခရီးစဉ်ကို လုံခြုံရေးတင်းကျပ်မှုများကြားက အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့သည်။ တူရကီသမ္မတ၏ ခရီးစဉ်တွင် ဘာလင်၌ ရဲတပ်ဖွဲ့ဝင်ပေါင်း ၄၀၀၀ ကျော် လုံခြုံရေးဖြန့်ကြက်ထားကြောင်း သိရသည်။ တူရကီ သမ္မတကို မကြိုဆိုဟူသည့် ခေါင်းစဉ်အောက်တွင် လူပေါင်းများစွာက ၎င်းကို မကြိုဆိုဘဲ ဆန္ဒပြရန် စီစဉ်ထားခဲ့ကြသည်။

ပထမချီတက်လာသော ကာ့ဒ်လူမျိုးအများစုပါဝင်သည့် ဆန္ဒပြလူအုပ်ကြီးသည် သတင်းထောက်တစ်ဦးကို အာဒိုဂန်က သေနတ်ဖြင့် ပစ်နေသည့်ပုံနှင့် ငြိမ်းချမ်းရေးချိုးငှက်ကို အငမ်းမရဝါးမျိုနေဟန်ကို ဖော်ကျူးထားသည့် နဖူးစည်းစာတန်းပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်လာကာ ဘာလင်ထိ ချီတက်လာကြပြီး ဆန္ဒပြခဲ့ကြသည်။

## နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် ဆွေးနွေး

တူရကီတွင် ၂၀၁၆ အာဏာသိမ်းမှုကျဆုံးပြီးနောက်နှင့် နောက်ဆက်တွဲ နှိမ်နင်းမှုများပြီးနောက် သမိုင်းတွင် ရန်ပွဲအသွင်ဆောင်နေသော နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်တည်ဆောက်ရန် လိုအပ်ချက်များကို နှစ်နိုင်ငံခေါင်းဆောင်များဖြစ်သော မာကယ်နှင့် အာဒိုဂန်တို့ ဆွေးနွေးခဲ့ကြသည်။

နေတိုးမဟာမိတ်နိုင်ငံနှစ်နိုင်ငံသည် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် ပြင်သစ်သမ္မတ အီမန်နျူရယ် မက်ခရွန်တို့နှင့်အတူ ဆီးရီးယားပဋိပက္ခကို နောက်လတွင် ပူးတွဲဆွေးနွေးသွားရန် သဘောတူခဲ့ကြောင်း အိန်ဂျလာမာကယ်က ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

## ကွာဟချက်များ ဆက်လက်ရှိနေဆဲ

တူရကီနှင့် ဂျာမနီကြား သဘောထား ကွာဟချက်က ဆက်လက်ကျန်ရှိနေဆဲဖြစ်ပြီး အထူးသဖြင့် သတင်းလွတ်လပ်ခွင့်နှင့် ဂျာမန်ကံကြမ္မာသို့မဟုတ် နှစ်နိုင်ငံသားခံယူမှုကြောင့် တူရကီ၌ ထောင်ကျနေသူများအရေးမှစကာ အာဒိုဂန်က ရန်သူအဖြစ် ကြေညာထားသူများကို တူရကီနိုင်ငံသို့ ပြန်ပို့ရေး၊ မပို့ရေးနှင့် ပတ်သက်ပြီး သဘောထားကွာဟမှုများအထိ ရှိနေဆဲဖြစ်ကြောင်း သိရသည်။

အာဒိုဂန်ကို ကော်ဇောနီခင်းပြီး ကြိုဆိုလိုက်သည့်ကိစ္စနှင့်ပတ်သက်ပြီး မာကယ်တစ်ယောက် ပြည်တွင်း၌ ဖိအားများနှင့်ရင်ဆိုင်နေရသည်။ မာကယ်က နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရက်တစ်၊ ပွင့်လင်းလူ့ဘောင်ကိစ္စရပ်များနှင့် ပတ်သက်ပြီး အဓိကသဘောထား ကွဲပြားမှုများ ဆက်လက်ရှိနေသေးကြောင်း ပြောခဲ့သည်။

## နှစ်နိုင်ငံတွေ့ဆုံခြင်းက အကောင်းဆုံးနည်းလမ်းဖြစ်

အဆိုပါ မတူညီကွဲပြားချက်များကို ကျော်ဖြတ်နိုင်ရန် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးခြင်းကသာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း မာကယ်က ပြောခဲ့သည်။ ထို့အပြင် မာကယ်သည် တူရကီနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်းထားသော ဂျာမန်နိုင်ငံသားငါးဦးကို လွှတ်ပေးရေးလည်း တိုက်တွန်းပြောကြားသွားကြောင်း သိရသည်။

ပဋိပက္ခများ မြင့်မားနေသည့်အတွက် ဘာလင်က ၎င်း၏နိုင်ငံသားများနှင့် ကုမ္ပဏီများကို တူရကီနှင့် အဝေးဆုံးတွင် နေထိုင်ရန်တိုက်တွန်းခဲ့ပြီး ၎င်း၏ တပ်ဖွဲ့များကိုလည်း နေတိုးအခြေစိုက်စခန်းမှ ဆွဲထုတ်သွားရန်လည်း တိုက်တွန်းခဲ့ကြောင်း သိရသည်။

သို့သော်လည်း ဖေဖော်ဝါရီလကတည်းက တူရကီနိုင်ငံသည် ထင်ရှားသော ဂျာမန်-တူရကီသတင်းထောက် ဒန်းနစ်ယူဆယ်ကို ပြန်လွှတ်ပေးလိုက်သည့် ကိစ္စနှင့်ပတ်သက်ပြီး နှစ်နိုင်ငံဆက်ဆံရေးပြေပြစ်လာကြောင်း သိရသည်။

## စီးပွားရေးတည်ငြိမ်မှုရှိဖို့လို

အမေရိကန် တရားဟောဆရာတစ်ဦးကို တူရကီနိုင်ငံအာဏာသိမ်းမှုတွင် ပါဝင်သည်ဟုစွပ်စွဲကာ ဖမ်းဆီးထောင်ချထားခြင်းကို လက်တုံ့ပြန်သည့်အနေဖြင့် ဩဂုတ်လက အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် တူရကီနိုင်ငံ၏ အလူမီနီယံနှင့် စတီးလ်ပို့ကုန်များအပေါ် အခွန်တိုးမြှင့်ကောက်ခံခဲ့သည်။

တူရကီစီးပွားရေး ဒုက္ခတွေ့နေသည့်အပေါ် မာကယ်က တူရကီနိုင်ငံ၏ စီးပွားရေး တည်ငြိမ်နေမှသာလျှင် ဂျာမနီအတွက် အကျိုးရှိနိုင်ကြောင်း ပြောခဲ့သည်။ သံခင်းတမန်ခင်းအကျပ်အတည်းနှင့်ရင်ဆိုင်နေရသည့် အာဒိုဂန်က ဘာလင်အား နာဇီပုံစံကျင့်သုံးနေသည်ဟု ဆိုကာ စွပ်စွဲခဲ့ကြောင်း၊ ထို့အပြင် အောင်မြင်နိုင်သည့် စီးပွားရေးစီမံကိန်းများကို ညွှန်းဆိုလျက် ပြေရာပြေကြောင်းလည်း ပြောကြားခဲ့သေးသည်ဟု ဆိုသည်။

## ဝေဖန်မှုတွေရှိ

သို့သော်လည်း ဂျာမနီသည် ၎င်းမြေပေါ်ရှိ ထောင်ချီနေသော ကာ့ဒ်စစ်သွေးကြွများနှင့်ပတ်သက်ပြီး လုပ်ဆောင်ချက်များ အားနည်းနေသေးကြောင်း အာဒိုဂန်က ပြောခဲ့သည်။ ထို့အပြင် တူရကီအာဏာသိမ်းမှုတွင် ပါဝင်သည်ဟု စွပ်စွဲခံနေရသည့် မွတ်စလင်ဘုန်းတော်ကြီး ဖက်သူလာဂူလန်၏ နောက်လိုက်များကို တူရကီသို့ လွှဲပြောင်းပေးရန် ဂျာမန်က ငြင်းဆိုခဲ့ကြောင်း အာဒိုဂန်က စောဒကတက်ပြောကြားခဲ့သေးကြောင်း သိရသည်။

မာကယ်က ဂျာမနီနိုင်ငံအနေဖြင့် ကာ့ဒ်အလုပ်သမားပါတီ (ပီကေကေ)ကို တားဆီးပိတ်ပင်ထားသည့် စစ်သွေးကြွအဖွဲ့အဖြစ် အသိအမှတ်ပြုပါကြောင်း၊ ထို့အတူ ဂူလန်လှုပ်ရှားမှုကို ထိုကဲ့သို့ယူဆ၍မရကြောင်း ပြောခဲ့သည်။

## နိုင်ငံရေးခိုလှုံသူများကို တူရကီပြန်လိုချင်

အာဒိုဂန် ဂျာမနီနိုင်ငံသို့ မရောက်မီ တူရကီက ဂျာမနီနိုင်ငံကို တူရကီသို့ ပြန်လည်လွှဲပြောင်းပေးရမည့် လူစာရင်း ပေးပို့ခဲ့ကြောင်း သိရပြီး၊ အဆိုပါလူစာရင်းတွင် စုစုပေါင်း ၆၉ ဦး ရှိကြောင်းနှင့် အများစုမှာ ပီကေကေ နိုင်ငံရေးသမားများနှင့် Gulen နောက်လိုက်များဖြစ်ကြောင်း သိရသည်။

အဆိုပါစာရင်းတွင် သတင်းထောက်ကန်ဒန်ဒါလည်းပါဝင်ခဲ့ပြီး ၎င်းသည် ဂျာမနီနိုင်ငံတွင် ၂၀၁၆ ခုနှစ်ကတည်းက နိုင်ငံရေးခိုလှုံနေထိုင်ခဲ့သူ ဖြစ်သည်။ ၎င်းသည် ၎င်း၏ ကမ်ဟားရီးယာ့ဒ် သတင်းစာတွင် ဆီးရီးယားရှိ အိုင်အက်စ် စစ်သွေးကြွများထံသို့ တူရကီနိုင်ငံက လက်နက်များ တရားမဝင် လျှို့ဝှက်ပေးပို့သည်ဟုဆိုသည့် သတင်းဖော်ပြမှုနှင့် ပတ်သက်ပြီး ထောင်ချခံရသည့် ပြစ်ဒဏ်မှ ရှောင်ပြေးနေသူဖြစ်ကြောင်း သိရသည်။

ဒန်ဒါသည် သူလျှိုဖြစ်ကြောင်းနှင့် ၎င်းသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များကို ဖော်ထုတ်နေသူဖြစ်ကြောင်း အာဒိုဂန်က သတင်းထောက်များကို ပြောကြားခဲ့သည်။ "အပြစ်ရှိသူများကို ပြန်လိုချင်တာ ကျွန်တော်တို့ရဲ့သဘာဝအခွင့်အရေးတစ်ခုပါပဲ" ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

သတင်းထောက် ဒန်ဒါကိုယ်တိုင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အဆိုပါစွပ်စွဲချက်များကို ငြင်းဆိုခဲ့ကြောင်း သိရသည်။ "ကျွန်တော်က သူလျှိုတစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်က သတင်းထောက်တစ်ယောက်ပါ" ဟု ၎င်းက ပြောခဲ့သည်။ ညစာစားပွဲတွင် အာဒိုဂန်က အကြမ်းဖက်လုပ်ရပ်များတွင် သတင်းထောက်များ ပါဝင်ပတ်သက်နေခြင်းနှင့် တူရကီတရားရုံးက စီရင်ချက်ချထားသည့် လူတစ်ယောက်ကို မည်သူတွေက ယခုအချိန်အထိ ကာကွယ်နေသလဲဟု မေးခဲ့သည်။ ဂျာမနီမှာတော့ သူက ကောင်းစားနေတယ်ဟု သတင်းထောက် ဒန်ဒါကို ညွှန်းဆိုလျက် အာဒိုဂန်က ပြောခဲ့သည်။

ထို့အပြင် ၂၀၁၆ အာဏာသိမ်းမှုကျဆုံးပြီးနောက် သတင်းထောက်များ၊ ကုန်သွယ်ရေးသမဂ္ဂအဖွဲ့ဝင်များ၊ သိပ္ပံပညာရှင်များ၊ အသိပညာရှင် အတတ်ပညာရှင်များကို ထောင်သွင်းအကျဉ်းချထားသည်ဆိုသည့် ဂျာမန်သမ္မတ ဖရန့်ခ်ဝေါတာ စတိန်းမီးယား၏ မှတ်ချက်အပေါ်လည်း အာဒိုဂန်က "သင့်အနေနဲ့ သတင်းအမှားတွေ ရရှိထားတာပဲ" ဟု ပြန်လည်တုံ့ပြန်ပြောကြားခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် ဆက်ဆံရေးတွင် အကျိုးလိုလို့ ညောင်ရေလောင်းတယ်ဟု ဆိုစေကာမူ တူရကီနိုင်ငံအနေဖြင့် ဂျာမနီနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေး ကောင်းအောင်ဆောင်ရွက်နေသည် ဆိုသည့်အချက်မှာ လုံးဝမှန်ကန်သည့်အချက်တစ်ချက်ဖြစ်ပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**

> **"အာဒိုဂန်ကို ကော်ဇောနီခင်းပြီး ကြိုဆိုလိုက်သည့်ကိစ္စနှင့် ပတ်သက်ပြီး မာကယ်တစ်ယောက် ပြည်တွင်း၌ ဖိအားများနှင့် ရင်ဆိုင်နေရသည်။ မာကယ်က နှစ်နိုင်ငံဆက်ဆံရေး ပြန်လည်ကောင်းမွန်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရက်တစ်၊ ပွင့်လင်းလူ့ဘောင်ကိစ္စရပ်များနှင့် ပတ်သက်ပြီး အဓိကသဘောထား ကွဲပြားမှုများ ဆက်လက်ရှိနေသေး"**

---

**နိုင်ငံတကာ သတင်းတိုထွာ**

## မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ကုလအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၃၀**

မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီး ရီယောင်းဟိုသည် နယူးယောက်မြို့၌ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်တွေ့ဆုံခဲ့သည်။ ရီယောင်းဟိုသည် ကုလသမဂ္ဂတွင် စနေနေ့ ညနေပိုင်းတွင် မိန့်ခွန်းပြောရန် စီစဉ်ခဲ့ပြီး ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နှင့် သောကြာနေ့က တွေ့ဆုံခဲ့ခြင်းဖြစ်သည်။

ကုလအတွင်းရေးမှူးချုပ် ဂူတာရက်စ်က ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ လျှော့ချရေးအတွက် မြောက်ကိုရီးယား၏လုပ်ဆောင်မှုများကို ကြိုဆိုကြောင်း မြောက်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးကို ပြောသည်။ လွန်ခဲ့သောသီတင်းပတ်က ပြုလုပ်ခဲ့သော တောင်နှင့်မြောက် ကိုရီးယား နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲနှင့် ဇွန်လအတွင်းက ပြုလုပ်ခဲ့သော အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ တွေ့ဆုံပွဲတို့သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားကင်းစင်ရေးဆီသို့ ဦးတည်လိမ့်မည်ဟု ယုံကြည်ကြောင်းလည်း မစ္စတာ ဂူတာရက်စ်က ပြောသည်။ တောင်ကိုရီးယားနှင့်မြောက်ကိုရီးယားတို့ ဆွေးနွေးပွဲအပြီး သတင်းထုတ်ပြန်ချက်တွင် အကယ်၍အမေရိကန်ဘက်မှ သင့်တော်သည့်အဆင့်များ ပြုလုပ်ပေးပါက ညောင်ဗြွန်းနျူကလီးယား စက်ရုံကို ပိတ်သိမ်းရန် အဆင်သင့်ရှိသည်ဟု မြောက်ကိုရီးယားဘက်မှ ထုတ်ပြန်ခဲ့သည်။ **အင်န်အိတ်ချ်ကေ**

## ဟယ်မန်းဒ်ပြည်နယ်တွင် စစ်သွေးကြွ ၂၀ ခန့်ကို သုတ်သင်ရှင်းလင်း

**ကဘူးလ် စက်တင်ဘာ ၃၀**

အာဖဂန်တပ်ဖွဲ့ဝင်များသည် အာဖဂန်နိုင်ငံတောင်ပိုင်း ဟယ်မန်းဒ်ပြည်နယ်တွင် နယ်မြေရှင်းလင်းမှုများ လုပ်ဆောင်ခဲ့ရာ တာလီဘန်စစ်သွေးကြွ ၂၀ ခန့်ကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း အာဖဂန်ကာကွယ်ရေးဝန်ကြီးဌာနက တနင်္ဂနွေနေ့တွင် ပြောသည်။

မကြာသေးမီကလည်း နာ့ဒ်ရီဆာဂျက်ခရိုင်တွင် စစ်သွေးကြွ ၂၂ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ မော်တော်ယာဉ်လေးစီး၊ မော်တော်ဆိုင်ကယ် ၂၇ စီးကို ဖျက်ဆီးနိုင်ခဲ့ကြောင်းသိရသည်။

ဟယ်မန်းဒ်ပြည်နယ်သည် ဘိန်းစိုက်ပျိုးခြင်းအတွက် နာမည်ကျော်ကြားပြီး တာလီဘန်များ အခိုင်အမာတပ်စွဲထားရာနေရာဖြစ်သည်။ တာလီဘန်များဘက်မှ ပြောရေးဆိုခွင့်ရှိသူ ကွာရီယူဆွတ်အာမက်ဒီက နာ့ဒ်ရီဆာဂျက်ခရိုင်တွင် တာလီဘန်များနှင့် အစိုးရတပ်ဖွဲ့များ တိုက်ပွဲများဖြစ်ပွားခဲ့ကြောင်း ဒေသတွင်း မီဒီယာများကို ပြောသည်။ **ဆင်ဟွာ**

# စွမ်းအင်ကဏ္ဍအတွက် အားမာန်တစ်ရပ်ဖြစ်စေမည့် ရေဝတီကမ်းလွန်အနောက်ပိုင်းမှ မြန်မာ့မော်ကွန်း ရွှေရည်ထွန်း -၂




**တာရာ**

လုပ်ကွက်အမှတ် A-6 ရွှေရည်ထွန်း-၂ မှ တူးဖော်တွေ့ရှိသော သဘာဝဓာတ်ငွေ့ကို မီးရှို့စမ်းသပ်နေစဉ်။

စိမ်းညို့နေသည့် သစ်ပင်၊ သစ်တောအုပ်များနှင့် ဖုံးလွှမ်းနေသော ရေဝတီကမ်းရိုးတန်း၏ ငွေဆောင်၊ ချောင်းသာတို့မှ အနောက်ဘက် မိုင် ၄၀ ခန့်အကွာ ပြာလဲ့နေသော ပင်လယ်ပြင်ကြီးအတွင်း သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်နေသည့် တွင်းတူးသင်္ဘော၊ တွင်းတူးစင်များနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရေးလုပ်ကွက်အမှတ် A-6 ကို ပန်းချီကားချပ်တစ်ခု သဖွယ် အပေါ်စီးမှ မြင်တွေ့ရသည်။

မြန်မာနိုင်ငံ၏ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးကဏ္ဍတွင် ကုန်းတွင်း၊ ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက်များကို အကျိုးတူပူးပေါင်းဆောင်ရွက်လုပ်ကိုင်နေသောကုမ္ပဏီ MPRL E&P က ရေဝတီကမ်းရိုးတန်း ပုသိမ်မြို့၏အနောက်မြောက်ဘက် မိုင် ၆၀ ခန့်အကွာ ကမ်းလွန်လုပ်ကွက်အမှတ်A-6 တွင် သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးအတွက် ပဋ္ဌမအကြိမ်မြောက် စမ်းသပ်တွင်း ရွှေရည်ထွန်း-၂ ကို ယခုနှစ်ဇူလိုင်လအတွင်းက ထပ်မံတူးဖော်ခဲ့သည်။

ပင်လယ်ရေအနက် ၇၆၂၈ ပေခန့်တွင် စတင်တူးဖော်ခဲ့ခြင်းဖြစ်ပြီး တွင်းအနက် ၁၅၉၁၂ပေ အထိရောက်ရှိခဲ့ရာ ရွှေရည်ထွန်း -၂ ရှိ သဲကြောများအတွင်း မြေအောက်တွန်းကန်အားတိုင်းတာမှုများအရ သဘာဝဓာတ်ငွေ့ ကော်လံထုထည်မှာ ၇၈၇ ပေနှင့် Wireline Formation Evaluation အချက်အလက်များအရ သဘာဝဓာတ်ငွေ့ခိုအောင်းနေသည့် အသားတင်ထုတ်ယူရရှိနိုင်မည့် သဲကြောအထူ ၁၃၁ ပေခန့်ရှိကြောင်း တွေ့ရှိရသည်။

အဓိကသဲကြောများကို မြေသားနမူနာရယူခြင်းနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်နိုင်မှုစမ်းသပ်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ စက်တင်ဘာ ၂၂ ရက်အထိရရှိသော အချက်အလက်များအရ ၎င်း၏သဘာဝဓာတ်ငွေ့စီးဆင်းနှုန်းမှာ အကန့်အသတ်ရှိနေသည့်တိုင် တစ်ရက်လျှင် ၄၀/၆၄ ပေ Choke Size တွင် ၅၀ MMscfd အထိ ထုတ်လုပ်နိုင်ကြောင်း အတည်ပြုနိုင်ခဲ့သည်။

လုပ်ကွက်အမှတ် A-6 ရှိ အကဲဖြတ်တွင်း ရွှေရည်ထွန်း-၂ တွင် မူလမျှော်မှန်းထားသည်ထက် ပိုမိုထုထည်ကြီးမားသည့် သဘာဝဓာတ်ငွေ့ခိုအောင်းတည်ရှိမှုကို ရှာဖွေတွေ့ရှိခဲ့သည်မှာ အောင်မြင်မှုတစ်ခုပင်ဖြစ်သည်။ အဆိုပါအောင်မြင်မှုများကို ကြည့်ရှုလေ့လာရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှမိုးအောင်၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် ရေဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ ပါဝင်သောအဖွဲ့သည် စက်တင်ဘာ ၂၂ ရက်က အကဲဖြတ်တွင်း ရွှေရည်ထွန်း-၂ ရှိ သဘာဝဓာတ်ငွေ့တူးဖော်နေသော တွင်းတူးစက်သို့ သွားရောက်ပြီး အကဲဖြတ်တွင်း တူးဖော်စမ်းသပ်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**အားထားလောက်သည့် တွေ့ရှိမှု**

ထိုသို့ရောက်ရှိစဉ် ပြည်ထောင်စုဝန်ကြီးက "ရွှေရည်ထွန်း-၂ က သဘာဝဓာတ်ငွေ့အနေနဲ့ပြောမယ်ဆိုရင် နိုင်ငံအတွက် အင်မတန်မှအားထားလောက်တဲ့ ထွက်ရှိမှုတစ်ခုကို စမ်းသပ်တွေ့ရှိထားပါတယ်၊ နိုင်ငံမှာလိုအပ်တဲ့ စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ဓာတ်အားကို သဘာဝဓာတ်ငွေ့ကတစ်ဆင့် စက်မှုလုပ်ငန်းတွေ ဆောင်ရွက်လို့ရတဲ့ အခွင့်အလမ်းတစ်ခု ပေါ်လာပါတယ်၊ နီးတဲ့ဝေးတဲ့ အပေါ်မှာလည်း အများကြီးမူတည်ပါတယ်၊ တွေ့ရှိထားတဲ့နေရာကတော့ အကွာအဝေးအားဖြင့်နီးတယ်၊ ဒါပေမယ့် အတိမ်အနက်ကတော့ တော်တော်လေးနက်တယ်၊ ဆိုလိုတာကတော့ ရေအတော်ကိုနက်တဲ့နေရာမှာ တွေ့ရှိထားတယ်၊ အကျိုးကတော့ ဘယ်လိုပဲဖြစ်ဖြစ်ရှိပါတယ်၊ အကြမ်းဖျင်းလေ့လာတွေ့ရှိရသလောက်တော့ စီးပွားဖြစ် တွက်ခြေကိုက်မယ့် အနေအထားတွေလည်း တွေ့ရပါတယ်၊ ကျွန်တော်တို့ တိုင်းပြည်မှာ စွမ်းအင်လည်း အများကြီးလိုအပ်နေပါတယ်၊ အရင်နှစ်ပေါင်း ၃၀ ကတူးထားတဲ့ တွင်းတွေက သက်တမ်းအားဖြင့် သက်တမ်းပြည့်နေပြီလို့ ခေါ်ရမှာပေါ့၊ နောက်ထပ်နေရာသစ်၊ တွင်းအသစ်တွေကို ဖြည့်ဆည်းဖို့လိုအပ်ပါတယ်၊ အဲဒီလို လိုအပ်ချက်တွေကို A-6 က ဖော်ဆောင်ပေးနိုင်တဲ့ အတွက် နိုင်ငံတော်အတွက်၊ ပြည်သူလူထုအတွက်နဲ့ ဒေသတွင်း နိုင်ငံတွေအတွက်ပါ တစ်နေ့တော့ အထောက်အကူပြုလာနိုင်မယ့် အနေအထားရှိပါတယ်"ဟု ပြောကြားသည်။

အလားတူ MPRL E&P မှ အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က "ပုသိမ်ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှာ ပဋ္ဌမမြောက် သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိမှုကို ကြေညာနိုင်ခဲ့တဲ့အတွက် အလွန်ဝမ်းမြောက်မိပါတယ်။ နိုင်ငံတော်အတွက် သာမက အာရှ-ပစိဖိတ်ဒေသတွင်း နိုင်ငံတွေအတွက်ပါ အထူးလိုအပ်နေတဲ့ စွမ်းအင်လိုအပ်ချက်ကိုဖြည့်ဆည်းနိုင်ဖို့ စွမ်းအင်အရင်းအမြစ်တွေ ရှာဖွေတွေ့ရှိဖို့လိုပါတယ်။ လုပ်ကွက်အမှတ် A-6 ရဲ့ရေနက်ပိုင်း တူးဖော်ရေးလုပ်ငန်းစဉ်တွေမှာ အစမ်းတွင်းတွေ တစ်တွင်းပြီးတစ်တွင်း ဆက်လက်တူးဖော်နေမှုတွေဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အထူးလိုအပ်နေတဲ့ စွမ်းအင်အရင်းအမြစ် ရှာဖွေထုတ်လုပ်နိုင်ရေးကို MPRL E&P က အလေးထားကြိုးပမ်းဆောင်ရွက်နေမှုကို ပြသနေတာဖြစ်ပါတယ်။ နိုင်ငံတော်အတွက် ပထမဦးဆုံး စီးပွားဖြစ်ထုတ်လုပ်နိုင်မယ့် ကမ်းလွန်ရေနက်ပိုင်း သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရေးစီမံကိန်းတစ်ခု အမြန်ဆုံး အကောင်အထည်ပေါ်လာဖို့ အစွမ်းကုန်ကြိုးပမ်းသွားပါမယ်"ဟု ကတိပြု ပြောကြားခဲ့သည်။

**စီးပွားဖြစ်ထုတ်နိုင်မည်**

လုပ်ကွက်အမှတ် A-6 ၏ ပဋ္ဌမမြောက်အစမ်းတွင်း ရွှေရည်ထွန်း-၂၏ရလဒ်နှင့် အစမ်းတွင်းများ၏ သဘာဝဓာတ်ငွေ့ ရှာဖွေတွေ့ရှိမှုအချက်အလက်များကို ပေါင်းစပ်၍ တွက်ချက်ရှာဖွေခဲ့ရာ ကမ်းလွန်ရေနက်ပိုင်းတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှု ပမာဏကြီးမားသည့် အလားအလာကောင်းများတွေ့ရပြီး စီးပွားဖြစ်ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းရသည်။

ကမ်းလွန်လုပ်ကွက်အမှတ် A-6 ရှိ ရွှေရည်ထွန်း -၂ မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှု သတင်းထုတ်ပြန်ပွဲကို စက်တင်ဘာ ၂၅ ရက်က နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ရတနာခန်းမ၌ ကျင်းပခဲ့ပြီး အကဲဖြတ်တွင်း ဖြစ်သော ရွှေရည်ထွန်း-၂ တွင် သဘာဝဓာတ်ငွေ့များ ထုတ်ယူရရှိကြောင်း စမ်းသပ်တွေ့ရှိသဖြင့် ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် အကဲဖြတ်တွင်းများ ဆက်လက်တူးဖော်ခြင်း၊ ရှာဖွေရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခြင်းတို့ကို စီးပွားဖြစ်ထုတ်လုပ်နိုင်သော သဘာဝဓာတ်ငွေ့စီမံကိန်းတစ်ခု အဖြစ် အကောင်အထည်ပေါ်လာရေးအတွက် အစုရှယ်ယာဝင်များက ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်းလည်း သတင်းထုတ်ပြန်ထားသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် စွမ်းအင်လိုအပ်ချက်သည် မြင့်မားလျက်ရှိပြီး ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ကို အများဆုံး သုံးစွဲနေသောနိုင်ငံများမှာ အမေရိကန်၊ ရုရှား၊ အီရန်၊ တရုတ်နှင့် ဂျပန်နိုင်ငံတို့ဖြစ်သည်။ ၂၀၁၅ ခုနှစ်အတွင်း သဘာဝဓာတ်ငွေ့အများဆုံးသုံးခဲ့သောနိုင်ငံများကို ကြည့်မည်ဆိုပါက ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်ခုဖြစ်သည့် အမေရိကန်သည် သဘာဝဓာတ်ငွေ့ ကုဗမီတာ ၇၇၈ ဘီလီယံခန့် (သို့မဟုတ်) ကမ္ဘာ့စုစုပေါင်းသုံးစွဲမှု၏ ၂၂ ဒသမ ၄ ရာခိုင်နှုန်းကို သုံးစွဲခဲ့သည်။ ဒုတိယအများဆုံးသုံးစွဲခဲ့သောနိုင်ငံမှာ ရုရှားဖြစ်ပြီး ကုဗမီတာ ၃၉၂ ဘီလီယံခန့် (သို့မဟုတ်)ကမ္ဘာ့စုစုပေါင်း သုံးစွဲမှု၏ ၁၁ ဒသမ ၃ ရာခိုင်နှုန်းခန့်ရှိခဲ့ကာ တတိယအများဆုံးသုံးစွဲသည့်နိုင်ငံမှာ တရုတ်ဖြစ်ပြီး ကုဗမီတာ ၁၉၇ ဘီလီယံ (ကမ္ဘာ့စုစုပေါင်းသုံးစွဲမှု၏ ၅ ဒသမ ၇ ရာခိုင်နှုန်းခန့်)ရှိခဲ့သည်။

တစ်ကမ္ဘာလုံး၏ သဘာဝဓာတ်ငွေ့တောင်းဆိုချက်သည် ၂၀၃၀ ခုနှစ်တွင် ၂၀ ရာခိုင်နှုန်း တိုးတက်လာရန်ရှိပြီး ၂၀၄၀ တွင် ၄၅ ရာခိုင်နှုန်းအထိ တိုးတက်လာဖွယ်ရှိကြောင်း ပညာရှင်များက ခန့်မှန်းတွက်ချက်ထားသည်။

ကမ္ဘာမြေကြီးအောက်၊ ပင်လယ်ကြမ်းပြင်အောက် အနက်ပေပေါင်းများစွာတွင် တည်ရှိနေသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကို တူးဖော်ရသည်မှာ စွန့်စားမှုကြီးမားပြီး မလွယ်ကူသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ကမ်းလွန်လုပ်ကွက်အမှတ် A-6 ၏ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးလုပ်ငန်းသည် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသတို့တွင် ရေအနက်ဆုံးနေရာ၌ပြုလုပ်မည့် စီမံကိန်းတစ်ခုဖြစ်သည်။ လက်ရှိအချိန်၌ ရေနက်စီမံကိန်း(Ultra-deep Water Project)သည် အာဖရိက၊ တရုတ်၊ မက္ကဆီကိုပင်လယ်ကွေ့အစရှိသော နေရာများတွင်သာရှိပြီး ကမ္ဘာတစ်ဝန်းတွင် အရေအတွက်အားဖြင့် စီမံကိန်း ၂၀ ထက် မပိုသေးဟုလည်း သိရသည်။

နိုင်ငံအတွင်း အကြီးမားဆုံးနှင့် တစ်ခုတည်းသော ပထမဆုံး ရေနက်ပိုင်းရင်းနှီးမြှုပ်နှံမှုဖြစ်သဖြင့် ခန့်မှန်း အမေရိကန်ဒေါ်လာ ၆ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံရမည့် စီမံကိန်းဖြစ်ပြီး ယခုအချိန်အထိ အမေရိကန်ဒေါ်လာ သန်း ၃၀၀ နီးပါး ရင်းနှီးမြှုပ်နှံထားသည်။ ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ သဘာဝဓာတ်ငွေ့များကို ၂၀၂၃ ခုနှစ်တွင် စတင်ထုတ်လုပ်သုံးစွဲနိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လုပ်ကိုင်ခွင့်ရ Operator နှင့် JV ကုမ္ပဏီများ ပူးပေါင်း၍ စီမံဆောင်ရွက်လျက်ရှိသည်။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံတွင် စွမ်းအင်လိုအပ်ချက်ကို နည်းလမ်းမျိုးစုံဖြင့်ဖြည့်ဆည်းနိုင်ရန် နိုင်ငံတော်အစိုးရကဦးဆောင်၍ ကြိုးစားဆောင်ရွက်နေသည်။ မြန်မာနိုင်ငံတွင် လျှပ်စစ်စွမ်းအင်ကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သော ရေအား၊ လေအား၊ နေစွမ်းအင် အပါအဝင် အရင်းအမြစ်များစွာတို့မှ ထုတ်လုပ်နိုင်ရန်လည်း စီမံဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ခိုအောင်းနိုင်ရန် သယံဇာတအရင်းအမြစ် ကြွယ်ဝစွာတည်ရှိနေသည့်အတွက် သဘာဝဓာတ်ငွေ့သည် အခြားလောင်စာများနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းချိုသာခြင်း၊ အသန့်ရှင်းဆုံးနှင့် အထိရောက်ဆုံး ရုပ်ကြွင်းလောင်စာတစ်ခုဖြစ်ခြင်းတို့ကြောင့် သုံးစွဲရန်သင့်လျော်သည့် အားသာချက်များရှိသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရာတွင် လည်ပတ်ရန်လွယ်ကူခြင်း၊ စွမ်းအင်ပိုမိုထုတ်လုပ်နိုင်ခြင်းနှင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုနည်းပါးခြင်းတို့ကြောင့်လည်း ယနေ့ကမ္ဘာပေါ်တွင် သဘာဝဓာတ်ငွေ့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် အဓိကအသုံးပြုလျက်ရှိသည်။ သဘာဝဓာတ်ငွေ့ကို လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန် လောင်ကျွမ်းရာတွင် ကာဗွန်ဒိုင်အောက်ဆိုဒ်ထွက်ရှိမှုသည် ရေနံထက် ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းအထိ နည်းပါးပြီး၊ ကျောက်မီးသွေးထက် ၄၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအထိ နည်းပါးသည်။ အခြားသော အမှုန်ပါဝင်မှုနှင့် ထုတ်လွှတ်မှုလည်း နည်းပါးသည့် အားသာချက်များရှိသည်။

မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ကို မုတ္တမကမ်းလွန်ဒေသ၌ ရတနာ သဘာဝဓာတ်ငွေ့စီမံကိန်းနှင့် ဇောတိကစီမံကိန်း၊ တနင်္သာရီကမ်းရိုးတန်း၌ ရဲတံခွန် သဘာဝဓာတ်ငွေ့စီမံကိန်း၊ ရခိုင်ကမ်းလွန်ဒေသ၌ ရွှေ သဘာဝဓာတ်ငွေ့စီမံကိန်းများမှ ထုတ်ယူလျက်ရှိသည်။ သို့သော် ထုတ်လုပ်နိုင်မှုစွမ်းအားမှာမူ တစ်နှစ်ထက်တစ်နှစ် ကျဆင်းလာလျက်ရှိရာ ၂၀၂၃ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံ၌ သဘာဝဓာတ်ငွေ့ရှာဖွေတွေ့ရှိ ထုတ်လုပ်နိုင်ရန်မှာ အရေးကြီးသည့်လိုအပ်ချက် ဖြစ်လာသည်။

**လျှပ်စစ်ကဏ္ဍအတွက် အထောက်အပံ့**

ယခု အစမ်းတွင်းတူးဖော်မှုများကို အခြေခံပြီး A-6 မှ ထွက်ရှိလာမည့်သဘာဝဓာတ်ငွေ့များသည် စီးပွားဖြစ်တူးဖော်ထုတ်လုပ်နိုင်သောအခြေအနေ (Economic Threshold) သို့ ရောက်ရှိပါက အထက်ပါ ထုတ်လုပ်မှုကျဆင်းတော့မည့် သဘာဝဓာတ်ငွေ့စီမံကိန်းများကို အချိန်မီ အစားထိုးကုစားနိုင်မည်ဖြစ်သလို နိုင်ငံ၏စွမ်းအင်ကဏ္ဍတွင် မြင့်တက်လာမည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ဖြည့်ဆည်းပေးနိုင်တော့မည်ဖြစ်သည်။

ပြည်တွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ကာလတိုအဖြစ် ပြည်ပမှဝယ်ယူတင်သွင်းရန် ရည်မှန်းဆောင်ရွက်လျက်ရှိသည့် LNG စီမံကိန်းများအတွက် Liquefied Natural Gas(LNG)ကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် အစားထိုးနိုင်မည်ဖြစ်သလို ပိုလျှံလာသော သဘာဝဓာတ်ငွေ့များကို ပြည်ပ အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချခြင်းအားဖြင့် နိုင်ငံအတွက် နိုင်ငံခြားပို့ကုန်ဝင်ငွေများလည်း တိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့ပြင် ကမ်းလွန်လုပ်ကွက်အမှတ် A-6 မှ ထွက်ရှိသော သဘာဝဓာတ်ငွေ့များသည် ရန်ကုန်တိုင်းဒေသကြီးအတွက် လျှပ်စစ်ဓာတ်အားလုံလောက်ရေးကို အထောက်အကူပြုလာမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ အကြီးမားဆုံး စပါးကျီဖြစ်သော ရေဝတီတိုင်းဒေသကြီးရှိ စက်မှုလုပ်ငန်းများအတွက် အဓိကလိုအပ်နေသော လျှပ်စစ်မီးရရှိရေးကိုလည်း အထောက်အပံ့ ပေးနိုင်မည်ဖြစ်သည်။

MPRL E&P သည် နည်းပညာနှင့် အရင်းအနှီးပါ စွန့်စားလုပ်ကိုင်ရသည့် ပင်လယ်ကြမ်းပြင်အနက် ၆၅၆၂ ပေမှ ၈၂၀၂ ပေအထိ ရေနက်ပိုင်း(Ultra Deep Water)တွင် ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ ပြည်သာ အစမ်းတွင်း၏ရလဒ်များကြောင့် မြန်မာ့ကမ်းလွန် လုပ်ကွက်အမှတ် A-6 ကို ပြည်ပရေနံကုမ္ပဏီကြီးများက စိတ်ဝင်စားလာကြပြီး ၂၀၁၃ တွင် ဩစတြေးလျအခြေစိုက် Woodside ကုမ္ပဏီ၊ ၂၀၁၅ တွင် ပြင်သစ်အခြေစိုက် Total ကုမ္ပဏီတို့သည် MPRL E&P နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန် ပါဝင်လာခဲ့သည်။ MPRL E&P က ၂၀ ရာခိုင်နှုန်း၊ Woodside နှင့် Total ကုမ္ပဏီတို့က ၄၀ ရာခိုင်နှုန်းစီဖြင့် အချိုးကျပါဝင်ကာ ရှာဖွေတူးဖော်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် လုပ်ကွက်A-6 ၏ ရေနက်ပိုင်း၌ ရွှေရည်ထွန်း-၁ ကို တူးဖော်ခဲ့ကာ ရေနက်ပိုင်း၌ပါ သဘာဝဓာတ်ငွေ့တွေ့ရှိကြောင်း ထပ်မံအတည်ပြုနိုင်ခဲ့သည်။

ဆက်လက်၍ တတိယတွင်း ပြည်သစ် - ၁ ကို ၂၀၁၇ ခုနှစ် ဇွန်လတွင် တူးဖော်ခဲ့ပြီး တစ်နေ့လျှင် သဘာဝဓာတ်ငွေ့ ကုဗပေသန်း ၅၀ ထုတ်ယူ ရရှိနိုင်ကြောင်း စမ်းသပ်တွေ့ရှိခဲ့သလို ပြည်သာယာ - ၁ ကို ၂၀၁၇ ဩဂုတ်တွင် တူးဖော်ခဲ့ပြီး

*စာမျက်နှာ ၁၇ သို့*

# သန့်ရှင်းသော အများသုံးသန့်စင်ခန်း အကောင်းဆုံးစီစဉ်နိုင်မှုဆုကို စစ်ကိုင်းတိုင်းဒေသကြီးရရှိ

**စစ်ကိုင်း စက်တင်ဘာ ၃၀**

၂၀၁၈ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Clean Public Toilet အကောင်းဆုံးစီစဉ်နိုင်မှုဆုကို စစ်ကိုင်းတိုင်းဒေသကြီးမှ ရရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ၂၀၁၈ အခမ်းအနားကို နေပြည်တော်တွင် စက်တင်ဘာ ၂၇ ရက်က ကျင်းပခဲ့ပြီး အဆိုပါ အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ၂၀၁၈ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် Clean Public Toilet အကောင်းဆုံးစီစဉ်နိုင်မှုဆုကို ဆွတ်ခူးရရှိခဲ့ပြီး အဆိုပါဆုကို တိုင်းဒေသကြီး အစိုးရအဖွဲ့ ကိုယ်စားတိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဦးအောင်သူဦးက တက်ရောက်ယူခဲ့ကြောင်း သိရသည်။

"မြန်မာတစ်ပြည်လုံးမှာရှိတဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အကုန်လုံးကို ကြည့်ပြီးတော့မှ ပေးတာ။ ဒီနှစ်ကတော့ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မန္တလေးတိုင်းဒေသကြီးကို ပေးတာ။ ကျွန်တော်တို့ စစ်ကိုင်းတိုင်းဒေသကြီးက ဒီနှစ်နဲ့ဆို ဆုရတာနှစ်ကြိမ်ရှိပြီ။ ကျွန်တော်တို့က ၂၀၁၇ မှာလည်း ရခဲ့သေးတယ်"ဟု တိုင်းဒေသကြီး ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးက ပြောသည်။

ပြီးခဲ့သည့်နှစ်က စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ Clean Public Toilet ဆုကို ပထမအကြိမ်ရရှိခဲ့ပြီး ယခုနှစ်တွင် ဒုတိယအကြိမ်ဆွတ်ခူးခဲ့ခြင်းဖြစ်ကြောင်းနှင့် ၂၀၁၈ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် Clean Public Toilet အကောင်းဆုံးစီစဉ်နိုင်မှုဆုကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။




စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ဒေသများတွင် ခရီးသွားများ အဆင်ပြေစေရန် တိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အဆင့်မြင့်သန့်စင်ခန်း (Toilet)များ စီစဉ်ဆောက်လုပ်ပေးမှုကို ကနောင်မင်းသားကြီး သံချက်ဖိုတွင် နှစ်ခန်း၊ အစေခံခံတပ်တွင် နှစ်ခန်း၊ မင်းကွန်းဒေသ ခြသေ့်ကြီးအနီးတွင် ၁၄ ခန်း၊ ဟန်လင်းဒေသတွင် ရှစ်ခန်း၊ အလောင်းတော်ကဿပတွင် ၁၆ ခန်းနှင့် ပွဲတော် အခမ်းအနားများအတွက် Mobile Toilet ၁၅ လုံးဝယ်ယူထားရှိ စီစဉ်ထားကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

# ဝန်ထမ်းအိမ်ရာရရှိရေးအတွက် မဲနှိုက်နေရာချထားပေး

**ဖာပွန် စက်တင်ဘာ ၃၀**

ရပ်ဝေးမှ လာရောက်တာဝန်ထမ်းဆောင်ရသည့် အိမ်ထောင်သည်ဝန်ထမ်းများအား မိသားစုများနှင့် တစ်စုတည်း နေထိုင်နိုင်ရေးအတွက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာရရှိရေးအတွက် မဲနှိုက်ရွေးချယ်ခြင်းကို စက်တင်ဘာ ၂၈ ရက်က ဖာပွန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက ရပ်ဝေးမှ တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းများအား အားပေးစကားပြောကြားပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဝန်ထမ်းအိမ်ရာ ရရှိသည့် ဝန်ထမ်းများအနေဖြင့် စည်းကမ်းရှိစွာနေထိုင်ရေး ပြောကြားခဲ့သည်။

အဆိုပါဝန်ထမ်းအိမ်ရာမှာ သုံးထပ်တိုက် လေးခန်းတွဲအိမ်ရာဖြစ်ရာ ဖာပွန်ခရိုင်အတွင်း ဌာနဆိုင်ရာ ၁၀ ခုရှိ ဝန်ထမ်းများ ရရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါ ၁၀ ဌာနရှိ တာဝန်ရှိသူများက အခန်းနံပါတ်အလိုက် မဲနှိုက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာတွင် အခန်းတစ်ခန်းကျန်ရှိရာ လာရောက်လျှောက်ထားသည့်အခါ ဌာနတစ်ခုတွင် တစ်ဦးထက်ပို၍ လျှောက်လွှာတင်ထားသည်ကိုတွေ့ရသဖြင့် မဲနှိုက်ရွေးချယ်ပေးခဲ့သည်ဟု သိရသည်။

ထို့နောက် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ဝန်ထမ်းအိမ်ရာရရှိသော ခရိုင်အတွင်းဌာနဆိုင်ရာ ဝန်ထမ်းများအား ဝန်ထမ်းအိမ်ရာတွင် လာရောက် နေထိုင်နိုင်ရေးအတွက် ဝန်ထမ်းအိမ်ရာ လျှောက်လွှာတွင် လိုအပ်သည့်အချက်အလက်များ ဖြည့်သွင်းနိုင်ရန် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မျိုးဆက်သစ်(ဘားအံ)**

# သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးသွားသော လယ်ယာမြေများအတွက် ထောက်ပံ့ငွေပေးအပ်

**မိုင်းဖြတ် စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဖြတ်မြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုအပေါ် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေ ပေးအပ်ပွဲကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးမှူးဦးသန်းထွဋ်လွင်က တောင်သူလယ်သမားအခွင့်အရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပါ တောင်သူများ၏ သီးနှံပစ္စည်းများဆုံးရှုံးပျက်စီးမှုများအပေါ် တောင်သူများအတွက် ယခုလိုထောက်ပံ့ပေးအပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၁၇ ခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များကြောင့် သီးနှံများပျက်စီးခဲ့သည့် မိုင်းဟဲကျေးရွာအုပ်စုနှင့် နမ့်ကုန်းကျေးရွာအုပ်စုများမှ ကျေးရွာခုနစ်ရွာရှိ တောင်သူ ၃၀ ၏လယ်ယာမြေဧက ၄၄ ဧကအတွက် အရေးပေါ်ရန်ပုံငွေမှ ငွေကျပ် ၄၄၀၀၀၀ ကို ကျေးရွာများရှိ တောင်သူများထံ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖြိုးလေး(တာချီလိတ်)**

*စာမျက်နှာ ၁၆ မှ*

သဘာဝဓာတ်ငွေ့ဖြစ်တည်ကြောင်းကိုလည်း တွေ့ရှိခဲ့သည်။ ထို့ကြောင့် ယခုအချိန်အထိ မြန်မာ့ကမ်းလွန်လုပ်ကွက်အမှတ် A-6 တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေရေးအတွက် ပြည်သာ၊ ရွှေရည်ထွန်း-၁၊ ပြည်သစ်၊ ပြည်သာယာနှင့် ရွှေရည်ထွန်း-၂ စသည့် တွင်းများ တူးဖော်ကာ သဘာဝဓာတ်ငွေ့သိုက် တည်ရှိနိုင်ကြောင်း ကြေညာနိုင်ခဲ့သည်။

လုပ်ကွက်အမှတ် A-6 ၌ သဘာဝဓာတ်ငွေ့ဖြစ်တည်နေပုံမှာ တစ်မူထူးခြားသည်ဟု ဆိုသည်။ တိုင်းတာလေ့လာ တွေ့ရှိထားချက်များအရ သဘာဝဓာတ်ငွေ့ ခိုအောင်းနေနိုင်သော သဲကြောကြီး ၁၄ ကြောခန့်အထိ ရှိနေပြီး သဘာဝဓာတ်ငွေ့ထုထည်အားဖြင့်လည်း 10 Tcf မှ 12 Tcf အထိ ရှိနိုင်သော အလားအလာရှိသည်ဟု သိရသည်။ ၁၉၈၀ ပြည့်နှစ်များက တွေ့ခဲ့သော ရတနာသဘာဝဓာတ်ငွေ့မြေ၏ သဘာဝဓာတ်ငွေ့ ဖြစ်တည်မှုပုံစံမှာ ကန်ကြီးတစ်ကန်အတွင်း၌ ရေများရှိနေသကဲ့သို့ ဖြစ်သဖြင့်လည်းကောင်း၊ ကမ်းလွန်ရေတိမ်ပိုင်းလည်းဖြစ်သဖြင့် လည်းကောင်း ရှာဖွေတူးဖော်ရ လွယ်ကူသည်ဟု ဆိုနိုင်သည်။ ယခုလုပ်ကွက်အမှတ် A-6 တွင်မူ သဲကြောတစ်ကြောချင်းအလိုက် ဖြစ်တည်နေသော သဘာဝဓာတ်ငွေ့များကို ရှာဖွေထုတ်ယူရမည်ဖြစ်သကဲ့သို့ ကမ်းလွန်၏ အလွန်နက်သောရေနက်ပိုင်းတွင် တည်ရှိနေမှုက ပို၍ခက်ခဲစေခြင်းလည်းဖြစ်သည်။ လက်ရှိလုပ်ကွက်အမှတ် A-6 တွင် ပဥ္စမမြောက်တွင်းအထိ တူးဖော်ထားပြီးဖြစ်သော်လည်း သဘာဝဓာတ်ငွေ့ တည်ရှိသော သဲကြောလေးကြောခန့်ကိုသာ ရှာဖွေတူးဖော်ထားနိုင်သေးသည်။ သို့သော် ယခု သဘာဝဓာတ်ငွေ့စမ်းသပ်ထုတ်လုပ်မှုအရ စီးပွားဖြစ်ထုတ်လုပ်နိုင်သော ပမာဏကို ရောက်ရှိနေပြီဟု Operator ကုမ္ပဏီနှင့် JV Partner များက ယူဆထားကြသည်။ ယင်းအတွက်လည်း ကမ္ဘာ့ငွေကြေးအဖွဲ့အစည်းများနှင့် ဘဏ်များမှ အသိအမှတ်ပြုထားသော Third Party Specialist Company က အတည်ပြုပေးရန် လိုအပ်သည်။ စီးပွားဖြစ်အခြေအနေသို့ ရောက်ရှိကြောင်း အတည်ပြုနိုင်ခဲ့ပါက ဖွံ့ဖြိုးမှုအဆင့်ဖြစ်သော Platform များတည်ဆောက်ခြင်း၊ ပိုက်လိုင်းများသွယ်တန်းခြင်းတို့ကို အဆင့်ဆင့်လုပ်ဆောင်သွားရမည်ဖြစ်သည့်အပြင် ကျန်ရှိသော သဘာဝဓာတ်ငွေ့ဖြစ်တည်သည်ဟု ယူဆထားသည့် သဲကြောကြီး ၁၀ ကြော၌လည်း ဆက်လက်၍ ရှာဖွေ၊ အကဲဖြတ်တွင်းများ တူးပြီး အပြိုင် ကြိုးပမ်းလုပ်ဆောင်သွားနိုင်မည်ဟု သိရသည်။ ဝန်ကြီးဌာနနှင့် ကုမ္ပဏီတို့အနေဖြင့် လုပ်ကွက်အမှတ် A-6 မှ ပထမဆုံး သဘာဝဓာတ်ငွေ့ကို ၂၀၂၃ ခုနှစ်တွင် နိုင်ငံ၏ လိုအပ်သော စွမ်းအင်နှင့် စက်မှုကဏ္ဍများ၌ အသုံးပြုနိုင်အောင် ထုတ်လုပ်နိုင်ရန် အထူးကြိုးပမ်း၍ အကောင်အထည် ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်ငံအတွက် ဂုဏ်ယူစရာ**

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်သည် တစ်နှစ် လျှင် ၁၆ ရာခိုင်နှုန်းခန့် တိုးတက်လျက်ရှိရာ လာမည့် ၂၀၂၃ ခုနှစ်တွင် ပထမဆုံး သဘာဝဓာတ်ငွေ့ကို စတင်ထုတ်လုပ်အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် လုပ်ကွက်အမှတ် A-6 မှ သဘာဝဓာတ်ငွေ့များသည် မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးတွင် အရေးပါသည့် စွမ်းအင်ကဏ္ဍအတွက် အားမာန်တစ်ရပ် ဖြစ်လာပေမည်။ ထို့အပြင် မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍမှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ရှာဖွေထုတ်လုပ်နိုင်မှုတွင် မြန်မာအမျိုးသား၊ မြန်မာနိုင်ငံသားများကသာ ဦးဆောင်ခဲ့သည့် အစဉ်အလာသမိုင်းကြောင်းကို ဖော်ထုတ်ပြသနိုင်ခြင်းလည်း ဖြစ်သည်။

၁၉၈၀ ပြည့်နှစ်များ၌ မြန်မာ့ကမ်းလွန်၌ သဘာဝဓာတ်ငွေ့ စီမံကိန်းများကို လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှ မြန်မာအင်ဂျင်နီယာ၊ မြန်မာပညာရှင်များက ကနဦးစတင်တွေ့ရှိခဲ့ပြီး ရတနာသဘာဝ ဓာတ်ငွေ့မြေစီမံကိန်းကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့သည်။ အလားတူပင် မြန်မာအမျိုးသားများ ဦးဆောင်ပြီး ၉၉ ရာခိုင်နှုန်းသော ဝန်ထမ်းများနှင့် နည်းပညာရှင်များမှာ မြန်မာအမျိုးသားများဖြစ်သည့် MPRL E & P သည် လုပ်ကွက်အမှတ် A-6 ၌ သဘာဝဓာတ်ငွေ့ကို ဦးစွာ ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ကြောင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ စွန့်စားရှာဖွေမှုသမိုင်းတွင် မြန်မာနိုင်ငံသားများကသာ ဦးဆောင်ကာ တွေ့ရှိအောင် ရှာဖွေနိုင်ခဲ့သည်ဆိုသည့် မှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။ ယခုကဲ့သို့ မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကမ်းလွန်ရှာဖွေတူးဖော်ရေးတွင် မြန်မာအမျိုးသားများကသာ ဦးဆောင်ရှာဖွေတွေ့ရှိနိုင်ခဲ့သော သမိုင်းမော်ကွန်းကို ရေးထိုးနိုင်ခဲ့သည်မှာလည်း မြန်မာနိုင်ငံသား အားလုံးအတွက် ဂုဏ်ယူစရာပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၃၀-၉-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၆၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၃၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၆၂၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၃၅/၁၀၅၅ ကျပ် | ၁၁၀၀/၁၁၂၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၄၀/၁၀၆၅ ကျပ် | ၁၁၂၅/၁၁၃၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၀၀၅/၁၀၂၅ ကျပ် | ၁၁၁၀/၁၁၂၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၀၅၅/၁၀၇၅ ကျပ် | ၁၁၆၀/၁၁၇၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၆၀ ・ ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၈၁၆ ・ ၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၄၀ ・ ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၂၀၄၀ ・ ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၇၅ ・ ၄ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၂၄ ・ ၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၆ ・ ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ ・ ၄၈၇ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၄၀ ・ ၂၂ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၇၆ ・ ၄၀ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၈ ・ ၁၁၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm

# ကျွန်တော်နဲ့ စာရေးခြင်း



**ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်**

ကျွန်တော်စာတွေရေးဖြစ်တယ်။ ဒါပေမယ့် ကျွန်တော်ဟာ စာရေးဆရာတစ်ယောက်မဟုတ်ဘဲ စာရေးသူတစ်ဦးသာ ဖြစ်တယ်လို့ မြင်တယ်။ ယူဆတယ်။ စာရေးဆရာတွေလို အရေးအသားတွေက မညက်ဘူး။ မချောဘူး။ ဝေဝေဆာဆာ မရေးတတ်ဘူး။ မြန်မာစာကို ပြီးပြည့်စုံအောင် မကျွမ်းကျင်ဘူး။ ဒါကြောင့်လည်း စာရေးဆရာ စစ်စစ်တွေကို အားကျတာ။ ကျွန်တော်စာရေးတာက စိတ်ထဲပေါ်လာတာကို ချရေးလိုက်တာသာဖြစ်တယ်။ ရင်ထဲရှိတဲ့အတိုင်း၊ စိတ်ကူးပေါ်တဲ့အတိုင်းရေးဖြစ်တာ။ ရေးတဲ့အခါမှာလည်း မိသားစုနဲ့အတူ ရုပ်မြင်သံကြားကြည့်၊ စကားပြောကြရင်း ရေးခဲ့တာဖြစ်တယ်။

စာရေးဖြစ်တာတော့ ကြာခဲ့ပါပြီ။ တက္ကသိုလ်မှာ နည်းပြဆရာဘဝက ၁၉၆၈ ခုနှစ်လောက် တက္ကသိုလ်ဝင်တန်းမှာ ဘောဂဗေဒဘာသာစတင်ပြီး သင်ရိုးညွှန်းတမ်းထဲ ထည့်ခဲ့တယ်။ အခုလို ဘာသာအသစ်ကို သင်ကြားဖို့ မွမ်းမံသင်တန်းကို မေမြို့ ပြင်ဦးလွင်မှာ လုပ်ခဲ့တော့ ကျွန်တော်ပါဝင်ခဲ့တယ်။ ဘောဂဗေဒဘာသာသင်မယ့် ဆရာဆရာမတွေအတွက် လုပ်တဲ့သင်တန်း။ စာမေးပွဲနီးကပ်တော့ ပါမောက္ခချုပ် ဒေါက်တာအေးလှိုင်က ကျွန်တော့်ကို တာဝန်တစ်ခုပေးခဲ့တယ်။ ရန်ကုန်မြို့မှာရှိတဲ့ နာမည်ကြီးကျောင်းတွေမှာ တက္ကသိုလ်ဝင်တန်းက ကျောင်းသားကျောင်းသူတွေကို အနီးကပ်သင်တန်းတွေပေးဖို့ ဒီအခွင့်အရေးကို ပေးခဲ့တော့ ကျေနပ်မိတယ်။ ယုံကြည်မှုပေးတဲ့ ဆရာကြီးကိုလည်း ကျေးဇူးတင်မိတယ်။ အခုလို သင်ခွင့်ရတာကိုလည်း ကျေနပ်မိတယ်။ ဘောဂဗေဒဘာသာမှာ ဘာသာရပ်တစ်ခုအနေနဲ့ ပါဝင်တဲ့ စာရင်းကိုင်ပညာကို သင်ခဲ့တယ်။ စာရင်းကိုင်မှာ အရှုံးအမြတ်စာရင်းနဲ့ လက်ကျန်ရှင်းတမ်း ရေးဆွဲရတာက အခက်ဆုံးကိစ္စ။ ကျောင်းသားတွေမှာ အခက်အခဲအမြဲတွေ့ရတယ်။ ဒါပေမယ့် ကျွန်တော်က ပုံသေနည်းတစ်ခုထွင်ပြီး သင်ကြားခဲ့တော့ လူတိုင်းလွယ်လွယ်နဲ့နားလည်ကြတယ်။ ဒီပုံသေနည်းကို ကိုယ့်စိတ်ကူးနဲ့ကိုယ် ဖော်ထုတ်ခဲ့တာ။ အခုလို သင်တန်းတွေပို့ချပြီး အောင်မြင်မှုရတာကို ဆရာကြီးကသိပြီး ကျွန်တော့်ကို ပုံသေနည်းနဲ့ ပတ်သက်ပြီး ဆောင်းပါးတစ်စောင်ရေးဖို့ တိုက်တွန်းခဲ့တယ်။ တစ်ခါမှ မရေးဖူးတော့ အခက်အခဲရှိတယ်။ ဆရာကြီးရဲ့အားပေးမှုနဲ့ ဘဝမှာပထမဦးဆုံး စာရေးဖြစ်ခဲ့တယ်။

**ရေးတဲ့အရေအတွက်များလာတာနဲ့ စာအုပ်ထုတ်ဖြစ်**

နောက်ပိုင်းမှာတော့ စာတွေရေးဖြစ်ပေမယ့် ရေးခဲ့တာတွေက သုတေသနစာတမ်းတွေဖြစ်တယ်။ ဘာသာရပ်ဆိုင်ရာ အကြောင်းအရာတွေဖြစ်တာကြောင့် ကိုယ့်အချင်းချင်းသာ နားလည်တဲ့အကြောင်းအရာတွေဖြစ်တယ်။ အများပြည်သူ နားလည်အောင်ရေးတာ မဟုတ်ခဲ့ဘူး။ ကျွန်တော်နိုင်ငံခြားမှာ အလုပ်လုပ်ရင်း ခွင့်ရရင် မြန်မာပြည်ကို ပြန်လာခဲ့တယ်။ တစ်နှစ်တစ်ကြိမ်၊ နှစ်နှစ်တစ်ကြိမ် ပုံမှန်ပဲ။ ပြန်လာတဲ့အခါတိုင်း ဟောပြောပွဲတွေကျင်းပနိုင်ခဲ့တယ်။ အခုလို ဆောင်ရွက်ရင်း သမ္မတဟိုတယ် ဖွင့်လှစ်ထားတဲ့ (Egress)အဖွဲ့မှာ စာသင်ဖြစ်တယ်။ ကျွန်တော်ဟောပြောနေတာရယ်၊ သင်တန်းတွေပေးနေတာတွေကိုသိတော့ ဒေါက်တာ နေဝင်းမောင်က တိုက်တွန်းတယ်။ ဆရာ စာရေးပါ။ စာရေးရင် စာသင်တဲ့ပရိသတ်တွေထက်၊ ကိုယ့်ရဲ့ ပညာကို မြင့်နိုင်မှာ။ သူ့ရဲ့တိုက်တွန်းချက်အရ Voice ဂျာနယ်မှာ “ဟောပြောပွဲအတွေ့အကြုံများ” ခေါင်းစဉ်နဲ့ ဆောင်းပါးတွေ ရေးဖြစ်ခဲ့တယ်။ ရေးတဲ့အရေအတွက်များလာတာနဲ့ စာအုပ်ထုတ်ဖြစ်တယ်။ စာအုပ်ထုတ်ပြီး မျက်နှာဖုံးပန်းချီကို သမီးက ရေးဆွဲပေးတာ။ အမှန်တော့ သမီးကို ကျွန်တော့်ရဲ့ဟောပြောပွဲတွေကို အမြဲခေါ်တယ်။ သမီးကငယ်တော့ ကျွန်တော်ပြောနေတာတွေ နားလည်မှာ မဟုတ်ဘူး။ ကျွန်တော့်ကို နားထောင်ရင်း သူက ကျွန်တော်စင်မြင့်ပေါ်မှာ ရပ်နေတဲ့ပုံကို ပန်းချီဆွဲတယ်။ စာအုပ်ထွက်မယ်ဆိုတော့ ဇနီးက ဒီပုံကိုသုံးဖို့ တိုက်တွန်းတာနဲ့ အဆင်ပြေသွားတာ။

**အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ်နေရူးကို အားကျလို့**

နောက်တော့ သမီးသို့ဆိုတဲ့ခေါင်းစဉ်နဲ့ ဆောင်းပါးတွေ ရေးပြန်တယ်။ အခုလို လုပ်ဖြစ်ခဲ့တာ အိန္ဒိယနိုင်ငံက ဝန်ကြီးချုပ် နေရူးကို အားကျလို့။ သူက သမီး အင်ဒီရာဂန္ဒီဆီ လိပ်စာတပ်ထားတဲ့ စာရေးခဲ့တာ။ သူ့ရဲ့ နိုင်ငံရေးခံယူချက်တွေကို မျှဝေခဲ့တာ။

မြန်မာပြည်အပြီးအပိုင်ပြန်ရောက်တော့ စာတွေပိုရေးဖြစ်တယ်။ ဆောင်းပါးပေါင်းချုပ်တွေ ထုတ်ဝေဖြစ်ခဲ့တယ်။ “ကျွန်တော်နဲ့-----” ခေါင်းစဉ်ဆောင်းပါးတွေကို မြန်မာ့အလင်းသတင်းစာမှာ တစ်ပတ်တစ်ခါ ရေးဖြစ်တယ်။ ကျေးဇူးရှင်က ဝန်ကြီးဦးအောင်ကြည်။ သူက ပြန်ကြားရေးဝန်ကြီးလုပ်ရင်း ကျွန်တော့်ကို သတင်းစာထဲ ရေးဖို့တိုက်တွန်းခဲ့တယ်။ ဒါကြောင့် အပတ်စဉ်ပုံမှန်စာရေးဖြစ်တယ်။ ဆောင်းပါးတွေပေါင်းပြီး စာအုပ်ထုတ်နိုင်ခဲ့တယ်။ အခုဆို သုံးအုပ်မြောက်။

တစ်ဖက်ကလည်း မန္တလေးမှာ ထုတ်ဝေတဲ့ ရတနာပုံသတင်းစာမှာ တစ်ပတ်တစ်ခါ စာရေးဖြစ်ပြန်တယ်။ ဒါပေမယ့် ရေးပုံက ပုံမှန်မဟုတ်ဘူး။ တစ်ပတ်တစ်ကြိမ် သတင်းစာတိုက်က သတင်းထောက်က ကျွန်တော့်ကို တယ်လီဖုန်းနဲ့ မေးခွန်းတွေ မေးတဲ့ ပရိသတ်တွေအတွက် အကျိုးရှိမယ့် ခေါင်းစဉ်တွေ ရွေးပြီးမေးမြန်းတာ။ ကျွန်တော်ကလည်း မေးသမျှကို ကြိုးစားပြီး ဖြေတယ်။ပုံမှန်မိနစ် ၂၀လောက်ကြာတယ်။ ကျွန်တော့် အဖြေတွေဟာ ဆောင်းပါးဖြစ်လာတယ်။ ဒီလိုဆောင်ရွက်ခွင့်ရတာကိုလည်း တာဝန်ရှိသူတွေကို ကျေးဇူးတင်ရတယ်။ သူတို့ကြောင့် အခုလို အဆင်ပြေနေတာ။

> **“ကျွန်တော်ဘာကြောင့် စာရေးသလဲ။ ဒီမေးခွန်းကို ကျွန်တော်အမြဲမေးပါတယ်။ ကျွန်တော့်အဖြေကတော့ ကျွန်တော်ဘာကြောင့်ဟောပြောပွဲတွေ လုပ်နေသလဲဆိုတဲ့ မေးခွန်းနဲ့ ခပ်ဆင်ဆင်ပါ။ အဓိကကတော့ မျှဝေချင်တဲ့ ဆန္ဒတစ်ခုတည်းပါ။ ကိုယ်လေ့လာထားတာ၊ သိတာ၊ နားလည်တာတွေကို အများသိစေချင်တယ်။ အထူးသဖြင့် လူငယ်တွေကို သိစေချင်တာ”**

**စိတ်ကူးရတာနဲ့ ရေးဖြစ်တာ**

ကျွန်တော့်ရဲ့ ရေးသားမှုတွေအနက် HR Journal မှာ စီမံခန့်ခွဲမှုဘာသာရပ်နဲ့ ပတ်သက်တာ၊ စီးပွားရေးဘာသာရပ်နဲ့ ပတ်သက်တာတွေကိုလည်း ကြုံကြိုက်သလို ရေးဖြစ်ပြန်တယ်။ ကျွန်တော့်ရဲ့ဟောပြောပွဲတွေမှာ ဟောပြောချက်တွေ သီးသန့်ထုတ်ဝေပေးသူတွေလည်း ရှိတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ပုံစံအမျိုးမျိုး၊ တိုက်တွန်းချက် အမျိုးမျိုးကြောင့် စာရေးသူတစ်ယောက် ဖြစ်ခဲ့တယ်။ ရည်ရွယ်ပြီး လုပ်ဆောင်ခဲ့တာ မဟုတ်ဘူး။ ကျွန်တော့်ကိုတွေ့တိုင်း မေးကြတယ်။ ဘယ်အချိန်မှာရေးသလဲ၊ ဘယ်လို အားသွင်းသလဲ၊ ဘယ်နေရာမှာ ရေးသလဲ သိချင်တာတွေက မျိုးစုံ။ ကျွန်တော်က ဒီမေးခွန်းတွေကို မစဉ်းစားမိဘူး။ ကျွန်တော့်အဖို့က စိတ်ကူးရတာနဲ့ ရေးဖြစ်တာ၊ မိသားစုနဲ့ နားနေရင်း ရုပ်မြင်သံကြားကြည့်ရင်း ရေးဖြစ်တာ။ ခေါင်းစဉ်ကလည်း ပေါ်လာတာကို ရေးခဲ့တာဖြစ်တယ်။ ကြိုတင်ပြီး စီစဉ်ထားတာ မဟုတ်ဘူး။

**မျှဝေချင်တဲ့ ဆန္ဒတစ်ခုတည်းပါ**

စာဖတ်ပရိသတ်တွေနဲ့တွေ့ရင် သူတို့ရဲ့သဘောထား၊ သူတို့ရဲ့ထင်မြင်ချက်တွေ သိခွင့်ရလို့ ပျော်မိတယ်။ တစ်ခါက Today မဂ္ဂဇင်းတိုက်က ထုတ်ဝေပေးတဲ့ စာအုပ်ရောင်းပွဲ တက်ခွင့်ရတယ်။ လက်မှတ်တွေ ထိုးပေးဖြစ်တယ်။ အတွေ့အကြုံအသစ်တစ်ခု။ ကျွန်တော်စာရေးတာကြောင့် နားလည်မှုလွဲတာရှိတယ်။ မကြာခဏ စာပေဟောပြောပွဲတွေကို ဖိတ်ကြားခြင်းခံရတယ်။ စီစဉ်တဲ့သူတွေရဲ့ စေတနာကို နားလည်တယ်။ လေးစားတယ်။ အသိအမှတ်ပြုပါတယ်။ ဒါပေမယ့် ကျွန်တော့်အတွက် အဆင်မပြေဘူး။ ကျန်တဲ့သူတွေက စာရေးဆရာအစစ်တွေ၊ ကျွန်တော်ကတော့ စာရေးသူသက်သက်။ ဒါကြောင့် စီစဉ်သူတွေ နားလည်အောင် ရှင်းပြရတယ်။ တောင်းပန်ခဲ့ရတယ်။ ကျွန်တော်ဘာကြောင့် စာရေးသလဲ။ ဒီမေးခွန်းကို ကျွန်တော်အမြဲမေးပါတယ်။ ကျွန်တော့်အဖြေကတော့ ကျွန်တော်ဘာကြောင့်ဟောပြောပွဲတွေ လုပ်နေသလဲဆိုတဲ့ မေးခွန်းနဲ့ ခပ်ဆင်ဆင်ပါ။ အဓိကကတော့ မျှဝေချင်တဲ့ ဆန္ဒတစ်ခုတည်းပါ။ ကိုယ်လေ့လာထားတာ၊ သိတာ၊ နားလည်တာတွေကို အများသိစေချင်တယ်။ အထူးသဖြင့် လူငယ်တွေကို သိစေချင်တာ။ လူငယ်တွေကို အသိတရားတွေ ပေးချင်တယ်။ ဒီအသိတွေကတစ်ဆင့် အမြင်အသစ်တွေ၊ လုပ်ဆောင်မှုအသစ်တွေ ရစေချင်တယ်။

ကျွန်တော့်ရဲ့အရေးအသားတွေကို ပိုမိုထက်မြက်အောင် ကြိုးစားရမှာသာဖြစ်တယ်။ ကျွန်တော်အခုအချိန်အထိ လူမှုကွန်ရက်ဖေ့စ်ဘုတ်ကို မသုံးသေးဘူး။ သုံးသင့် မသုံးသင့်ကိုလည်း တူတော်မောင်တွေ၊ ဇနီးနဲ့ တိုင်ပင်တယ်။ လူငယ်အများစုဟာ သုံးစွဲနေတော့ သူတို့နဲ့ ထိတွေ့ဖို့၊ သုံးဖို့လိုမယ်ဆိုတာ သဘောပေါက်တယ်။ Twitter ကို သုံးဖို့စဉ်းစားတယ်။ ဒါပေမယ့် Twitter သုံးသူတွေက နည်းတော့ ထိရောက်ပါ့မလားလို့ စဉ်းစားဆဲဖြစ်တယ်။

**မျှဝေခွင့်ရသရွေ့ ရေးသားနေမှာသာဖြစ်**

ကျွန်တော်စာရေးခြင်းနဲ့ ပတ်သက်တဲ့ ပိုးစွဲနေတာမို့ ဘယ်တော့မှ ရပ်မှာ မဟုတ်တော့ဘူး။ စိတ်ကူးထဲပေါ်လာသမျှကို မျှဝေခွင့်ရသရွေ့ ရေးသားနေမှာသာ ဖြစ်ပါတယ်။ အခုချိန်ထိ အားပေးကြတဲ့ ပရိသတ်တွေကိုလည်း ကျေးဇူးတင်မိပါတယ်။ ။

## ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရေး ပညာပေးဟောပြော သဘာဝမြေဩဇာပြုလုပ်နည်း လက်တွေ့ပြသ

**ကျောက်ထု စက်တင်ဘာ ၃၀**

မိုးစပါးစိုက်ပျိုးရာတွင် ကျရောက်တတ်သည့် ပိုးမွှားအန္တရာယ်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောပွဲများကို ဂန့်ဂေါခရိုင်ကျောက်ထုမြို့ဒေသစိုက်ပျိုးရေးဦးစီးဌာနက စက်တင်ဘာလ စတုတ္ထပတ်က ပြုလုပ်ခဲ့သည်။

ထိုသို့ ဟောပြောပွဲများ ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ “ မိုးစပါးစိုက်ပျိုးရာမှာ ကျရောက်တတ်တဲ့ ပိုးမွှားအန္တရာယ်နဲ့ ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှု အကြောင်းတွေကို တောင်သူတွေ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် အသိပညာပေးဟောပြောပွဲတွေ ပြုလုပ်ဆွေးနွေးပေးတာ ဖြစ်ပါတယ်” ဟု မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်မြင့်က ပြောသည်။



ဟောပြောပွဲများ၌ သီးထပ်သီးညှပ်ရာသီအလိုက် စိုက်ပျိုးကြရာတွင် ဓာတုလွတ်စိုက်ပျိုးနည်းစနစ်ဖြင့် သီးနှံများအထွက်နှုန်းကောင်းရန် ဘိုကာရှီမြေဆွေးပြုလုပ်ကာ ကျေးရွာစွန့်ပစ်အမှိုက်လယ်ယာမြေ ရတနာသိုက် ခေါင်းစဉ်ဖြင့် အလျား ခြောက်ပေ၊ အနံ ခြောက်ပေ၊ အမြင့် လေးပေရှိ ကျင်းတူးပြီး ဆွေးလွယ်သည့်သစ်ရွက်များကို ညီအောင်ဖြန့်ခင်းလျက် ယင်းအပေါ်မှ ဖွဲနုသုံးတင်း၊ နွားချေး ၁၀ တင်း၊ နှမ်းဖတ်၊ ပဲဖတ် ၁၀ ပိဿာ၊ နုန်းမြေ၊ သစ်ဆွေးမြေ ၁ ဒသမ ၅ တင်း၊ မီးသွေးတစ်တင်း၊ ရေ ၈၀ လီတာတို့ဖြင့် သဘာဝမြေဩဇာ ပြုလုပ်နည်း လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

၁၄၄

## သီပေါမြို့နယ်၌ အိမ်မွေးခွေးများအား ကာကွယ်ဆေးအခမဲ့ထိုးနှံ

**သီပေါ စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ်၌ (၁၂)ကြိမ်မြောက် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အိမ်မွေးခွေးများကို ခွေးရူးရောဂါကာကွယ်ဆေးအခမဲ့ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်က မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာအုန်းအုန်းမြင့်နှင့် အဖွဲ့က မြို့နယ်ရုံး၌ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## ပျားရည်များတွင်ဓာတုဓာတ်ကြွင်းပါဝင်မှုကင်းစင်ရေး ကောင်းမွန်သောမွေးမြူရေး ကျင့်စဉ်ဖြစ်ရန် လိုအပ်

**မုံရွာ စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံမှထွက်ရှိသောပျားရည်များ နိုင်ငံခြားတင်ပို့ရာတွင် ဓာတုဓာတ်ကြွင်းပါဝင်မှုကင်းစင်ရေးသည် အလွန်အရေးကြီးကြောင်း စစ်ကိုင်းတိုင်းဒေသကြီးပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးမျိုးတင့်က ပြောသည်။

“ မြန်မာနိုင်ငံကထွက်ရှိတဲ့ ပျားရည်တွေ EU နိုင်ငံတွေကို တင်ပို့ရောင်းချနိုင်ဖို့အတွက် ဓာတုဓာတ်ကြွင်းအာနိသင်ပါဝင်မှု ကင်းစင်ရေးကအရေးကြီးတဲ့အတွက် ပျားရောဂါကာကွယ်ကုသဆေးတွေ အသုံးပြုရာမှာလိုက်နာရမယ့်အချက်တွေ အတိုင်းဆောင်ရွက်ရမှာဖြစ်သလို၊ ပျားစခန်းတွေမှာကောင်းမွန်တဲ့ ပျားမွေးမြူရေးကျင့်စဉ်စနစ်နဲ့အညီ မွေးမြူကြဖို့လိုပါတယ်။ ထုတ်လုပ်ခြင်း၊ သိုလှောင်ထိန်းသိမ်းခြင်း၊ သယ်ယူပို့ဆောင်ရေးတွေမှာကျန်းမာရေးနဲ့ ညီညွတ်အောင် လိုက်နာဆောင်ရွက်ကြမယ်ဆိုရင်တော့ မြန်မာနိုင်ငံကထွက်ရှိတဲ့ ပျားရည်ဟာ ဈေးကွက်ဝင်စံချိန်မီ ပျားရည်တွေအဖြစ် တင်ပို့ရောင်းချနိုင်မှာပါ။ အဲဒီလိုလုပ်ဆောင်နိုင်ဖို့အတွက် ဌာနကဝန်ထမ်းတွေရယ်၊ ပျားမွေးမြူရေးသမားတွေကိုလည်းကောင်းမွန်သောပျားမွေးမြူရေးကျင့်စဉ် (GBP) သင်တန်းဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်”ဟု တိုင်းဒေသကြီး ပျားလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ပြောသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူရေးလုပ်ငန်းမှ နိုင်ငံခြားပို့ကုန်အဖြစ် အမေရိကန် ဒေါ်လာ ၄ ဒသမ ၁၇ သန်းတန်ဖိုးရှိ ပျားရည် ၂၇၈၃ ဒသမ ၈၃၂ မက်ထရစ်တန် တင်ပို့ရောင်းချနိုင်ခဲ့ကြောင်းနှင့် ယင်းပျားရည်များကို အမေရိကန်၊ ဂျပန်၊ ကိုရီးယား၊ကနေဒါ၊ ထိုင်ဝမ်၊ မလေးရှား၊ တရုတ်နှင့် ထိုင်းနိုင်ငံများသို့ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

# ပင်းတယမြို့မှ မီးအိမ်ရှင်

သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဉီးမိုး၊ ကိုဇော်(ပင်းတယ)

အေးချမ်းလှသည့် တောင်ပေါ်ဒေသ၏ ဆောင်းနံနက်ခင်းတစ်ခုတွင် တိုက်ပုံအဖြူရောင်ကို ဝတ်ဆင်ထားသည့် အမျိုးသားတစ်ဦးကို ဒေသခံများနှင့် တစ်သားတည်းကျလျက် ပြုံးချိုသော မျက်နှာထားဖြင့် မြင်တွေ့ရသည်။ သူ့အနီးအနားတွင် များပြားသော ဓနုတိုင်းရင်းသား ဒေသခံများ ရှိသည်။ အားလုံး၏အကြည့်တွင် တိုက်ပုံဖြူဝတ် အမျိုးသားအပေါ် ချစ်ခင်မြတ်နိုးကြည်ညိုသည့် သဘောဖြူဖြူများကို မြင်တွေ့ရသည်။

**ပင်းတယဒေသ၏ မီးအိမ်ရှင်**

ရွှေခြည် ငွေခြည်လေးများ ယှက်ထားသည့် ဓနုတိုင်းရင်းသား ဝတ်စုံအနီရဲရဲကို ဝတ်ဆင်ထားသည့် အမျိုးသမီးလေးတစ်ဦးက "သူက ကျွန်မတို့ ပင်းတယမြို့နယ် ဆေးရုံအုပ်ကြီးလေ။ သူ့ကို မသိတဲ့သူ မရှိဘူး။ သူက ကျွန်မတို့ ကျေးဇူးရှင်။ သူလာရင် အားလုံး ဒီလိုပဲနှုတ်ဆက်ကြတယ်"ဟု ဂုဏ်ယူဝင့်ကြွားစွာ မိတ်ဆက်ပေးသည်။ ပင်းတယမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာသန်းမင်းထွဋ်ကို အားလုံးက ပင်းတယဒေသ၏ မီးအိမ်ရှင်ဟု တင်စားခေါ်ဝေါ်ကြသည်။

ဒေါက်တာသန်းမင်းထွဋ်သည် ပင်းတယမြို့ ဆေးရုံအုပ်ကြီးအဖြစ် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၆ ရက်တွင် စတင် တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ "လွန်ခဲ့တဲ့ ခုနစ်နှစ် နံနက် ၅ နာရီမှာ ပင်းတယဆေးရုံကို ကျွန်တော် စရောက်ခဲ့တယ်။ ကြက်ဆူတွေ ချုံထလို့ ဝင်ပေါက်တောင်မမြင်ရတဲ့ ဆေးရုံ၊ အတွင်းလူနာငါးဦးသာရှိပြီး မိုးရွာရင် လူနာတွေ ခုတင်ပတ်လည်မှာ ရေခွက်လေးတွေ ခံထားရတဲ့ဆေးရုံပေါ့။ အခုတော့ ဒါတွေအားလုံး ဝေးလို့ကျန်ခဲ့ပါပြီ"ဟု ဒေါက်တာသန်းမင်းထွဋ်က ပြောကြားသည်။

**ဒေသခံများနှင့် တစ်သားတည်းကျသူ**

ပင်းတယမြို့နှင့် ပတ်ဝန်းကျင် ကျေးလက်ဒေသမှ ဒေသခံများသည် သူတို့အိမ်ရှေ့အထိ အရောက်လာကာ အခမဲ့ ဆေးကုသပေးနေသည့် ဆရာဝန်ကြီးကို ပထမ အစပိုင်းတွင် အံ့သြမင်သက်နေခဲ့ကြပြီး နောက်ပိုင်းတွင်မူ တဖြည်းဖြည်းနှင့် ဆရာဝန်သည် သူတို့နှင့်တစ်သားတည်း ကျလာခဲ့သည်။ ဆရာဝန်ကြီးသည် သူတို့၏ အစိတ်အပိုင်းတစ်ခု ဖြစ်လာခဲ့ပြီး လူမှုရေး၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးအစရှိသည့် ကဏ္ဍအားလုံးတို့တွင် တိုင်ပင်ရာ၊ အားကိုးအားထားပြုရာ ပုဂ္ဂိုလ်အဖြစ် အားလုံးက ချစ်ခင်မြတ်နိုးကြကြောင်း ပင်းတယမြို့နယ် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး လုပ်ဆောင်နေသူတစ်ဦးဖြစ်သည့် မဖြူစင်က ပြောပြသည်။

**လူတန်းစားသုံးမျိုးအတွက်**

"မြို့ပေါ်ရော တောရောမကျန် ကျန်းမာရေးစောင့်ရှောက်ရမှာက ကျွန်တော့်တာဝန်လို့ပဲ ခံယူထားပါတယ်။ အဓိကကတော့ လူတန်းစားသုံးမျိုးကို ရည်ရွယ်ပြီး အခမဲ့ စောင့်ရှောက်မှုတွေ ပေးခဲ့တယ်။ ပထမဆုံးက သက်ကြီးရွယ်အိုတွေပါ။ သူတို့ဟာ အခက်အခဲအမျိုးမျိုးကြောင့် ဆေးရုံကို မလာနိုင်ဘူး။ ကျွန်တော့်အယူအဆက ဆေးရုံကို လူနာမလာနိုင်ခဲ့ရင် ဆရာဝန်က လူနာဆီကို ရောက်အောင်သွားရမယ်လို့ ခံယူထားပါတယ်။ နောက်တစ်မျိုးက ကိုယ်ဝန်သည်တွေပါ။ တောင်ပေါ်လမ်းတွေမှာ ကိုယ်ဝန်သည်ဟာ ဆိုင်ကယ်နဲ့ ဆေးရုံဆေးခန်းကိုလာပြရတာ အဆင်မပြေဘူး။ ဒါတင်မကသေးဘူး၊ ကိုယ့်ဒေသတွင်းက အန္တရာယ်ရှိတဲ့ ကိုယ်ဝန်တွေဆိုရင်လည်း အချိန်မလွန်ခင် ကိုယ်က ဦးအောင်ပြင်ဆင်နိုင်ဖို့အတွက် သွားရောက်ကုသပါတယ်။ နောက်တစ်မျိုးကတော့ ငွေကြေးမတတ်နိုင်တဲ့ ဆင်းရဲချို့တဲ့သူတွေ ဖြစ်ပါတယ်။ ဆင်းရဲလို့ဆိုပြီး ဆေးရုံကိုမလာရဲတဲ့၊ လာဖို့မတတ်နိုင်တဲ့ လူနာတွေဖြစ်ပါတယ်။ သူတို့ကို ဆေးရုံကို မကြောက်စေချင်ဘူး။ Hospital must be Hotel ဆိုတာ ကျွန်တော့်ရဲ့မျှော်မှန်းချက်ပါ။ အခုအချိန်မှာ ကျွန်တော်တို့ဆေးရုံဟာ ဟိုတယ်လိုမဖြစ်တောင် လူနာတွေအတွက် အကောင်းဆုံး သက်သောင့်သက်သာဖြစ်စေမယ့် နေရာတစ်ခု ဖြစ်လာအောင်တော့ ကျွန်တော်တို့ ကြိုးစားဖြည့်ဆည်းထားပါတယ်"ဟု ဆရာဝန်ကြီးက ပြောကြားသည်။

**ဒေသခံများ၏ အားပေးထောက်ခံမှု**

ပင်းတယမြို့မှ ဆေးရုံပြောင်းရွှေ့ရန်အတွက် ညွှန်ကြားခြင်းခံရဖူးသော်လည်း ဒေသခံများ၏ တစ်ခဲနက် အားပေးထောက်ခံထားမှုများကြောင့် ဆရာဝန်ကြီးသည် ပင်းတယမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခုနစ်နှစ်တိုင်တိုင် ဆေးရုံအုပ်ကြီးအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။ ခုနစ်နှစ်တာအတွင်း အခမဲ့ ဆေးကုခရီးပေါင်း ၂၇၉ ကြိမ်နှင့် ကျန်းမာရေးဟောပြောပွဲများဖြင့် တက်ရောက်သူပေါင်း ၄၉၉၆၃ ဦးကို ကျန်းမာရေး ပညာပေးခဲ့ပြီး လူနာပေါင်း ၅၁၄၉၁ ဦးကို အခမဲ့ ဆေးကုခဲ့သည်။

"ကားမျိုးစုံ၊ ဆိုင်ကယ်၊ ထော်လာဂျီ ရတာနဲ့ ကျွန်တော်တို့တွေရဲ့ တောင်ပေါ်ရွာတွေမှာ ဆေးကုသပေးတဲ့ခရီးစဉ်ကို လုပ်ဆောင်ခဲ့တယ်။ မိုးတွင်းဆိုရင် ဖိနပ်ကို ခါးကြားထိုးပြီးတောင် ဆေးကုထွက်ရတယ်။ လူနာမလာနိုင်တာကို အပြစ်မမြင်ဘဲ ကိုယ်တိုင် အခမဲ့လိုက်လံကုသပေးခဲ့တဲ့အတွက် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့တာကြောင့် ကျွန်တော့်တပည့်တွေအားလုံးနဲ့ အတူ ဂုဏ်ယူပါတယ်"ဟုလည်း ဆရာဝန်ကြီးက ဆိုသည်။

**ကျန်းမာရေးကဏ္ဍ လုပ်ဆောင်မှုများ**

အတွင်းလူနာ ၈၀ မှ ၁၀၀ ခန့်အထိ လက်ခံကုသပေးနိုင်သည့် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံကြီးသည် ဆရာဝန်ကြီးနှင့်အဖွဲ့၏ ကြိုးပမ်းကုသပေးမှုများကြောင့် အတွင်းလူနာဦးရေ ခြောက်ဆခန့် တိုးတက်လာခဲ့ပြီး ပြင်ပလူနာကြည့်ရှုမှုမှာလည်း ၂၀၁၁ ခုနှစ်က ၄၀၀၀ ခန့်သာရှိခဲ့ရာမှ ယခုအချိန်တွင် ၁၀ ဆနီးပါး များပြားလာကြောင်းသိရသည်။ လူနာများကိုလက်ထောက် ဆရာဝန်နှစ်ဦးနှင့် နေ့ညစောင့်ရှောက်ပေးနေပြီး The Best Medicine in the World is SMILE ဆိုသည့်အတိုင်း ဂရုစိုက်၍ ပြုစုကုသပေးနေကြောင်းသိရသည်။

နိုင်ငံတော်၏ ပံ့ပိုးမှု၊ အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ခွဲစိတ်ခန်း၊ လူနာဆောင်များ အပါအဝင် အဆောက်ပေါင်း ၁၄ ဆောင်ကို ဆောက်လုပ်ခဲ့ပြီး ပင်းတယမြို့နယ် ကြက်ခြေနီအသင်းအတွက် အဆောက်အအုံနှင့် မိုင်းအင်ကျေးရွာ၌ မိုင်းအင်တိုက်နယ်ဆေးရုံသစ်ကိုလည်း ဖွင့်လှစ်ပေးနိုင်ခဲ့ ကြောင်း သိရသည်။ ခုနစ်နှစ်ကာလအတွင်း ထယ်သွန်း ကျေးလက်ကျန်းမာရေးဌာန၊ သပြေကုန်း၊ ညောင်ကောက်၊ တောင်ရွှေပုထိုး၊ မိုင်းလီ၊ အင်းငယ်ရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲများကို နိုင်ငံတော်စရိတ်ဖြင့် တည်ဆောက်ခဲ့ပြီး လင်းလေအင်း၊ အုံအက်၊ ကံလှကုန်း၊ ကြံခင်းမြောင်၊ ဆီးကျအင်း၊ ကျောက်စု၊ ပင်ပျော် မြေခြား၊ အိမ်ပု၊ ထွက်နီ၊ ဖောင်းပြား၊ ဝါးပြား၊ တံတားကြီးနှင့် သစ်အယ်ပင် စသည့် ရွာလေးများတွင်လည်း ကျေးလက်ဆေးပေးခန်း ၁၃ ခုကို အများကောင်းမှုဖြင့် တည်ဆောက်ပေးခဲ့သည့်အတွက် ကျေးလက်ဆေးပေးခန်း ၁၉ ခု ရှိလာပြီ ဖြစ်သည်။ ထိုကျေးရွာများတွင် သားဖွားဆရာမများနှင့် ကျန်းမာရေးကြီးကြပ်(၂)များ ထားရှိပေးခဲ့သည်။

**ကျောင်း ၁၁ ကျောင်း တည်ဆောက်**

"ရွာတွေကိုလိုက်သွားရင်းနဲ့ ရွာတွေရဲ့ လိုအပ်ချက်တွေကိုပါ သိလာရတယ်။ တောင်ပေါ်ရွာတစ်ရွာကို ၂၀၁၄ ခုနှစ်က ဆေးကုရောက်ခဲ့ပါတယ်။ ဇန်နဝါရီလ ညနေ ၅ နာရီလောက် ချမ်းချမ်းစီးစီးနဲ့ ပေ ၆၀၀၀ ကနေ ပေ ၅၀၀၀ ကိုဆင်းပြီး ကျောင်းတက်ရာက ညနေကျ ပြန်တက်လာတဲ့ ကလေးတွေကို မြင်လိုက်ရတယ်။ ပညာရေးအတွက် ပင်ပန်းဆင်းရဲစွာ သင်ယူနေကြရတယ်။ အဲဒီမှာပဲ အလှူရှင်တွေကို လိုက်ပြီးပြောရင်းနဲ့ မူလတန်းလေးတစ်ကျောင်း စဆောက်ဖြစ်ပါတယ်။ အခုလောလောဆယ်အထိ တစ်ကျောင်းကို ကျပ်သိန်း ၂၀၀ နှုန်းနဲ့ ကျောင်းပေါင်း ၁၁ ကျောင်းကို အလှူရှင်တွေ မတည်ပေးမှုနဲ့ တည်ဆောက်ပေးထားပြီးဖြစ်ပါတယ်။ ကျွန်တော့် အယူအဆက ဒီဒေသဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာတတ်တွေ အများကြီး ပေါ်ထွက်လာဖို့ လိုအပ်တယ်။ ဒါကြောင့်ကျောင်းတွေကို တည်ဆောက်ပေးခဲ့တာ ဖြစ်ပါတယ်"ဟု ဆရာဝန်ကြီးက ပြောသည်။

**ဓနုမြေ ဘိုးဘွားရိပ်သာ**

ဆေးကုထွက်စဉ် တစ်ဦးတည်းနေထိုင်ရင်း အာဟာရပြတ်သေဆုံးသွားသည့် အမေအိုတစ်ဦးကို တွေ့ရှိခဲ့ရာမှတစ်ဆင့် ၂၀၁၅ ဇန်နဝါရီ ၂၀ ရက်တွင် ပင်းတယ၏ပထမဆုံး ဓနုမြေ ဘိုးဘွားရိပ်သာကိုလည်း စတင်ထူထောင်ဖြစ်ခဲ့ကြောင်း သိရသည်။

ဓနုမြေဘိုးဘွားရိပ်သာတွင် ဘိုးဘွား ၂၆ ဦးအား ဝန်ထမ်းငါးဦးက ပြုစုစောင့်ရှောက်မှုပေးလျက်ရှိသည့်အပြင် ရိပ်သာအတွက် အလှူငွေကျပ်သိန်း ၅၀၀ ကျော်ကိုလည်း ရရှိစုဆောင်းပေးထားနိုင်ပြီဖြစ်သည်။

**မီးအိမ်ရှင်စာကြည့်တိုက်**

"စာကြည့်တိုက်တွေလည်း ကျွန်တော် ဆက်ပြီးဖွင့်လှစ်ဖြစ်ခဲ့ပါတယ်။ လူငယ်တွေဟာ ကျောင်းတက်ပြီး ပညာကိုသင်ယူရသလို လူကြီးတွေကို ပညာသင်ပေးဖို့အတွက်လည်း စာကြည့်တိုက်တွေဟာ မဖြစ်မနေလိုအပ်တဲ့အတွက် စာကြည့်တိုက်တွေကို ဖွင့်နိုင်အောင် ကြိုးစားခဲ့ရတာဖြစ်ပါတယ်"ဟု ဆရာဝန်ကြီးက ရှင်းပြသည်။

ပြည်သူ့ဂုဏ်ရည် မီးအိမ်ရှင်စာကြည့်တိုက်ကို ထူထောင်ထားပြီး ပြည်သူ့ဂုဏ်ရည်ဆုရရှိသည့် ငွေကျပ် သိန်း ၁၀၀ ကို အခြေခံ၍ ထူထောင်ခဲ့ကာ ယခုအခါ စာအုပ်ပေါင်း ၁၃၀၀၀ ကျော် ရှိနေပြီး စာငှားရမ်းဖတ်ရှုသူ တစ်လလျှင် ၇၀၀ ဝန်းကျင် ရှိကြောင်းသိရသည်။

**ဒေသအတွက် လုပ်ဆောင်မှုများ**

"ပင်းတယမှာ အဝီစိတွင်းမတူးနဲ့၊ ရေမထွက်ဘူး"ဆိုသည့် အစဉ်အလာကိုလည်း ဒေါက်တာသန်းမင်းထွဋ်လက်ထက်တွင် ချိုးဖျက်နိုင်ခဲ့သည်။ တောင်ပေါ်ကျေးရွာများ၊ မြို့ပေါ်ရပ်ကွက်များ စသည်ဖြင့် ရွာနှင့် ရပ်ကွက် ၃၄ ခုတွင် အဝီစိတွင်းများ တူးဖော်ပေးနိုင်ခဲ့သည်။ မြေပြိုလမ်းများကိုပြန်လည်ဖောက်လုပ်ခြင်း၊ ပုန်းတလုတ်ရေကန် ဆယ်ယူခြင်းများကိုလည်း ဆောင်ရွက်ခဲ့သည့်အပြင် မြန်မာနိုင်ငံတွင် ပထမဆုံးသော ဆေးလိပ်ငွေ့ကင်းစင်သည့်ဒေသအဖြစ် ရွှေဥမင်ဒေသကို ၂၀၁၇ ဩဂုတ်လက ကြေညာနိုင်ခဲ့သည့် ပရဟိတအဖွဲ့ ၂၁ ဖွဲ့မှ လူငယ် ၂၀၀၀ ကျော်၏ အပင်ပန်းခံ ဆောင်ရွက်မှုတွင်လည်း တက်ကြွသည့်ခေါင်းဆောင်တစ်ဦးအဖြစ် ပါဝင်ခဲ့သည်။

ဆေးရုံများတွင်လည်း Hospital Waste Management အတွက် မြန်မာနိုင်ငံ၏ပထမဆုံး Needle pit စီမံချက်၊ မြန်မာနိုင်ငံတွင် ပထမဆုံးဖြစ်သည့် ကျားမအခြေပြု အကြမ်းဖက်ခံရသူများအတွက် တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးနိုင်သောစင်တာ (One Stop Crisis Centre-OSCC)တို့ကို ဖော်ဆောင်ခဲ့သလို မြန်မာနိုင်ငံတွင်ပထမဆုံး မသန်စွမ်းသူများ အဆင်ပြေစွာ သွားလာနိုင်သောမြို့ (Disabled friendly City)တို့ကို ဖော်ဆောင်ရာတွင်လည်း ပင်းတယဒေသခံများနှင့်အတူ ဦးဆောင်ပါဝင်ခဲ့သည်။

ထို့ပြင် ပင်းတယဒေသတွင် အရန်သားဖွား ၁၆၁ ဦးရှိရာ တစ်ရွာတစ်ယောက် အရန်သားဖွားဆရာမများ ထားရှိနိုင်ခဲ့သည်။ ကျန်းမာရေးကွန်ရက်တစ်ခုကိုလည်း ထူထောင်ပေးနိုင်ခဲ့ပြီး ပရဟိတအဖွဲ့များကို ရွာပေါင်း ၇၀ တွင် ဖွဲ့စည်းခဲ့သည်။ ပရဟိတကွန်ရက်ထူထောင်ကာ လူနာသယ်ပို့စနစ်များ၊ သွေး၊ အာဟာရ၊ လူနာညွှန်းပို့စနစ်၊ နာရေးလုပ်ငန်းများကို လုပ်ဆောင်ပေးနိုင်ခဲ့သည်။ ထို့ပြင် အသေးစား၊ အကြီးစား ခွဲစိတ်မှုများ အကြိမ်ကြိမ် စုပေါင်းပြုလုပ်ပေးခဲ့ခြင်းတွင်လည်း ဦးဆောင်မှုပေးခဲ့ပြီး လုပ်ငန်းစဉ်များအတွက် ပြည်သူလူထု ထည့်ဝင်လှူဒါန်းငွေများသည် ကျပ်သိန်းပေါင်း ၉၀၀၀ ကျော်ခန့် ရှိနေပြီဟု ဆရာဝန်ကြီးက ဆိုသည်။

"ကျွန်တော် တတ်နိုင်သလောက်တော့ ပင်းတယမြေအတွက် လုပ်ဆောင်ပေးခဲ့တယ်။ ရသလောက်လည်း ထပ်ပြီးလုပ်ပေးနေဦးမှာပဲ" ဟု ဆရာဝန်ကြီးက ပြောကြားသည်။

အလင်းရောင်သည် တောင်ပေါ်ဒေသ၏ အစွန်အဖျား တောင်ပေါ်ရွာကလေးအပေါ် ဖြာ၍ ကျဆင်းနေသည်။ ဤတောင်ပေါ်ဒေသလေးတွင် ဆရာဝန်ကြီး၏ အပြုံးတစ်ချက်သည် လူနာများအတွက် အားဆေးပင်ဖြစ်သည်။ ကလေးများသည် ဆရာဝန်ကြီး၏ကားနောက်မှ ပြေးလိုက်ကြသည်။ လူကြီးများက ဆေးပေါ့လိပ်ကိုခဲကာ ဆရာဝန်ကြီး၏ကားကို ခပ်ပြုံးပြုံးကြည့်ရင်း ပီတိဖြစ်ကြသည်။

**ဒေသခံများအတွက် မရှိမဖြစ်သူ**

"ကျွန်တော်တို့အတွက် ဆရာကြီးက မရှိမဖြစ်ပါ။ အားလုံးကလည်း သူ့ကိုချစ်တယ်။ သူကလည်း အားလုံးကိုချစ်တယ်။ ဒေသဖွံ့ဖြိုးတိုးတက်လာတယ်လို့ပြောရင် ဆရာကြီးကိုလည်း ချန်ထားလို့မရဘူး။ သူလည်းအစိတ်အပိုင်းပဲ"ဟု ပင်းတယမြို့၌ ဖွံ့ဖြိုးရေးပရဟိတလုပ်ငန်းများလုပ်ဆောင်နေသူ ကိုဇော်က ပြောပြသည်။ ပင်းတယမြို့မှ မီးအိမ်ရှင်သည် ကျန်းမာရေးစောင့်ရှောက်မှုအမျိုးမျိုးအပြင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များအတွက်ပါ အသင့်ရှိနေသည်မဟုတ်ပါလား။ ။





# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၈၈၀,၁၄၁ | | ၃၀,၁၈၆.၅၅၉ | | ၁၄,၄၈၀,၈၃၅ | ၅၆,၂၉၀ | | | | | | ၄၅,၆၀၃.၈၂၅ |
| | ပေါင်း | | ၈၈၀,၁၄၁ | | ၃၀,၁၈၆.၅၅၉ | | ၁၄,၄၈၀,၈၃၅ | ၅၆,၂၉၀ | | | | | | ၄၅,၆၀၃.၈၂၅ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၁၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ဖပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌကတာဝန်ပေးသူ | ၂၈,၅၂၉.၀၀၃ | | ၁၄,၄၈၀,၈၃၅ | ၃,၈၈၃.၉၀၀ | | | | | ၄၆,၈၉၃.၇၃၈ |
| | ပေါင်း | | ၂၈,၅၂၉.၀၀၃ | | ၁၄,၄၈၀,၈၃၅ | ၃,၈၈၃.၉၀၀ | | | | | ၄၆,၈၉၃.၇၃၈ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၇၀၂,၀၆၁.၄၅၄ | | | | ၂၇,၂၅၂.၄၅၀ | | ၁၅,၆၁၀,၂၆၀ | | | ၇၄၄,၉၂၄.၁၆၄ |
| | ပေါင်း | | | | ၇၀၂,၀၆၁.၄၅၄ | | | | ၂၇,၂၅၂.၄၅၀ | | ၁၅,၆၁၀,၂၆၀ | | | ၇၄၄,၉၂၄.၁၆၄ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၁၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ဖပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၄၆၆,၆၂၇.၃၇၂ | | | ၄၃,၀၅၆.၄၇၄ | | | | | ၅၀၉,၆၈၃.၈၄၆ |
| | ပေါင်း | | ၄၆၆,၆၂၇.၃၇၂ | | | ၄၃,၀၅၆.၄၇၄ | | | | | ၅၀၉,၆၈၃.၈၄၆ |





## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ လူနေရပ်ကွက်အမှတ် (၁၁)ရပ်ကွက်၊ ၅ လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁)ရပ်ကွက်၊ မြေကွက်အမှတ်(၁၉၃)တွင် တည်ရှိသော မြေအကျယ် အဝန်း(ပေ၄၀ × ပေ၆၀)(၂၄၀၀ စတုရန်းပေ)ရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့မြေစာရင်းတွင် ဦးမိုးမိုးထွန်း ၁၂/ဥကတ(နိုင်)၀၁၅၀၆၀ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဇနီး ဒေါ်အေးအေးထွန်း ၁၂/ရကတ(နိုင်)၀၄၆၆၈၂ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူဇာလင်း(LL.B, LL.M. D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၀၈၇)**
**တိုက်(၁)၊ အခန်း ၁၁၊ ပထမထပ်၊ ဝေပုလ္လအိမ်ရာ၊ ခေမာသီလမ်း၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၂၅၃၀၅၀၅၆**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8C/5479 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် DD/9313 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

1- ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လမ်းအထူးအဖွဲ့(၁၄)မှ 2018-2019(Main Budget)မူလငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းလုပ်ငန်းများတွင် လိုအပ်သော လမ်းခင်းပစ္စည်းများဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ခေါ်ယူမည်ဖြစ်ပါသည်။

2- တင်ဒါပေးသွင်းလိုသူများသည် အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

3- **တင်ဒါပိတ်မည့် ရက်/အချိန်** - ၂၆-၁၀-၂၀၁၈ရက်၊ ညနေ ၄း၀၀နာရီ
**တင်ဒါဖွင့်မည့် ရက်/အချိန်** - ၂၉-၁၀-၂၀၁၈ ရက်၊ နံနက် ၁၀နာရီ
**တင်ဒါဖွင့်မည့်နေရာ** - ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)၊ လမ်းအထူးအဖွဲ့(၁၄)၊ အောင်ဇေယျတံတားဝင်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၁-၃၆၄၅၀၄၆**

## မြို့ထဲမြေညီအခန်းအမြန်ရောင်းမည်

တိုက်သစ် (၁၂.၅×၄၀)ပေ မြေညီ၊ ထပ်ခိုး သုံးပုံနှစ်ပုံပါ အဆင့်မြင့်ပြင်ဆင်ထားသော ရုံးခန်းရောင်းမည်။ လမ်း(၄၀)၊ အပေါ်ဘလောက်၊ ကျောက်တံတား ကျပ်သိန်း ၁၇၅၀။ **ဖုန်း-၀၉-၇၉၁၁၁၇၉၇၉ (ကြော်ငြာမလိုပါ)**

## ပျောက်ဆုံးကြောင်း

ဦးတင်မြင့် ၅/တကန(နိုင်)၁၄၄၀၇၃ ၏သား ကျွန်တော် ဆွေဝင်းနိုင်၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဆွေဝင်းနိုင်**
**ဖုန်း-၀၉-၇၈၇၀၅၈၉၄၀**

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၉-၂၀၁၈ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၂၉)တွင် မိတ္ထီလာကောလိပ် မြတ်ဆရာပူဇော်ပွဲကြော်ငြာတွင် ကျောင်းပေါင်းစုံအစား မေဂျာပေါင်းစုံဟုလည်းကောင်း၊ တက်အားသရွေ့အစား တတ်အားသရွေ့ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၊ အလျား ၆၀'×အနံ ၄၀'၊ အကျယ်အဝန်းစတုရန်းပေ ၂၄၀၀ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၊ ဝေဇယန္တာလမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ပိုင်ရှင် ဦးမောင်အေး ၁၂/တမန(နိုင်)၀၅၁၂၀၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် တန်ဖိုးငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါကခိုင်လုံသော တရားဝင် စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသောင်းထွန်း (B.A,H.G.P,R.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၂၁၃)**
**အမှတ် ၁၇၄၊ ပထမထပ်၊ ၄၉ လမ်း၊ (၁၀)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၁၃၁၅၅၇၊ ၀၉-၂၅၃၀၅၀၀၈၂**

## ပညာရည်ချွန်ဆုချီးမြှင့်ရန် ဖိတ်ကြားခြင်း

၂၀၁၇-၂၀၁၈ စာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်မြင်ခဲ့သော 'တန်' အမျိုးအနွယ်ဝင် မိသားစုများ၏ သား/သမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

**လျှောက်လွှာစတင်ထုတ်ပေးမည့်ရက်** - ၁-၁၀-၂၀၁၈ရက်မှ ၁၅-၁၀-၂၀၁၈ရက်အထိ
နံနက် ၉နာရီမှ ၁၁နာရီအထိ
ညနေ ၃နာရီမှ ၅နာရီအထိ

**လျှောက်လွှာထုတ်ပေးမည့်နေရာ** - အမှတ်(၅၇/၅၉)၊ လသာလမ်း(အောက်)လမ်း၊ အိန်ချွမ်းတောင်၊ ဘုရားကျောင်း
ဖုန်း-၀၁-၃၇၁၄၁၂၊ ၀၉-၂၆၃၆၃၄၂၀၀

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ခ-၂) ဆိုင်ခန်းအမှတ်(၁၉)အား နေပြည်တော်၊ လယ်ဝေးမြို့၊ (၅)ရပ်ကွက်နေ ဒေါ်ခင်ယု အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ (၃)ရပ်ကွက်၊ အမှတ် ၁၅၆နေ ဒေါ်နွယ်နွယ်ဌေး ၉/လဝန(နိုင်) ၁၄၈၃၅၀သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ခ-၂) ဆိုင်ခန်းအမှတ်(၂၀)အား နေပြည်တော်၊ လယ်ဝေးမြို့၊ (၅)ရပ်ကွက်နေ ဒေါ်စိန် ၉/လဝန(နိုင်)၀၃၇၁၇၄အမည်ပေါက်ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ (၃)ရပ်ကွက်၊ အမှတ် ၁၅၆နေ ဒေါ်နွယ်နွယ်ဌေး ၉/လဝန(နိုင်)၁၄၈၃၅၀သို့ အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဈေးများဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ လယ်ဝေးသီရိရတနာမြို့မဈေး၊ ရုံအမှတ်(ဃ-၄) ဆိုင်ခန်း၊ အမှတ်(၃)အား နေပြည်တော်၊ လယ်ဝေးမြို့၊ (၄)ရပ်ကွက်၊ လမ်းသစ်လမ်း၊ အမှတ် ၄၅၃နေ ဒေါ်ခင်နွဲ့ရီ ၉/လဝန(နိုင်)၁၅၂၂၈၅ အမည်ပေါက် ပိုင်ဆိုင်ပြီး နေပြည်တော်၊ လယ်ဝေးမြို့၊ စည်တိုးအောင်ကျေးရွာနေ ဒေါ်အေးစန္ဒာ ၉/လဝန(နိုင်) ၁၅၂၂၈၅သို့ အခွန်ထမ်းဆောင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဈေးများဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ အထက (၃၃) နဝမတန်း(A)မှ မနှင်းနုဝေနှင့် ပဉ္စမတန်း(A)မှ မမေမီကိုတို့၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးသန်းမြင့်ဦး ၉/မနမ(နိုင်)၁၀၀၅၉၀ ဖြစ်ပါကြောင်း။ **ဦးသန်းမြင့်ဦး**

## ဖခင်အမည်မှန်

သံတွဲမြို့နယ်၊ ဆင်ခေါင်း အထက အဋ္ဌမတန်းမှ မဆုမြတ်မွန်၏ဖခင် ဦးညီလေး၏ အမည်မှန်မှာ ၁၁/သတန(နိုင်)၀၈၁၀၃၈အရ မောင်ရဲလင်း ဖြစ်ပါကြောင်း။ **မောင်ရဲလင်း**

## ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ချိုင်ဇောက်၊ အလက အဋ္ဌမတန်းမှ မရီရီအေးနှင့် တတိယတန်းမှ မောင်တင်ဇော်ဝင်းတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်သိန်း ၈/ပမန(နိုင်)၁၀၀၈၆၈ ဖြစ်ပါကြောင်း။ **ဦးအောင်ကြည်သိန်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ဆင်ဖြူကျွန်းမြို့၊ အထက၊ ဆဋ္ဌမတန်းမှ မောင်ဥက္ကာဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းသိန်း ၈/စလန(နိုင်)၀၁၂၀၀၇ ဖြစ်ပါသည်။ **ဦးဇော်မင်းသိန်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့၊ အောင်ဇေယျာ အထက (ခွဲ) နဝမတန်း(A)မှ မခိုင်သဇင်၊ သတ္တမတန်း(B) မရွှေရည်ထက်တို့၏ ဖခင် ဦးအောင်တိုး(ခ)ကိုနိုင် ၉/မထလ(နိုင်)၂၉၅၉၄၉မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ပေါက်မြို့နယ်၊ ကျောက်တိုင်ခင် အထက နဝမတန်းမှ မောင်ဘိုဟိန်း၏ ဖခင်အမည်မှန်မှ ဦးဖိုးထောင် ၈/ပမန(နိုင်)၁၀၇၀၄၉ ဖြစ်ပါကြောင်း။ **ဦးဖိုးထောင်**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ အထက(ရွာသစ်)၊ သတ္တမတန်းမှ မောင်ဇေယျာထက်၏ ဖခင်အမည်မှန်မှာ ဦးသန်းထွန်း ၉/မခန(နိုင်)၁၇၉၃၉၇ ဖြစ်ပါသည်။ **ဦးသန်းထွန်း**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ဆူးဝင်းကျေးရွာနေ အထက-ခွဲဆူးဝင်း တက္ကသိုလ်ဝင်တန်းမှ မရီမိုးဦး ကျောင်းဝင်အမှတ်(၁၃၂)၏ ဖခင်အမည်မှန်မှာ ဦးထွန်းနိုင် ၈/ပမန(နိုင်)၁၃၇၂၀၇ ဖြစ်ပါကြောင်း။ **ဦးထွန်းနိုင်**

## ဖခင်အမည်မှန်

ဆိပ်ဖြူမြို့နယ်၊ ဝွေးပင်ကျေးရွာ၊ အထက(ခွဲ) ဆဋ္ဌမတန်းမှ မခိုင်နှင်းရွှေ(ခ) မခိုင်နှင်းဆွေ၏ ဖခင်အမည်မှန်မှာ ဦးဇော်လင်း ၈/ဆဖန(နိုင်)၀၆၃၀၄၅ ဖြစ်ပါကြောင်း။ **ဦးဇော်လင်း**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/4028 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## သက်ဆိုင်သူများနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်နေ ဒေါ်ဇာခြည်မြင့် ၁၂/သကတ(နိုင်)၁၄၉၁၃၇ (Facebook Name-အချစ်ဆုံးလေး)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

အထက်အမည်ပါရှိသူ ဒေါ်ဇာခြည်မြင့်သည် လူမှုကွန်ရက်စာမျက်နှာ Facebook တွင် အချစ်ဆုံးလေး အမည်ဖြင့် လေလံမဲစုခြင်း၊ ဝယ်ခြင်း၊ ရောင်းခြင်းလုပ်ငန်းများလုပ်ကိုင်ခဲ့ရာ ၎င်းထံမှငွေကြေးမြောက်မြားစွာ လိမ်လည်ရယူသွားသူများကြောင့် အခက်အခဲများစွာဖြစ်နေသဖြင့် ငွေရရန်ရှိသူများထံမှ ရရန်ရှိသည့်ငွေများကို ဥပဒေနှင့်အညီတောင်းခံရန် စီစဉ်ဆောင်ရွက်နေပါသောကြောင့် အချိန်ကာလအားဖြင့် ကြာမြင့်မည်ဖြစ်သည့်အတွက် ဒေါ်ဇာခြည်မြင့်ထံမှ ရရန်ရှိသူများ အနေဖြင့် စောင့်ဆိုင်းခြင်းမပြုလုပ်လိုပါက တည်ဆဲဥပဒေများနှင့်အညီ တောင်းခံနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

သို့အတွက် ဒေါ်ဇာခြည်မြင့်မှ ၁-၁၀-၂၀၁၉ရက်မှစတင်၍ တစ်ဖက်မှ ၎င်းရရန်ရှိသည့်ငွေများ ပြန်လည်ရရှိပါက ၎င်းပေးဆပ်ရန်ရှိသူများကို ပြန်လည်ပေးဆပ်ဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ၎င်း၏ဝန်ခံကတိပြုပြောပြချက်အရ သက်ဆိုင်သူများသို့ အသိပေးအပ်ပါသည်။ ဒေါ်ဇာခြည်မြင့်မှ အထက်၌ဖော်ပြထားသည့်အတိုင်း ကတိပြုပြောကြားထားပြီးဖြစ်ပါလျက်နှင့် ၎င်းထံမှငွေရရန်ရှိသူ များမှ လူမှုရေးအရ စောင့်ဆိုင်းခြင်းမရှိဘဲ ဒေါ်ဇာခြည်မြင့်ထံသို့ လာရောက်ပြီး အတင်းအကျပ် ဖိအားပေးကာ ငွေယုံကြည်အပ်နှံခြင်းဖြစ်ကြောင်းဟန်ဆောင်စာချုပ်ချုပ်ဆိုခိုင်းခြင်း၊ နေအိမ်သို့ ခွင့်ပြုချက်မရှိဘဲ လာရောက်ခြင်း (သို့မဟုတ်)ဝင်ရောက်ခြင်း၊ ဒေါ်ဇာခြည်မြင့် ပိုင်ဆိုင်သည့် ပစ္စည်းများအား အတင်းအဓမ္မ သိမ်းယူခြင်း၊ ကြောက်လန့်စေရန်ခြိမ်း ခြောက်ခြင်း၊ မလျော်ဩဇာသုံးခြင်းတို့အပြင် ဒေါ်ဇာခြည်မြင့်နှင့် ပြုလုပ်ထားသည့် ကိစ္စရပ်များကို မည်သို့မျှ သက်ဆိုင်ခြင်းမရှိသည့် ၎င်း၏မိသားစုဝင်များအား ဂုဏ်သိက္ခာထိခိုက်စေရန် လူမှုကွန်ရက်စာမျက်နှာတွင်သော်လည်းကောင်း၊ ၎င်းနေထိုင်ရာရပ်ကွက်၊ မြို့နယ်တွင်သော်လည်းကောင်း ပုတ်ခတ်စော်ကားပြောဆိုရေးသားဖြန့်ဝေခြင်းများပြုလုပ်ပါက ထိုကဲ့သို့ ပြုလုပ်သူများကို တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါကြောင်း ထပ်မံအသိပေးအပ်ပါသည်။

သို့ဖြစ်ပါ၍ ယခုသတင်းစာပါသည့်ရက်မှ (၁၀)ရက်ပြည့်သည့်ရက်တွင် ဒေါ်ဇာခြည်မြင့်ထံမှ ငွေရရန်ရှိသူများက မိမိတို့၏ ခိုင်မာသည့်သက်သေခံစာမှတ်စာတမ်းအထောက်အထားစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ကျွန်ုပ်၏အမှုသည် ဒေါ်ဇာခြည်မြင့်ထံသို့ဖြစ်စေ ဆက်သွယ်ညှိနှိုင်းနိုင်ပါကြောင်းနှင့် ဒေါ်ဇာခြည်မြင့်အပေါ်တွင် ဥပဒေမဲ့လုပ်ဆောင်သူ မည်သူ့ကိုမဆို ဒေါ်ဇာခြည်မြင့်မှ ညှိနှိုင်းမည်မဟုတ်ဘဲ တည်ဆဲဥပဒေများအရ ဖြေရှင်းသွားမည်ဖြစ်ကြောင်းလည်း လွှဲအပ်ချက်အရ ထပ်လောင်းအသိပေးအပ်ပါသည်။(**မှတ်ချက်**။ ။ညှိနှိုင်းလိုသူများသာ ကိုယ်တိုင်ဆက်သွယ်ကြပါရန်နှင့် ဆက်သွယ်လာသူများသည် ညှိနှိုင်းလိုသည်ဟု မှတ်ယူမည်ဖြစ်သည့်အပြင် သတင်းစာကြော်ငြာကို လက်ခံကြောင်းလည်း မှတ်ယူပါမည်။)

**လွှဲအပ်ချက်အရ-**
**ဦးနေစည်သူဇော် (LL.B)၊ အထက်တန်းရှေ့နေ(စဉ်-၄၇၃၄၆)**
**ရန်ကုန်ရုံးခန်း၊ အမှတ် (၃၁၀/က)၊ အောင်ရတနာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ကျောက်ဆည်ရုံးခန်း၊ အမှတ်(ဆက-၆၃)၊အိမ်တော်လမ်းကြား၊ ဆူးကုန်းရပ်၊ ကျောက်ဆည်မြို့၊**
**မန္တလေးတိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၆၅၀၂၅၂၁၉**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(ခွဲ)(အလက-၄) တောရကျောင်း တတိယတန်းမှ မချယ်ရီဖြိုး၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်းအရ ဦးညီညီဇော် ၆/မမန(နိုင်)၁၆၇၆၄၄ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မြိတ်မြို့၊ အထက(၂) နဝမတန်း(အတွဲ-၇၊A)မှ မချယ်ရီဖြိုး၏ မိဘအမည်မှန်မှာ မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်းအရ ဦးမောင်မောင်သက်နှင့် ဒေါ်စီစီဦးတို့ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်သက်-ဒေါ်စီစီဦး**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(တောင်ရှည်) တက္ကသိုလ်ဝင်တန်းမှ မောင်အောင်ရဲဇင်၏ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးရုံးစိန် myk 071344 ဖြစ်ပါကြောင်း။ **ဦးရုံးစိန်**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6M/2292 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3E/2300 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**


## လူမှုရေး၊ စီးပွားရေးကြော်ငြာများကို မြန်မာ့အလင်းသတင်းစာ၌ထည့်သွင်းရန် အောက်ပါလိပ်စာများသို့ ဆက်သွယ်နိုင်ပါကြောင်း

| | |
|---|---|
| နေပြည်တော် | **ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇) နေပြည်တော်** သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ စီမံရေးရာဌာန၊ ဖုန်း-၀၆၇-၃၄၁၂၁၁၈ |
| နေပြည်တော် | **နေပြည်တော်သတင်းစာတိုက်(တပ်ကုန်း)** ဇေယျာသီရိမြို့နယ်၊ ခရေပင်လမ်းခွဲ၊ နေပြည်တော်။ ဖုန်း-၀၆၇-၃၆၁၄၈၊ ၀၆၇-၃၆၁၂၉ |
| ရန်ကုန် | **မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၄၅၈၃၄၊ ၀၁-၅၅၉၁၁၈ |
| ရန်ကုန် | **ကြေးမုံသတင်းစာတိုက်(ရန်ကုန်)** အမှတ်(၇၇)၊ ၅၂ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၉၉၄၂၇၊ ၀၁-၃၉၇၃၃၀ |
| ရန်ကုန် | **သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်** အမှတ်(၁၇၃/၁၇၅)၊ ပန်းဆိုးတန်းလမ်း၊ အလယ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၂၄၈၁၀၁၊ ၀၁-၂၄၈၁၀၂ |
| ရန်ကုန် | **မြန်မာ့အလင်းပုံနှိပ်တိုက်(ရန်ကုန်)** အမှတ်(၅၈)၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၅၅၈၃၂၉ |
| မန္တလေး | **ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)** လမ်း(၂၀×၂၁)ကြား၊ (၈၂×၈၃)လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ မန္တလေးမြို့။ ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀ |
| တောင်ကြီး | **ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)** ရုံးကြီးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီးမြို့။ ဖုန်း-၀၈၁-၂၁၂၁၁၆၄၊ ၀၉-၅၂၁၄၃၅၇ |
| မကွေး | **ကိုယ်ပွားသတင်းစာတိုက်(မကွေး)** နတ်မောက်လမ်း၊ တပ်မ(၈၈) တပ်နယ်ဈေးအနီး၊ မကွေးမြို့။ ဖုန်း-၀၆၃-၂၃၇၁၂။ |
| ကျိုင်းတုံ | **ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)** မြို့သစ်(၃-ခ)၊ အမှတ် (၁)လမ်းသွယ်၊ မြို့ပတ်လမ်း၊ ကျိုင်းတုံမြို့၊ ဖုန်း-၀၈၄-၂၂၄၉၂ |
| ကလေး | **ကိုယ်ပွားသတင်းစာတိုက်(ကလေး)** အောင်ဇေယျရပ်ကွက်၊ မြို့နယ်အားကစားကွင်းအနီး၊ ကလေးမြို့။ ဖုန်း-၀၇၃-၂၂၁၃၃ |
| မြစ်ကြီးနား | **ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)** အမှတ်(၄၁) ရွာရပ်ကွက်၊ အောင်ဆန်းလမ်း၊ မြစ်ကြီးနားမြို့။ ဖုန်း ၀၇၄-၂၅၂၂၄၆၂ |
| စစ်တွေ | **ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)** ရမ္မာဝတီလမ်း၊ တပ်ထိန်းဂိတ်အနီး၊ စက်ရုံရပ်ကွက်၊ စစ်တွေမြို့။ ဖုန်း ၀၄၃-၂၀၂၃၀၆၈ |
| လားရှိုး | **ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)** ဟူးမွန်ကျေးရွာထိပ်၊ ဟူးမွန်ဆည်ဘယ်ဘက်ခြမ်း၊(၁၂)ရပ်ကွက်၊ မန်ဆူဘုရားရှေ့၊ အဝေရာလမ်းမ၊ လားရှိုးမြို့။ ဖုန်း-၀၈၂-၂၄၀၆၇ |
| မြိတ် | **ကိုယ်ပွားသတင်းစာတိုက်(မြိတ်)** မေတ္တာလမ်း၊ ရှမ်းချောင်းရပ်၊ ကလွင်ကျေးရွာအုပ်စု၊ မြိတ်မြို့။ ဖုန်း-၀၅၉-၄၂၁၈၃ |
| မော်လမြိုင် | **ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)** ကြာအင်းကျေးရွာ၊ မော်လမြိုင်မြို့နယ်။ ဖုန်း-၀၅၇-၂၇၅၂၅၊ ၀၅၇-၂၇၅၂၆ |
| မုံရွာ | **ကိုယ်ပွားသတင်းစာတိုက် (မုံရွာ)** နန္ဒဝန်ရပ်ကွက်၊ ဆက်သွယ်ရေးတာဝါတိုင်အနီး၊ မုံရွာမြို့။ ဖုန်း-၀၇၁-၂၆၅၃၅၊ ၀၇၁-၂၆၅၃၃ |

ကြော်ငြာများအား တစ်လအတွင်း ကျပ်သိန်း(၅၀)နှင့်အထက် ထည့်သွင်းပါက 5% Discount ပေးသွားမည် ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
# ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
# အိတ်ဖွင့်တင်ဒါအပြိုင် ဈေးနှုန်းလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အသုံးပြုရန် လိုအပ်သောလုပ်ငန်းသုံးပစ္စည်းများကို သာမန်အသုံးစရိတ်၊ ငွေလုံးငွေရင်းအသုံးစရိတ် (မြန်မာကျပ်ငွေ)တို့ဖြင့် ဝယ်ယူရန်ရှိပါသဖြင့် အပြိုင်ဈေးနှုန်းလွှာများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ်စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | DE/CAP (18-19)(001) | M.S Plate (6, 8, 9, 10, 12)mm | 800 M/Tons |
| (ခ) | DE/CAP (18-19)(002) | M.S Angle (8x125x75)mm | 49 M/Tons |
| (ဂ) | DE/CAP (18-19)(003) | Welding Electrodes | 50 M/Tons |
| (ဃ) | DE/CAP (18-19)(004) | Materials for Pusher Tug (M.S Plate, Angles, H-Beam, Pipe & Electrode) | 1-Lot (8-items) |
| (င) | DE/CAP (18-19)(005) | Materials for Car Ferries(Z) (M.S Plate, Angles, I-Beam, Round Bar, Pipe & Electrode) | 1-Lot (12-items) |
| (စ) | DE/CAP (18-19)(006) | Materials for 1500 DWT Barges (M.S Plate, Angles, H-Beam, Pipe & Electrode) | 1-Lot (11-items) |
| (ဆ) | DE/CAP (18-19)(007) | Materials for Landing Craft (M.S Plate, Angles, Pipe & Electrode) | 1-Lot (5-items) |
| (ဇ) | DE/CAP (18-19)(008) | Spares for MWM.TBD.234 | 1-Lot (38 items) |
| (ဈ) | DE/CAP (18-19)(009) | Spares for Outboard Propulsion (SRP 100/103) | 1-Lot (6 items) |
| (ည) | DE/CAP (18-19)(010) | Diesel Engine (520 PS/2200RPM)& D.300 Gear Box | 2-Sets |
| (ဋ) | DE/CAP (18-19)(011) | Machineries & Equipment for Car Ferries (Z) | 3-Sets |
| (ဌ) | DE/CAP (18-19)(012) | Welding Transformer (400A) (ပြည်တွင်းဖြစ်) | 50-Sets |
| (ဍ) | MS/CAP (18-19)(013) | VHF Marine Transceiver | 10-Sets |
| (ဎ) | Adm/CAP (18-19)(014) | Digital Multi Functions Copier | 4-Sets |
| (ဏ) | Adm/CAP (18-19)(015) | Digital Multi Function Copier (iR2525W) | 1-Sets |
| (တ) | Adm/CAP (18-19)(016) | All in One Laser FAX Machine | 1-No |
| (ထ) | Adm/CAP (18-19)(017) | Calculator (16 digits) | 27-Nos |
| (ဒ) | DE/CAP (18-19)(018) | Anchor Windlass (DMA 22*9) Complete Set | 5-Sets |
| (ဓ) | DE/CAP (18-19)(019) | Welding Cable (Ø70mm$^2$) | 7 Coils |
| (န) | DE/CAP & CUR (18-19)(020) | အင်ကညင်သစ်ခွဲသား (၆" ×၄") | ၄၅ တန် |
| (ပ) | DE/CUR (18-19)(021) | ဘက်ထရီ (12V, 200 AH) with Acid | ၆၀ လုံး |
| (ဖ) | DE/CUR (18-19)(022) | သုံးထပ်သား (၈'×၄') | ၂၀၀ ချပ် |
| (ဗ) | DE/CUR (18-19)(023) | Cylinder Liner (234) ပြည်တွင်းဖြစ် | ၆၀ လုံး |
| (ဘ) | DE/CUR (18-19)(024) | Converter Unit (Panasonic) (AFPO-4121) | ၃ ခု |
| (မ) | DE/CAP & CUR (18-19)(025) | ရေယာဉ်သုတ်ဆေး(ဖြူ/နက်/နီညို) | ၅၅၂၀ ဂါလန် |
| (ယ) | DE/CAP (18-19)(026) | Hydraulic Steering System for Pusher Tug (2000 ~ 3000 Tons) | 1 Set |
| (ရ) | ထပ/သာမန်(18-19)(027) | အင်ဂျင်ဝိုင် SAE-40 | ၆၅ ပေပါ |

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၈-၁၀-၂၀၁၈ မှ ၃၀-၁၀-၂၀၁၈ထိ

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - (၁) ၇-၁၁-၂၀၁၈ (၁၀း၀၀နာရီ)
အမှတ်စဉ် (က)မှ (ဋ)အထိ
(၂) ၉-၁၁-၂၀၁၈ (၁၀း၀၀)နာရီ
အမှတ်စဉ် (ဌ)မှ (ရ)အထိ

၄။ **ဆက်သွယ်ရန်တယ်လီဖုန်း နံပါတ်များ** - ၀၁-၂၅၀၂၅၁၊ ၀၁-၃၈၄၂၅၂
ထောက်ပံ့ရေးဌာနခွဲ၊ စီမံရေးရာဌာန

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
# ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်
# (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး
# ဖိတ်ကြားလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၂၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ချီးမြှင့်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်-

**နေ့ရက်** - ၂၀၁၈ခုနှစ်၊ နိုဝင်ဘာ ၁၈ရက် (တနင်္ဂနွေနေ့)

**အချိန်** - ၁၃း၀၀နာရီ (၁၂း၃၀နာရီတွင် ကြိုတင်နေရာယူပေးပါရန်)

**နေရာ** - အမျိုးသားဇာတ်ရုံ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့

အသင်းချုပ်၏ ညီနောင်အသင်းများနှင့် အသင်းသားများအနေဖြင့် တက်ရောက်နိုင်ပါရန်နှင့် ဆွေးနွေးအကြံပြုလိုသည်များရှိပါက အကြံပြုချက်များကို ကုန်သည်စက်မှုအသင်းချုပ်၊ အသင်းသားရေးရာဌာနသို့ ၃၁-၁၀-၂၀၁၈ရက် နောက်ဆုံးထား၍ ပေးပို့နိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အစည်းအဝေးဖိတ်စာ၊ အလုပ်အမှုဆောင်အဖွဲ့၏ နှစ်ပတ်လည်အစီရင်ခံစာများကို အသင်းသားများထံ၊ ဆက်လက်ပေးပို့မည်ဖြစ်ပြီး၊ အသင်းချုပ်၏ Website (www. umfcci.com.mm) နှင့် Facebook(www.facebook.com/UMFCCI)တို့တွင်လည်း ဖော်ပြထားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၁-၂၃၁၄၃၄၄~၄၉**

**လိုင်းခွဲ** - ၁၃၁၊ ၄၀၉၊ ၄၁၂

**အီးမေးလ်** - **ma@umfcci.com.mm**

**အလုပ်အမှုဆောင်အဖွဲ့**
**ကုန်သည်စက်မှုအသင်းချုပ်**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် စိုင်းရဲန်တစ် ၁၃/ကတန(နိုင်)၁၂၃၇၂၁၏ (Pass Port No)(မှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၈၉၇၅၆**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် မအယ်နာ ၁၃/တခလ(နိုင်)၀၇၀၇၉၁၏ (Pass Port No)(မှတ်မိ)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**ဖုန်း-၀၉-၂၅၃၃၅၇၀၁၄**

# မြစ်ကြီးနားတက္ကသိုလ် ဒုတိယအကြိမ်အာစရိယပူဇော်ပွဲ
# ကျင်းပမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်ခြင်း

မြစ်ကြီးနားဥပစာကောလိပ်၊ မြစ်ကြီးနားကောလိပ်၊ ကချင်ပြည်နယ်ဒေသကောလိပ်၊ မြစ်ကြီးနားဒီဂရီကောလိပ်၊ မြစ်ကြီးနားတက္ကသိုလ် (၁၉၆၃-၂၀၁၆/၁၇)တွင် ပညာသင်ကြားခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများမှဦးစီး၍ ဒုတိယအကြိမ် အာစရိယပူဇော်ကန်တော့ပွဲကို ၂၀-၄-၂၀၁၉ ရက်တွင် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**ဒုတိယအကြိမ်အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**ဆက်သွယ်ရန်-**
၁။ ဒေါက်တာအောင်ဝင်း (ပါမောက္ခချုပ်၊ မြစ်ကြီးနားတက္ကသိုလ်) ဖုန်း-၀၉-၂၅၉၁၆၈၇၅၁
၂။ ဒေါ်တင်လှအုန်း(မော်ကွန်းထိန်း၊ မြစ်ကြီးနားတက္ကသိုလ်) ဖုန်း-၀၉-၄၄၀၀၀၄၇၈၄
၃။ ဦးခက်ထိန်နန် (ဥက္ကဋ္ဌ၊ အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ) ဖုန်း-၀၉-၈၆၁၂၃၅၆
၄။ ဒေါက်တာနော်စီးလျာလင်းဘတ် (အတွင်းရေးမှူး) ဖုန်း-၀၉-၂၅၆၅၁၁၀၉၈

**ကောလိပ်**
-ဦးလာရွယ် ဖုန်း-၀၉-၄၄၀၀၀၄၅၅၉
-ဦးသာဌေး ဖုန်း-၀၉-၂၅၆၃၅၁၃၄၄

**ဒေသကောလိပ်**
ဦးဝင်းဟန်သန်း ဖုန်း-၀၉-၂၄၀၂၄၄၈
ဒေါ်ထားထားနု ဖုန်း-၀၉-၄၃၁၆၂၉၈၇

**ဒီဂရီကောလိပ်**
ဦးမိုးနိုင် ဖုန်း-၀၉-၂၄၀၁၀၃၅
ဦးတင့်ဆွေ ဖုန်း-၀၉-၄၀၀၀၂၀၅၅၄
ဦးချစ်ကျော် ဖုန်း-၀၉-၇၆၆၇၃၃၆၇၆
ဒေါ်မျိုးမျိုး ဖုန်း-၀၉-၇၉၃၂၈၃၁၇၁

**တက္ကသိုလ်**
ဦးနိုင်ဝင်း ဖုန်း-၀၉-၉၆၅၂၂၃၁၃၃
ဒေါ်ဆိုင်းမိုင် ဖုန်း-၀၉-၄၄၀၀၀၄၀၁၃

**အဝေးသင်**
ဦးဝင်းလှ ဖုန်း-၀၉-၂၅၆၂၄၇၉၀၀
ဦးအောင်ထွန်းလင်းဖုန်း-၀၉-၂၄၀၀၆၂၉
ဦးနိုင်လင်း ဖုန်း-၀၉-၂၄၀၁၅၃၄
ဒေါ်သူဇာငယ် ဖုန်း-၀၉-၂၆၅၇၀၈၇၉၀
ဒေါ်မိုးသီတာသိန်း ဖုန်း-၀၉-၂၄၀၂၂၄၃
ဒေါ်ဆိုင်းတောင် ဖုန်း-၀၉-၇၉၃၉၅၉၂၉၀

**Facebook Page** **မြစ်ကြီးနားကောလိပ်၊ တက္ကသိုလ်အဝေးသင်အာစရိယပူဇော်ပွဲ-၁၉၆၃-၂၀၁၆/၁၇**

# ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ညောင်လေးပင်မြို့နယ်တရားရုံးတော်**
**၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ်-၁၂၂**

ဦးခင်ထွေး **နှင့်** ၁။ ဦးအောင်ထွန်းဦး
၂။ ဦးထွန်းနိုင်
၃။ ဦးတင်အောင်မိုး
၄။ ဦးနေဝင်း

**တရားလို** **တရားပြိုင်များ**

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့၊ မြို့မ (၂)ရပ်နေ (၁)တရားပြိုင် ဦးအောင်ထွန်းဦး (ဘ)ဦးနေဝင်းနှင့် (၂)တရားပြိုင် ဦးထွန်းနိုင် (ဘ)ဦးနေဝင်း (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

